The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 30
တနင်္လာနေ့တိုင်းထုတ်ဝေသည်
July 30, 2018

# [illegible]

စာမျက်နှာ - ၈







မောင်တောကုန်သွယ်ရေးစခန်းမှ
ယခင်လထက်
ချင်း(အစို) တင်ပို့မှု ပိုမို

စာမျက်နှာ - ၁၆

ငြိမ်းချမ်းရေးအဖွဲ့ ခြောက်ဖွဲ့နှင့်
ငြိမ်းချမ်းရေး သီးပွင့်လာတော့မည့်
စီးပွားရေးအလုပ်ရုံ ဆွေးနွေးပွဲ

စာမျက်နှာ - ၂၁

ကုမ္ပဏီဥပဒေသစ်အရ
မြန်မာနိုင်ငံရှိ ကုမ္ပဏီများ ပြန်လည်
မှတ်ပုံတင်ရမည်

စာမျက်နှာ - ၂၆



# AYE NYEIN THAR CO.,LTD.

" ပြည်ပမှ တိုက်ရိုက်တင်သွင်းသော အရည်အသွေးမြင့် စက်သုံးဆီအမျိုးမျိုးအား ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူအားပေးသူများစိတ်တိုင်းကျ လက်လီ / လက်ကား ဖြန့်ဖြူးရောင်းချပေးနေပါသည် "

## ဝယ်ယူအားပေးနိုင်သော စက်သုံးဆီ အမျိုးအစားများ

- အဆင့်မြင့် ဓါတ်ဆီ Octane - 92 RON
- အဆင့်မြင့် ဓါတ်ဆီ Octane - 95 RON
- ဒီဇယ်ဆီ (500 ppm)
- အဆင့်မြင့် ဒီဇယ်ဆီ (10 ppm)

92 RON | 95 RON | Diesel | Premium

ဆက်သွယ်ရန်ဖုန်းနံပါတ် - 095108291, 09770888999, 01511508

# SCHWINN

## BUILD YOUR HOME GYM

RUNSOCIAL
Bluetooth
Sync with Your Favorite Apps













SOLE DISTRIBUTOR SCHWINN LifeFitness WHAT WE LIVE FOR impulse

**SHOWROOM**

YANGON : A4-001, ShweGabar Housing, Mindhama Road, Mayangone Tsp.
MANDALAY : 32nd st, 77th x 78th st.
www.natraywellness.com 09 260 90 1862, 01 6565 11

NatRay WELLNESS

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ၂၀၁၈ ခုနှစ်၊ ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်ကာ စိန်ပန်းပင်အား စိုက်ပျိုးပေးသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များက စိန်ပန်းပင်များအား အသီးသီးစိုက်ပျိုးကြပြီး တက်ရောက်လာကြသော အရာထမ်း၊ အမှုထမ်းများက ကျွန်း၊ ပျဉ်းကတိုး၊ ငုဝါ၊ စိန်ပန်း၊ စွယ်တော် စသည့် အပင် ၁၀၀ တို့အား စိုက်ပျိုးကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ကြီးရုံး၏ စိန်တလုံးသရက်စိုက်ခင်းသို့ ရောက်ရှိလာရာ လက်ထောက်အတွင်းဝန် ဦးမင်းဇော်က နှစ်အလိုက် သရက်ပင်စိုက်ပျိုးထားရှိမှုနှင့် ဝင်ငွေရရှိမှုအခြေအနေများအား ရှင်းလင်းပြောကြားရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြား သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရုံးအမှတ် (၅၂)၊ စားသုံးသူရေးရာဦးစီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ရောက်ရှိကာ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက စိန်ပန်းပင်များအား အသီးသီးစိုက်ပျိုးကြပြီး တက်ရောက်လာကြသော အရာထမ်း၊ အမှုထမ်းများက ကျွန်း၊ ပျဉ်းကတိုး၊ ငုဝါ၊ မဟော်ဂနီ၊ စိန်ပန်း၊ စွယ်တော် စသည့် သစ်ပင်မျိုးစုံ ၁၁၅၀ အား စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည်ရုံးအမှတ်(၅၂)၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်သော စားသုံးသူရေးရာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးမှ အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သကဲ့သို့ အသင်းအဖွဲ့များ ခိုင်မာအားကောင်းအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မူဝါဒချမှတ်သူများ၏ လမ်းညွှန်ချက်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို သိရှိထားရန် လိုအပ်ကြောင်း၊ ပြည်တွင်းပြည်ပကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးသည် မိမိတို့ဝန်ကြီးဌာန၏ အဓိက ပင်မလုပ်ငန်းဖြစ်ကြောင်း၊ အခြားတစ်ဖက်တွင်လည်း အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြေယာကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ လက်ရှိကျင့်သုံးလျက်ရှိသည့် မူဝါဒ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းရန် ကျန်ရှိသော မြေယာများကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော အမြဲတမ်း အတွင်းဝန်နှင့် တာဝန်ရှိသူများက နိုင်ငံတော်မှ ကျင့်သုံးလျက်ရှိသည့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း အသေးစိတ်ဆွေးနွေးကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။**MOC (IR)**

# ဒုတိယဝန်ကြီး ဦးအောင်ထူး မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ဇူလိုင် ၂၁ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီး ရုံးခန်းမတွင် ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် MITS သည် နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးဆိုင်ရာ ISO 9001-2015 Quality Management System Certificate ကို မေ ၉ ရက်တွင် ထပ်မံရရှိပြီး ယခုအခါ ကုန်ပစ္စည်း စစ်ဆေးခြင်းဆိုင်ရာ ISO 17020 နှင့် ဓာတ်ခွဲစမ်းသပ်ခြင်းဆိုင်ရာ ISO 17025 များ ရရှိရေးအတွက် ဆက်လက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ MITS အနေဖြင့် ယခုထက်လုပ်ငန်းများ ပိုမိုတိုးတက်စေရေးအတွက် စနစ်တကျ ကြိုးစား အားထုတ်သွားကြရန်နှင့် နိုင်ငံတကာအဆင့်မီ စစ်ဆေးရေး အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေးနှင့် AFTA နှင့် AEC တို့ကို စတင်ကျင့်သုံးချိန်၌ ကုန်သွယ်ရေးလုပ်ငန်းစဉ်များ တိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် MITS သည် ဝန်ကြီးဌာန၏ ယုံကြည်အားကိုးထိုက်သော အဖွဲ့အစည်းတစ်ခုအဖြစ် ပါဝင်နိုင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းနှင့် မြန်မာ့ ပြည်ပပို့ကုန်များ နိုင်ငံတကာဈေးကွက်သို့ တိုးတက်တင်ပို့နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု တာဝန်ယူ ဆောင်ရွက်လျက်ရှိသော မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်စစ်ဆေးမှုလုပ်ငန်းသည် အခွန့်ရှည်စွာ ဆက်လက်တိုးတက် အောင်မြင်အောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်ဥက္ကဋ္ဌ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် ဒါရိုက်တာ ဦးဝင်းဆွေတို့က လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများက ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်း အများဆုံးအပ်နှံမှု ဆုရရှိသူများအား ဆုများ အသီးသီး ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ရုံး ပြန်လည် တည်ဆောက်ပြုပြင်နေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **MOC (IR)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပင်လယ်ရေကြောင်းမှ ဆန်ပိုမိုတင်ပို့ပြီး ကုန်သွယ်ရေးစခန်းများမှ အပို့လျော့ကျ

မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၁၃ သန်း တန်ဖိုးရှိဆန် ၂၀၈၉၆ တန် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် တန်ချိန် ၂၀၂၁၀ နဲ့ ကောက်ညှင်းဆန် ၁၆တန်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်ချိန် ၆၇၀ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုမှာ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၅၄၇ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က အပို့ရှိခဲ့တဲ့ ချင်းရွှေဟော်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ် တင်ပို့မှုမရှိတာတွေ့ရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန် ဒေါ်လာ သုညဒသမ ၁၃၂ သန်းတန်ဖိုးရှိ ဆန်ကွဲ ၄၀၁ တန်ကို မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၆၇ တန် လျော့နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က လွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှ ဆန်ကွဲ ၂၃ တန် ကျော်တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာတော့ တင်ပို့မှုမရှိကြောင်းသိရပါတယ်။

ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၄ ဒသမ ၁၈၉ သန်း တန်ဖိုးရှိ ပေါင်းဆန်၊ ဧည့်မထဆန်နဲ့ ငစိန်ဆန် ၁၀၅၉၈ တန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၆၀၀၀ နဲ့ အီးယူနိုင်ငံများသို့ ၃၉၇၁ တန် တင်ပို့ခဲ့ပါတယ်။ ထပ်မံတင်ပို့တဲ့ နိုင်ငံတွေကတော့ ရုရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံများဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၇၁၇၃ တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုမှာ တန်ဖိုး အမေရိကန် ဒေါ်လာ သုညဒသမ ၇၆၃ သန်းနဲ့တန်ချိန် ၂၅၅၀ ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ ဆန်ကွဲကို အီးယူနိုင်ငံများသို့သာ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် ဆန်ကွဲတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၈၇၅ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်နဲ့ ဆန်ကွဲတင်ပို့မှုမှာ ပင်လယ်ရေကြောင်းမှ ဆန်ပိုမိုတင်ပို့နိုင်ပြီး ကုန်သွယ်ရေးစခန်းများမှ လျော့ကျခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာတော့ နည်းလမ်းနှစ်မျိုးစလုံးမှ လျော့ကျခဲ့ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၆-၇-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၅ | ၃၈၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၀ | ▽ | ၃၈၅ | ၃၈၀ | ▽ | ၄၁၅ | ၄၂၀ | △ | ၃၉၈ | ၃၉၈ | |
| ဆန်ဖြူ ၁၀% | ၃၇၃ | ၃၈၈ | △ | ၃၈၀ | ၃၇၅ | ▽ | - | - | - | ၃၉၃ | ၃၉၃ | |
| ဆန်ဖြူ ၁၅% | ၃၆၉ | ၃၆၄ | ▽ | ၃၇၅ | ၃၇၀ | ▽ | - | - | - | ၃၈၈ | ၃၈၈ | |
| ဆန်ဖြူ ၂၅% | ၃၅၉ | ၃၅၄ | ▽ | ၃၆၅ | ၃၆၀ | ▽ | ၃၉၀ | ၃၉၀ | □ | ၃၅၉ | ၃၅၈ | |
| ပေါင်းဆန် | ၃၉၇ | ၃၉၆ | ▽ | - | - | - | ၃၈၈ | ၃၉၃ | △ | ၄၀၈ | ၄၀၈ | |

***Source: liverice***

# ပြည်တွင်းမြို့ကြီးများ၏ (၂၆-၇-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၂၅၀၀ | □ | ၉၂၀၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၆၆၂၀ | △ | ၂၆၅၀၀ | □ | ၁၀၄၈၀ | ▽ | ၄၄၀၀၀ | □ |
| ပဲခူး | ၆၆၀၀ | □ | ၂၇၀၀၀ | □ | ၉၀၀၀ | □ | ၃၉၀၀၀ | □ |
| ရွှေဘို | ၄၈၅၀ | ▽ | ၂၀၅၀၀ | ▽ | ၁၄၀၀၀ | □ | ၄၈၅၀၀ | △ |
| စစ်တွေ | ၅၆၅၀ | □ | ၂၄၀၀၀ | □ | ၈၅၀၀ | □ | ၃၈၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၁၀၀ | □ | ၂၂၈၀၀ | □ | - | - | ၃၉၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၇၀၀၀ | □ |
| မကွေး | ၈၀၀၀ | □ | ၂၈၅၀၀ | △ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၉၈၀၀ | □ | ၄၄၀၀၀ | □ |
| လှိုင်ကော် | ၇၆၈၀ | △ | ၃၆၀၀၀ | □ | - | - | ၅၈၀၀၀ | □ |
| မြိတ် | ၆၅၀၀ | □ | ၂၆၅၀၀ | □ | - | - | ၄၈၀၀၀ | △ |
| ဘားအံ | ၆၅၀၀ | △ | ၂၇၅၀၀ | △ | - | - | ၅၀၀၀၀ | △ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ဧရာဝတီတိုင်းအတွင်း ဆန်စပါးဈေးကွက်တွင် ဆန်၊ စပါးဈေးအတက်အကျများ



ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်၊ စပါးလက်ကျန်များ ယခင်ထက်လျော့နည်းလျက်ရှိချိန် အရောင်းအဝယ်ပုံမှန်ဖြစ်နေသော ပုသိမ်ခရိုင် ငပုတောမြို့နယ်၊ မအူပင်မြို့နယ်၊ ဖျာပုံခရိုင်၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် ယခင်ပေါ်ဆန်စပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၈၉၂၀၀၀- ကျပ် ၉၂၀၀၀၀၊ ကျပ် ၈၇၆၀၀၀-ကျပ် ၈၈၄၀၀၀ မှ ယခုရက်ပိုင်းအတွင်း ကျပ်၉၆၃၀၀၀ မှ ကျပ် ၁၀၁၂၀၀၀၊ ကျပ် ၁၀၁၅၀၀၀ မှ ကျပ် ၁၁၂၆၀၀၀ ဈေးနှုန်းမြင့်တက်မှုနှင့်အတူ ဆန်ဈေးမှာ ယခင်တစ်အိတ်လျှင် ကျပ် ၃၇၀၀၀ - ကျပ် ၄၀၀၀၀ မှ ယခု ကျပ် ၃၉၀၀၀ မှ ကျပ် ၄၄၀၀၀ ဝန်းကျင်မြင့်တက်သွားကြောင်း ဆန်စပါးဈေးကွက်သတင်းများအရ သိရသည်။

အရောင်းအဝယ်အနည်းငယ် အေးလျက်ရှိသော မအူပင်ခရိုင်၊ ဖျာပုံခရိုင်တို့တွင် နွေစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၈၈၀၀၀ - ကျပ် ၆၂၅၀၀၀ မှ ယခု ကျပ် ၅၇၉၀၀၀မှ ၅၉၈၀၀၀ ဝန်းကျင်ဈေးနှုန်းဖြင့် ဆန်တစ်အိတ်ကို ကျပ် ၂၄၅၀၀-၂၅၀၀၀ မှ ကျပ် ၂၃၅၀၀-၂၄၀၀၀သို့ ဈေးအနည်းငယ်ဈေးကျဆင်းလျက်ရှိကြောင်း၊ မိုးဧည့်မထဆန်စပါးဈေးနှုန်းမှာ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် ယခင် ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၆၃၄၀၀၀ မှ၆၅၃၀၀၀ ဝန်းကျင်ဈေးနှုန်းဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၂၇၀၀၀ - ၂၈၀၀၀ မှ ကျပ် ၂၆၅၀၀ - ၂၇၀၀၀ သို့ ဈေးအနည်းငယ်ကျဆင်းသွားကြောင်း ဆန်စပါးဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ဒေသပေါ်ဆန်းဆန်ဈေးငြိမ်သော်လည်း ဧည့်မထဆန်ဈေးကျ

ယခုတစ်ပတ် ပဲခူးဈေးကွက်တွင် ဒေသထွက်ဆန်များဖြစ်တဲ့ ပေါ်ဆန်းဆန်များဈေးငြိမ်လျက် ဧည့်မထဆန်များ အနည်းငယ်ဈေးကျကြောင်း ပဲခူးဈေးကွက်သတင်းအရ သိရှိရပါတယ်။ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၄၀၀၀၀ မှ ၄၃၀၀၀နဲ့ ဈေးငြိမ်နေပြီး အရောင်းအဝယ်များသော ဧည့်မထဆန်များဖြစ်တဲ့ မနောသုခ၊ ဆင်းသုခ၊ ဇီယာဆန်များမှာတစ်အိတ်လျှင် ယခင် ကျပ် ၂၅၅၀၀ ကျပ်ဖြစ်ပြီး ယခုကျပ် ၂၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်နေတဲ့အတွက် ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ခန့် ဈေးကျကြောင်း သိရှိရပါတယ်။ ဧည့်မထဆန်များ တရုတ်မှ ဝယ်လက်မရှိ၍ ဒေသတွင်းအရောင်းအဝယ်နည်းသွားတဲ့အတွက် ဈေးကျတာဖြစ်တယ်လို့ သိရှိရပါတယ်။

**ဝါဝါလွင်(ပဲခူး)**

# အရောင်းအဝယ်အေးတဲ့အတွက် ဆန်ကြမ်းဈေးကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောဈေးငြိမ်ပြီး ဆန်ကြမ်း ဈေးအနည်းငယ်ကျကြောင်း ဝါးတန်း ဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း ဆန်ထိပ်စ တစ်အိတ် ကျပ် ၄၃၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၄၂၀၀၀၊ ပုသိမ်မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၄၆၀၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၄၄၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၄၁၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် တစ် အိတ်ကျပ် ၅၄၀၀၀ မှကျပ် ၅၆၀၀၀၊ ပေါ်ဆန်း(ရှယ်) တစ်အိတ်ကျပ် ၄၁၅၀၀မှကျပ် ၄၃၀၀၀၊ ကျားပျံ ပေါ်ဆန်း (ရှယ်) တစ်အိတ်ကျပ် ၄၄၀၀၀ မှ ကျပ် ၄၆၀၀၀ ရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း အတက်အကျမရှိငြိမ်နေကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကုန်စည်ဒိုင်ကို ဆန်ကြမ်းအဝင်ပုံမှန်ရှိပေမယ့် အရောင်းအဝယ်အေးတဲ့အတွက် ဈေးအနည်းငယ်ကျသွားကြောင်း ကုန်စည်ဒိုင်မှသိရပါတယ်။ဧည့်မထ ၂၅မှတ် တစ်အိတ်ကျပ် ၂၀၅၀၀ မှ ကျပ် ၂၀၇၀၀၊ မိုးသုခ တစ်အိတ်ကျပ် ၂၄၅၀၀ မှ ကျပ် ၂၆၀၀၀၊ ဆန်ကြမ်း (ရှယ်) တစ်အိတ်ကျပ် ၂၂၀၀၀မှကျပ် ၂၃၀၀၀၊ ရက် ၉၀ ဆန်တစ်အိတ်ကျပ် ၂၂၅၀၀ မှကျပ် ၂၃၀၀၀၊ သီးထပ်(ရှယ်)တစ်အိတ်ကျပ် ၂၂၀၀၀ မှကျပ် ၂၂၃၀၀ ရှိပြီး တစ်အိတ်ကိုကျပ် ၅၀၀ ခန့်ဈေးကျကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကုန်စည်ဒိုင်ကို ဆန်အဝင်ပုံမှန်ရှိပေမယ့် အရောင်းအဝယ်အေးတာကြောင့် ဆန်ချောငြိမ်ပြီး ဆန်ကြမ်းဈေးကျတာဖြစ်တယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

## ၂၃-၇-၂၀၁၈ မှ ၂၇-၇-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 785 | 43,887,282.653 |
| 2 | Form D | 80 | 2,849,198.650 |
| 3 | Form E | 60 | 2,217,253.750 |
| 4 | Korea GSP | 3 | 107,664.880 |
| 5 | Form AK | 91 | 5,980,159.510 |
| 6 | Form AJ | 8 | 271,736.200 |
| 7 | Form AI | 119 | 5,154,295.747 |
| 8 | Form AANZ | 3 | 26,715.940 |
| 9 | Form DFTP | 2 | 317,567,600 |
| 10 | Form CHINA | 1 | 41,786.280 |
| Grand Total | | 1152 | 60,853,661.210 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၆-၇-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၀/၇ | ၂၆/၇ | ပြောင်းလဲမှု | ၂၀/၇ | ၂၆/၇ | ပြောင်းလဲမှု | ၂၀/၇ | ၂၆/၇ | ပြောင်းလဲမှု | ၂၀/၇ | ၂၆/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၁၂ | ၆၈၅ | ▼ | ၆၉၂ | ၆၆၇ | ▼ | ၆၅၀ | ၆၅၇ | ▲ | ၇၁၀ | ၆၇၅ | ▼ |
| ပဲစင်းငုံ | ၈၀၅ | ၇၇၇ | ▼ | ၆၈၃ | ၆၇၅ | ▼ | ၆၅၀ | ၆၂၅ | ▼ | ၆၆၅ | ၆၉၀ | ▲ |
| ပဲတီစိမ်း | ၁၅၆၅ | ၁၅၅၀ | ▼ | ၁၈၁၃ | ၁၆၈၉ | ▼ | ၁၄၂၀ | ၁၇၃၀ | ▲ | ၁၆၃၀ | ၁၅၂၅ | ▼ |
| ကုလားပဲရိုးရိုး | ၁၃၅၀ | ၁၄၀၀ | ▲ | ၁၁၇၀ | ၁၁၈၈ | ▲ | ၁၁၈၄ | ၁၂၀၀ | ▲ | ၁၀၆၀ | ၁၂၁၅ | ▲ |
| ပဲလွန်းဖြူ | ၁၀၅၀ | ၁၀၈၈ | ▲ | ၁၂၅၀ | ၁၂၅၀ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၀၀၀ | ၁၂၁၀ | ▲ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၂၆၀ | ■ | ၂၅၇၈ | ၂၆၆၇ | ▲ | ၁၉၄၇ | ၂၁၀၅ | ▲ | ၂၀၂၅ | ၂၀၂၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၄.၇.၁၈)ထိ | ယခုတစ်ပတ် (၂၁.၇.၁၈)ထိ | (၁.၁.၁၈) မှ (၂၁.၇.၁၈) ထိ |
| မတ်ပဲ | ၁၈၅၈၁၂ | ၂၁၀၆၃ | ၂၀၆၈၇၅ |
| ပဲတီစိမ်း | ၇၃၇၈၀ | ၁၂၉၁ | ၇၅၀၇၁ |
| ပဲစင်းငုံ | ၇၆၀၂၇ | ၁၂၁၅၅ | ၈၈၁၈၂ |
| ကုလားပဲ | ၂၅၀၀၇ | ၁၄၄၀ | ၂၆၄၄၇ |
| ပဲလွန်းဖြူ | ၁၉၃၃၆ | ၂၃၈ | ၁၉၅၇၄ |
| မြေထောက်ပဲ | ၈၃၇၁ | ၂၂၂ | ၈၅၉၃ |

## ပြည်မတ်ပဲဈေးအေးသလို အရောင်းအဝယ်လည်းအေး

ယခုတစ်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲသီးနှံဈေး အေးမြဲအေးနေတာကြောင့် အရောင်းအဝယ်ဖြစ်မှုကလည်း သွက်လှတယ်မဟုတ်ဘဲ တစ်ရက်အိတ် ၂၀၀ မှ ၃၀၀ ခန့်သာ ရောင်းဝယ်မှုဖြစ်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်ပုံမှန်အဝယ်ရှိသော်လည်း ပဲဈေးနှုန်းကြောင့် ရောင်းချကြသူနည်းကာ ငွေလို၍ ရောင်းချသူအချို့ရှိကြတယ်လို့ သိရပါတယ်။

ပဲဈေးမှာ တစ်တင်းကျပ် ၁၄၀၀၀ ဖြင့် ယခုလအတွင်း ဈေး တက်ရိပ်မပြဘဲ အကျဘက် သို့သာဦးတည်နေခဲ့ပါတယ်။ ဇွန်လအတွင်းတစ်တင်းကျပ် ၁၆၀၀၀ ကျော်ထိ ရရှိလာပေမယ့် ယခုလမှာတော့ ပဲစင်းငုံဈေးနှင့်မတိမ်းမယိမ်းဖြင့်သာ ဈေးလည်းအေး အရောင်းအဝယ်လည်းအေးနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပွင့်ဖြူနဲ့စလင်းမြို့နယ်ထွက် စားတော်ပဲ ဝယ်လိုအားနည်း၍ ဈေးတန့်နေ

မကွေးတိုင်း ဒေသကြီး ရေနံချောင်း၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်စိုက် စားတော်ပဲများ နယ်ကုန်သည် အဝယ်အေး၍ ဈေးတန့်နေကြောင်း ဒေသခံ ရောင်းဝယ်သူများထံက သိရသည်။

ပွင့်ဖြူမြို့နယ် ရှောက်တော၊ သရက်တော၊ ချွန်းစုပေါက်စု၊ ကျောင်းစု၊ ဇီးကျွန်း၊ နန်းတော်ကျွန်း၊ ငခြောက်ကျွန်း၊ လေးအိမ်၊ ထူး စသည့်ကျေးရွာများတွင် စားတော်ပဲကို ကိုင်းမြေများ၌ အဓိကထား၍ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

"ဒီနှစ် စားတော်ပဲအထွက်မှာ တောင်သူတစ်ဦးကို တင်း ၅၀ လောက်ပဲရတယ်။ ယခင်နှစ်ကဆိုရင် စားတော်ပဲတင်း ၁၀၀ကျော် အထိရတယ်။ အထွက်နည်းတယ်"ဟုပွင့်ဖြူမြို့နယ်က တောင်သူဦးထွန်းလှက ပြောသည်။

ဇွန်လမှာ စားတော်ပဲ တစ်တင်းကျပ် ၃၅၀၀၀ဖြစ်ခဲ့တယ်။ ဒီတစ်ပတ် ကျပ် ၃၅၀၀၀ ဈေးရောင်းရပြီး ဈေးတန့်နေကြောင်း ဘာကြောင့်ဖြစ်ရလဲဆိုရင် နယ်အဝယ်နည်းတာ။ လက်ရှိဈေးကွက်မှာ လက်လီသမားတွေပဲ ဝယ်နေကြောင်း ရေနံချောင်းမှ ပွဲစားတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ် ရေနံချောင်းမြို့နယ် စိုက်စားတော်ပဲများသည် အခြားဒေသထွက်စားတော်ပဲများထက် အလုံးကြီးခြင်းကြောင့် လက်လီသမားပဲပြုတ်ရောင်းသူများက ကြိုက်ကြောင်း သိရသည်။

**ဆန်းညွန့် (ရေနံချောင်း)**


## မုံရွာကုန်စည်ဒိုင်မှာဖြစ်ပေါ်နေသော ပဲမျိုးစုံဈေးကွက်နှင့်ဈေးနှုန်း

ဇူလိုင်နောက်ဆုံးပတ်အတွင်းဖြစ်ပေါ်ခဲ့သော မုံရွာကုန်စည်ဒိုင်ရှိပဲမျိုးစုံဈေးကွက်မှာ ပဲအားလုံးဈေးနှုန်းများအကျဈေးနဲ့ ဈေးငြိမ်လျက်ရှိကြောင်းသိရပါတယ်။ ပဲစင်းငုံ၊ မတ်ပဲသီးနှံဈေးများမှာအကျဈေးနဲ့အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံတစ်တင်းပေါက်ဈေးနှုန်းမှာ (အဟောင်း) ကျပ် ၁၄၅၀၀၊ (အသစ်)ကျပ် ၁၂၅၀၀ ဖြင့် အိတ် ၅၀၀ မှ ၁၀၀၀ ကြား၊ မတ်ပဲသီးနှံအနေဖြင့် ယခုတစ်ပတ်မှာ ဈေးကျဆင်းလျက်ရှိပြီး တစ်တင်း ကျပ် ၁၃၀၀၀ မှ၁၃၅၀၀ ဖြင့် အရောင်းအဝယ်အေးလျက်ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းပေါက်ဈေးမှာ တစ်တင်းလျှင် ကျပ် ၂၇၀၀၀ မှ ၃၃၀၀၀ ရှိပြီး ပြည်ပဝယ်လက်ရှိ၍ နေ့စဉ် အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ကုလားပဲဈေးကွက်မှာလည်း အကျဈေးဖြင့် ဈေးငြိမ်လျက်ရှိကာ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဒေသတွင်းသုံးကြာဆန်စက်နဲ့ ပဲခွဲစက်တွေကလည်း ပုံမှန်ဝယ်ယူနေတဲ့အတွက် နေ့စဉ်အိတ် ၁၅၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ်ကုလားပဲဖြူလုံးကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၂၂၈၀၀၊ ထိုင်ဝမ်တစ်တင်း ကျပ် ၂၀၀၀၀၊ 929 ကျပ် ၁၃၅၀၀၊V7ကျပ် ၂၆၅၀၀ နှုန်းပေါက်ပြီး ယခင်လကာတူပေါက်ဈေးနှုန်းထက်ပျမ်းမျှအားဖြင့် တစ်တင်းကိုကျပ် ၁၅၀၀ ခန့်ဈေးတက်လျက်ရှိတာ တွေ့ရပါတယ်။ ယခုတစ်ပတ်ပဲကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၂၈၃၀၀ မှ ၃၂၅၀၀ နှုန်းပေါက်လျက်ရှိပြီး ပဲနီလုံးရိုးရိုးတစ်တင်းလျှင် ကျပ် ၂၁၀၀၀ ဖြင့် အိတ် ၂၀၀ခန့်၊ ပဲနီလုံးကြားတစ်တင်းလျှင် ကျပ်၂၄၀၀၀ ဖြင့် အိတ်၁၅၀ ခန့်၊မြေထောက်ပဲတစ်တင်းလျှင် ကျပ်၃၈၀၀၀၊ ဂျုံဖြူသန့် တစ်တင်းလျှင် ကျပ် ၁၈၀၀၀၊ ဂျုံအထွက်တိုး တစ်တင်းလျှင် ကျပ် ၁၅၈၀၀ ဖြင့် အိတ် ၂၀၀ ခန့်၊ CP ပြောင်းတစ်တင်းလျှင် ကျပ် ၉၄၀၀ ဖြင့် အိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ)**



## ယခင်နှစ်ကပဲစင်းငုံဈေးကျသော်လည်း ယခုနှစ် မိုးရာသီတွင် ပဲစင်းငုံကို တောင်သူများပုံမှန်စိုက်ပျိုး

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ယခုနှစ်မိုးရာသီ၌ ပဲစင်းငုံစိုက်ပျိုးမှုယခင်နှစ်က ဈေးကျခဲ့သော်လည်း ယခုနှစ်မိုးရာသီတွင် တောင်သူများပုံမှန်စိုက်ပျိုးနေကြောင်းသိရသည်။

ပဲစင်းငုံကိုယာမြေများတွင် မိုးသီးနှံအဖြစ်စိုက်ပျိုးပြီးစီးနေပြီး သီးညှပ်အဖြစ် စရိတ်စကနည်းပါးသည့်အပြင် ဒေသတွင်း၌စားသုံးကြ၍လည်းကောင်း၊ ပြည်ပဈေးကွက်ကိုမျှော်ပြီး စိုက်ပျိုးကြောင်း ရေနံချောင်းမြို့နယ်မှ ဒေသခံတောင်သူများထံက သိရသည်။

ကျွန်တော်တို့ရွာတွေမှာက ယခင် ၂၀၁၆ ခုနှစ်အထိ ပဲစင်းငုံပဲစိုက်တာ။ မိုးသီးနှံနှမ်းမြေပဲအထွက်မကောင်းတဲ့နှစ်တွေတွေ့ဘူးတယ်။ ဘာကြောင့်လဲပြောရရင် တစ်ခါတစ်ခါ မိုးရွာသွန်းမှုများတာ တစ်ခါတစ်ခါမိုးမရွာတာ မိုးခေါင်တာ။ အကြီး အကျယ်ရှုံးတယ်။ ဒါပေမယ့်ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်တဲ့ ပဲစင်းငုံကအထွက်ကောင်းတယ်။ စားဝတ်နေရေးပညာရေးကို ပဲစင်းငုံကပဲဝင်ငွေရတာ။ အဲဒီမှာယခုနှစ် ဇန်နဝါရီလအသစ်ပေါ်ချိန်ကစပြီး ပဲစင်းငုံကိုအိန္ဒိယကမဝယ်ဘူး။ ဒါကြောင့်ဈေးကလည်း ကျပ် ၁၀၀၀၀ ကနေကျပ် ၁၃၀၀၀ဈေးဝန်းကျင်ဖြင့်သာရောင်းရကြောင်း ရေနံချောင်းမြို့နယ်ဖိုးကိုးကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

မြေပဲနှမ်းစိုက်ခင်းမှာ ပဲစင်းငုံကိုကြားညှပ်ပြီး သီးထပ်အဖြစ်စိုက်တာ။ သီးခြားရယ်လို့ကုန်ကျစရိတ်မှာပဲစင်းငုံရိတ်သိမ်းသည့် အလုပ်သမားခပဲကုန်ကျတယ်။ မြေပဲသုံးဧကကို ကျပ်လေးသိန်းကုန်တယ်။ ပဲစင်းငုံသုံးဧကကို ကျပ်နှစ်သိန်းပဲကုန်ကျတာ။ စရိတ်သက်သာတော့တောင်သူများအတွက် အဆင်ပြေပြီး ပဲပေါ်ချိန်မှာအနိမ့်ဆုံးကျပ် ၂၀၀၀၀ ရောင်းရရင် တွက်ခြေကိုက်ကြောင်း ရေနံချောင်းမြို့နယ်က တောင်သူများထံက သိရသည်။ လက်ရှိပဲစင်းငုံဈေးကွက်တွင်ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၁၄၀၀၀ ဝန်းကျင်သာရှိပြီးလက်ကျန်ပဲအနည်းငယ်ရှိနေကြောင်းသိရသည်။ **ဆန်းညွန့်(ရေနံချောင်း)**

## ပြည်ပဲနီပြားသီးနှံ လက်လီရောင်းဝယ်မှုများဖြင့် ဈေးကောင်းရ

ပြည်ပဲဈေးကွက်အတွင်း ယခုနှစ်ဈေးကောင်းရနေတဲ့သီးနှံများထဲမှာ ပဲနီပြားသီးနှံသည်လည်း ပါဝင်နေခဲ့ပြီး ပဲတစ်တင်း ကျပ် ၃၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ပဲဈေးကွက်မှာ ပဲကြီး၊ စားတော်ပဲများနှင့် ဈေးပြိုင်ဈေးကောင်းရလျက်ရှိခဲ့ပါတယ်။ ပဲနီပြားသီးနှံမှာ ယခင်နှစ်က ဇူလိုင်လအတွင်း ပဲတစ်တင်းကျပ် ၂၅၀၀၀ ခန့်သာရရှိခဲ့လို့ ထောပတ်ပဲ၊ စားတော်ပဲ၊ ပဲကြီးသီးနှံများထက် ဈေးနိမ့်နေခဲ့ ပြီး ယခုနှစ်မှာ ပဲသစ်ပေါ်စအချိန်ကပင် ဈေးကောင်းလျက်ရှိကာ ယခုချိန်ထိလည်း ဈေးကောင်းရမြဲရလျက်ရှိပြီး လက်လီသမားများဖြင့် တစ်ရက်အိတ် ၄၀ မှ ၅၀ ကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲပုပ်သီးနှံဈေးငြိမ်နေပေမယ့် လက်လီပုံမှန်ရောင်းဝယ်မှုဖြစ်

ပြည်ပဲဈေးကွက်အတွင်း ပဲပုပ်သီးနှံမှာ လက်လီရောင်းဝယ်မှုသာဖြစ်ပြီး နေ့စဉ်အိတ်အနည်းငယ်ရောင်းချမှုရှိခဲ့တာတွေ့ရပါတယ်။ ပဲအထွက်လှိုင်ချိန်တွင် လက်လီ/ လက်ကားအရောင်းအဝယ်သွက်ပြီး ပဲအဝင်ပါးသွားချိန်မှစ၍ လက်ကျန်ပဲများဖြင့်သာလက်လီရောင်းဝယ်မှုရှိနေခဲ့လို့ ပဲဈေးနှုန်းမှာလည်း ဈေးအပြောင်းအလဲမဖြစ်ဘဲ ဈေးငြိမ်နေခဲ့ကြပါတယ်။ ပဲတစ်တင်းလျှင် ကျပ် ၂၅၅၀၀ မှ ကျပ် ၂၆၀၀၀ ကြားရရှိခဲ့ကာ ဘိုကိတ်၊ ပဲလွန်းဖြူသီးနှံဈေးများထက် ဈေးပိုခဲ့ပေမယ့် ကျန်လက်လီပဲများထက်တော့ ဈေးလျော့နည်းနေခဲ့ပါတယ်။ ယခင်နှစ်က ဇူလိုင်လအတွင်းမှာ ပဲပုပ်သီးနှံ တစ်တင်းကျပ် ၂၆၅၀၀ နှင့် ၂၇၀၀၀ အတွင်း ရရှိခဲ့တာကြောင့် ယခုနှစ်မှာ ယခင်နှစ်ကရတဲ့ဈေးထက်ဈေးပိုရခြင်းမရှိဘဲ ဈေးအပြောင်းအလဲသိပ်မဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

# မူဆယ်မှ ပရဆေးကုန်ကြမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၈၉ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်းအမယ် ၁၅ မျိုးကို တန်ချိန်အားဖြင့် ၁၃၄၆ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၁၂၉ တန်နဲ့နှိုင်းယှဉ်ပါက ၂၁၇ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ ကြက်ဆူစေ့၊ သီဟိုဠ်စေ့၊ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ ဆီးဆန်၊ ဆီးသီးခြောက်၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ တောချင်း၊ နနွင်းတက်၊ မာလာဥ၊ ဒရင်ကောက်မြစ်နဲ့ ချဉ်ပေါင်ဖာလာတို့ဖြစ်ပါတယ်။

အဆိုပါသီတင်းပတ်အတွင်း မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနဲ့ရိဒ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၆၅ သန်းတန်ဖိုးရှိတောင်လုံးကျော်လေးတန်နီးပါး ကိုမြန်မာနိုင်ငံသို့တင်သွင်းလာခဲ့ပါတယ်။ တောင်လုံးကျော် တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ကျပ်သိန်း ၂၃၀ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝါးလုံးပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆၀၀ တန်ဖိုးရှိဝါးလုံးအကြီး ၃၂ တန်ခွဲတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၂၀ နဲ့နှိုင်းယှဉ်ပါက ၁၂ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။ ဝါးလုံးအကြီးတစ်တန်ရဲ့ လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၈၀ ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

# အညာဒေသထွက် ကြောင်ပန်းစေ့ပရဆေးကုန်ကြမ်းအဖြစ် အဝယ်လိုက်သော်လည်း ဒန့်သလွန်စေ့အဝယ်ပျောက်နေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့် ချောက်မြို့နယ်များရှိကျေးရွာများက ထွက်ရှိသောကြောင် ပန်းစေ့များ အရောင်းအဝယ်သွက်နေသော်လည်း ဒန့်သလွန်စေ့မှာ ဈေးကွက်ပျောက် ဝယ်လက်ပျောက်နေကြောင်းရောင်းဝယ်သည့် ကုန်သည်ပွဲစားများထံက သိရသည်။

"ကြောင်ပန်းပင်မှာ ယာမြေများတွင် အလေ့ကျအပင်အဖြစ် ပေါက်ရောက်ကြပြီး တစ်ပိုင်တစ်နိုင်အဖြစ် အစေ့ကို စိုက်ပျိုးကြတယ်။ ကြောင်ပန်းပင်ကိုင်းကိုလည်း စိုက်ပျိုးကြတယ်။ အထူးဂရုစိုက်စရာမလိုပါဘူး။ ရေမလောင်းရပါဘူး။ မြက်မထိုးရပါဘူး။ခြံစောင့်တွေမလိုတဲ့အတွက် ကုန်ကျစရိတ်နည်းပါတယ်။ ဒါကြောင့် စိုက်သူတွေတွက်ခြေကိုက်တာပါ" ဟု ရေနံချောင်းမြို့နယ်က ဒေသခံတစ်ဦးက ပြောသည်။

ကြောင်ပန်းစေ့အား တိုင်းရင်းဆေးကုန်ကြမ်းအဖြစ် တရုတ်သို့တင်ပို့ရန်ဝယ်ယူကြကြောင်းသိရသည်။ လက်ရှိ ကြောင်ပန်းစေ့ တစ်ပိဿာလျှင် ကျပ်၁၅၀၀ ကနေကျပ် ၂၀၀၀ ဝန်းကျင်ရှိကာ လွန်ခဲ့သော ဇွန်လတွင် ကျပ် ၁၅၀၀ဈေးရှိကြောင်းသိရသည်။

အညာဒေသတွင် ကြောင်ပန်းအရွက်ကို နေအိမ်များတွင် ကြမ်းပိုးမကိုက်ရန်နှင့် ကြက်ခြံများတွင် ပိုးမွှားမရှိစေရန် အရွက်ကို အသုံးပြုကြောင်း သိရသည်။ အညာထွက်ကုန်ဖြစ်သည့် ဒန့်သလွန်စေ့သည် ယခင်ဇွန်လက အစေ့တစ်ပိဿာ ကျပ် ၁၀၀၀၀၀ ဈေးပေါက်ပြီး အဝယ်မှာ ရသလောက် ဝယ်ယူကြောင်း၊ ယခုတစ်ပတ်တွင် ဒန့်သလွန်စေ့ တစ်ပိဿာကျပ် ၅၀၀၀ ဈေးပေါက်သော်လည်း ဝယ်ယူသူမရှိဘဲ ဝယ်လက်ပျောက်နေကြောင်းသိရသည်။

ရေနံချောင်းမြို့နယ်တွင် ဒန့်သလွန်ပင်ကိုသီးပင်စားပင်အဖြစ် စိုက်ကြကာ အသီးအစိမ်းအတောင့် ၁၀၀ကို ကျပ် ၃၀၀၀ ဖြင့်ရောင်းရကာ အစေ့ကို တိုင်းရင်းဆေးကုန်ကြမ်းအဖြစ် ရောင်းရကြောင်းသိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# ရေဦးမြို့မစည်ပင်သာယာဈေးနှင့်မြို့ပေါ်ရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ မုန့်မျိုးစုံဆိုင်များ၊ ကုန်မျိုးစုံဆိုင်များအား ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာဖြိုးဝင်းထွန်း ဦးဆောင်သောအဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတို့ ပူးပေါင်းလျက် ဇူလိုင် ၂၃ ရက်က အဖွဲ့နှစ်ဖွဲ့ခွဲကာ ရေဦးမြို့မစည်ပင်သာယာဈေးရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်ခုနစ်ဆိုင်၊ မြို့ပေါ်ရပ်ကွက်များရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်ခြောက်ဆိုင်ပေါင်း ၁၃ ဆိုင်အားလည်းကောင်း၊ မြို့မစည်ပင်သာယာဈေးအတွင်းရှိ မုန့်မျိုးစုံဆိုင် ၁၁ ဆိုင်၊ ကုန်မျိုးစုံဆိုင်ခုနစ်ဆိုင် ဆိုင်ပေါင်း ၁၈ ဆိုင်အားလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဖွဲ့(၁) ကွင်းဆင်းစစ်ဆေးသည့် ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင် ၁၃ ဆိုင်အနက် "ဝေဇယန္တာဆေးဆိုင်"မှ CLARITHROMYEIN 250 MG သက်တမ်းလွန်ဆေးကတ် ၁၂ ကတ်၊ " အာယုဆေးဆိုင်" မှသက်တမ်းလွန်ဆေး CHLORAMPHENICOL INJECTION (၄၀) amp နှင့် RANITIDINE INJECTION (30) amp တို့ကို သိမ်းဆည်းခဲ့ပါတယ်။ အဖွဲ့(၂) ကွင်းဆင်းစစ်ဆေးသည့် မုန့်မျိုးစုံဆိုင်နှင့်ကုန်မျိုးစုံဆိုင် ၁၈ ဆိုင်အနက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ စားသုံးရန်မသင့်ကြောင်း သတင်းစာများတွင်ကြေညာထားသည့် စားသောက်ကုန်များကို "ဟန်နီ" မုန့်မျိုးစုံဆိုင်မှ BULL အချိုရည် ၁၁ ဘူး၊ "လမင်း" မုန့်မျိုးစုံဆိုင်မှ MIKKO ချယ်ရီသီးဗူးသေးသုံးဗူး၊ "ဒေါ်မာမာအေး" မုန့်မျိုးစုံဆိုင်မှ MIKKO ချယ်ရီသီးဗူးကြီး တစ်ဗူး၊ ဗူးသေးနှစ်ဗူးတို့ကိုသိမ်းဆည်းခဲ့ပြီး စံချိန်သစ်ပဲကြီးလှော်၊ ကြက်ဆင်တံဆိပ် ဂျုံခေါက်ဆွဲနှင့်ငါးမန်းတံဆိပ် ဂျုံခေါက်ဆွဲတို့ကို တိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးရန် နမူနာဝယ်ယူသွားကြောင်း၊ သိမ်းဆည်းခဲ့သည့် တန်ဖိုးကျပ် ၂၇၅၀၀ရှိသည့် ဆေးနှင့်ဆေးပစ္စည်းများနှင့်တန်ဖိုးငွေကျပ် ၁၅၇၀၀ ရှိသည့် မုန့်မျိုးစုံတို့ကို ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားရှိပြီး မြို့နယ်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း၊ စစ်ဆေးခဲ့သည့် ဈေးဆိုင်ပိုင်ရှင်များအား ပြည်သူများ၏ ကျန်းမာရေးကိုစောင့်ရှောက်သောအားဖြင့် ရက်လွန်ဆေးများ၊ တားမြစ်ဆေးများ၊ မှတ်ပုံတင်မပါရှိသော ဆေးများနှင့်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့်စားသောက်ကုန် များ ရောင်းချခြင်းမပြုရန် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**အောင်ညွန့်(ရေဦး)**

# မြန်မာ့ဆိပ်ကမ်းတွင် ၂၅.၇.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

## (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| စက်မှုဆိပ်ကမ်း(၁) | - XETHA BHUM | ကုန်သေတ္တာ ၅၇၀ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၁) | - UNI WEALTH | Steel Product ၁၃၁၆၂ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၃) | - BANG SAOTONG | သကြား ၈၀၀၀တန်ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၇) | - NMC GALAXY | ဆန် ၆၀၀၀ ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း(၂) | - VICTORIA-82 | Coal(In Bulk) ၅၀၅၅တင်ရန် |
| သီလဝါဆိပ်ကမ်း(၃) | - K RUBY | Steel ၃၀၉၅၁တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၄) | - AGONISTIS | Steel Product ၃၂၅၂၆ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၅) | - TOXOTIS | Steel ၂၅၂၈၂ တန်ကုန်ချရန် |

## (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| STC COLUMBUS | သကြား (၇၆၀၀)တန်ကုန်ချရန် | - | ၂၅.၇.၂၀၁၈ |
| PACIFIC TAMARITA | Steel ၂၅၆၉၂ကုန်ချရန် | CHINA | ၂၆.၇.၂၀၁၈ |
| MUTSU | IRON PIPE ၄၃၆၂ကုန်ချရန် | JAPAN | ၂၆.၇.၂၀၁၈ |
| PACIFIC PRIDE | STEEL ၂၉၉၀၀ တန်ကုန်ချရန် | CHINA | ၂၆.၇.၂၀၁၈ |
| BANG KPAKAEW | သကြား ၇၀၀၀တန်ကုန်ချရန် | THAI | ၂၉.၇.၂၀၁၈ |
| THINGAZAR | သကြား ၂၇၃၀တန်ကုန်ချရန် | THAI | ၂၉.၇.၂၀၁၈ |
| SHANG HAI-M | Fertilizer ၁၁၀၀၀တန်ကုန်ချရန် | CHINA | ၃၀.၇.၂၀၁၈ |
| LE MANS EXPRESS | Unit Vehicle (RO/RO) ၁၁၂ ကုန်ချရန် | JAPAN | ၃၁.၇.၂၀၁၈ |
| LOTUS LEADER | Unit Vehicle (RO/RO) ၇၉ ကုန်ချရန် | JAPAN | ၄.၈.၂၀၁၈ |

## (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၇.၂၀၁၈ |
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၇.၂၀၁၈ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆.၇.၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆.၇.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၇.၂၀၁၈ |
| UNI AMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၇.၂၀၁၈ |
| TAI-001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၇.၂၀၁၈ |
| BLPL TRUST | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၇.၂၀၁၈ |
| EF ELENA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၇.၂၀၁၈ |
| CAPE FLORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၇.၂၀၁၈ |
| SINAR BATAM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၈.၇.၂၀၁၈ |
| CAPE MONTEREY | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၈.၇.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၇.၂၀၁၈ |
| YANTRA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၉.၇.၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁.၈.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၈.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၃.၈.၂၀၁၈ |

## (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.ORAC PACIFIC | MOGAS (92 Ron) | SINGAPORE | ၂၆.၇.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၂၆.၇.၂၀၁၈ |
| MT.BULUGA PACIFIC | MOGAS (92 Ron) | SINGAPORE | ၂၇.၇.၂၀၁၈ |
| MT.AU VIRGO | P'Oil(In Bulk) | INDONESIA | ၂၈.၇.၂၀၁၈ |
| MT. OCEAN WINTER | MOGAS (92 Ron) | SINGAPORE | ၂၀.၇.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၂.၈.၂၀၁၈ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၃.၈.၂၀၁၈ |

# မူဆယ်မှရေထွက်ကုန်တန်ဖိုးပိုမိုပြီး တန်ချိန်လျော့နည်း

ဇူလိုင် ၁၄ ရက်မှ ၂၀ ရက် အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၉၉၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၁၀၄၃ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၄၆ တန်လျော့နည်းခဲ့သော်လည်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၆၃ သန်းပိုမိုခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ကဏန်း၊ ငါးရှဉ့်၊ ခရုတင်ပို့မှုပိုမိုခဲ့တာကြောင့် ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံဈေးအနေနဲ့ ယခင်တစ်ပတ်က ကဏန်းတစ်တန်လျှင် ယွမ် ၆၈၇၅၀ မှ ၆၀၄၁၇ ယွမ်သို့ဈေးအနည်းငယ်ကျဆင်း ခဲ့ပြီး ငါးရှဉ့်ဈေးကတော့ ယခင် တစ်ပတ်ကအတိုင်း ယွမ် ၂၄၀၀၀ ဖြင့် ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ကြက်သွန်

# ပြည်ကြက်သွန်နီ ဝါတွင်းကာလနီးသဖြင့် ရောင်းဝယ်မှုအသင့်အတင့်ရှိလာ

ပြည်ဈေးကွက်၌ ယခုတစ်ပတ်တွင် ကြက်သွန်နီ အရောင်းအဝယ်အသင့်အတင့် ရှိလာတာတွေ့ရပါတယ်။ ဝါဆိုသင်္ကန်းကပ်အလှူအတန်းများကြောင့် ကြက်သွန်နီများ အဝယ်လိုက်လာပြီး ယခင်အရောင်းအဝယ်ဆက်တိုက်အေးခဲ့ရာမှ ယခုတစ်ပတ်တွင် ပုံမှန်ဈေးကွက်ရောင်းချမှုအပြင် အရောင်းအဝယ် အနည်းငယ်သွက်လာတယ်လို့သိရပါတယ်။

ဝင်ရောက်မှုအားဖြင့် ပုံမှန်ဝင်ရောက်မှုမရှိဘဲ ပြည်ပွဲရုံ လုပ်ငန်းရှင်များ၏အရောင်းအဝယ်ဖြစ်မှုနဲ့ မှာယူမှုအပေါ် ဝင်ရောက်မှုရှိနေတာတွေ့ရပါတယ်။ ပြည်ဈေးကွက်သို့ ကျောက်ပန်းတောင်း၊ တောင်တွင်း၊ ဆိပ်ဖြူ အောင်လံစတဲ့ နယ်များမှ တစ်နေ့လျှင် ပိဿာ ၃၀ ဝင်အိတ် ၂၀၀ ခန့်ဝင်ရောက်မှုရှိသလို တစ်နေ့လျှင် အိတ် ၅၀၀ ခန့်ဝင်ရောက်မှုရှိတဲ့ နေ့များလည်းရှိကြောင်းသိရပါတယ်။ ဈေးနှုန်းအနေနဲ့ ပြည်ပွဲရုံများတွင် လက်ကားတစ်ပိဿာကို အရည်အသွေးပေါ် မူတည်၍ကျပ် ၅၅၀ -၆၀၀-၆၅၀-၇၀၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာကို (ကြီး)ကျပ် ၇၅၀-၈၀၀၊ (လတ်)ကျပ် ၈၀၀-၉၀၀၊(သေး)ကျပ် ၆၅၀-၇၀၀ စသည်ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

ဈေးကွက်အတွင်း အရည်အသွေးကောင်းပြီး အနေတော်အလုံးအရွယ်အစားအလတ်စကြက်သွန်နီများဈေးကောင်းရနေပြီး အလုံးအကြီးအရွယ်အစားများမှာ နေ့စဉ်အစားအသောက်ချက်ပြုတ်ရောင်းချသူများ၊ အလှူအတန်းပြုသူများမှ ဈေးနှုန်းချိုသဖြင့်ဝယ်ယူမှုရှိသည့်အတွက် ရောင်းဝယ်မှုအနည်းငယ်ပိုကောင်းနေကြောင်းသိရပါတယ်။ **ဝင်းလှဲ့ဝါ(ပြည်)**

# အိမ်နီးချင်းနိုင်ငံများသို့ ကြက်သွန်နီ ပိုမိုတင်ပို့

ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၇၉၆၆၀ တန်ဖိုးရှိ ကြက်သွန်နီ ၉၄၈ တန်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄၃၄၈၀တန်ဖိုးရှိ ကြက်သွန်နီ ၁၃၇ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၄၂၅၀ တန်ဖိုးရှိကြက်သွန်နီတန် ၁၅၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ ၅၄၈ တန်၊ မြဝတီမှ ၆၁ တန်၊ တာချီလိတ်မှတန် ၁၀၀ သာတင်ပို့ခဲ့လို့ ယခုတစ်ပတ် အိမ်နီးချင်းနိုင်ငံများသို့ ကြက်သွန်နီပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။

မိုးကြက်သွန်ကို ဇူလိုင်၊ ဩဂုတ်လများတွင် စိုက်ပျိုးပြီး နိုဝင်ဘာ၊ ဒီဇင်ဘာတွင်ရောင်းချကာ ကုန်းမြင့်ဒေသမှာ စိုက်ပျိုးသူများက ဇူလိုင်လတွင် စိုက်ပျိုး၍ နိုဝင်ဘာတွင် ရောင်းချကြောင်း၊ ဆောင်းကြက်သွန်ကို နိုဝင်ဘာ၊ ဒီဇင်ဘာတွင် စိုက်ပျိုးပြီး မတ်၊ ဧပြီမှာရောင်းချကြောင်းသိရပါတယ်။ **မော်မော်အောင်**

# ကြက်သွန်နီဈေးနှုန်းနှင့်ဈေးကွက်

မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီဈေးကွက်မှာ အရောင်းအဝယ် အနည်းငယ်ဈေးတက်လာကြောင်းသိရပါတယ်။ ကြက်သွန်နီများ ပွဲရုံသို့ နေ့စဉ်ဝင်ရောက်မှုမှာ ပိဿာ ၃၀၀၀၀ ခန့်အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာ လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၅၅၀၊ (လတ်) ကျပ် ၅၀၀၊ (သေး) ၄၅၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ(ကြီး)ကျပ် ၁၀၀၀၊ (လတ်)ကျပ် ၉၀၀၊(သေး) ကျပ် ၈၀၀ နှုန်းနဲ့ရောင်းဝယ်လျက်ရှိကာ ယခင်နှစ်ကာလတူ အချိန်လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး)ကျပ် ၁၄၀၀၊ (လတ်) ကျပ်၁၃၀၀၊ (သေး) ၁၂၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၆၀၀၊ (လတ်) ကျပ် ၁၅၀၀၊ (သေး) ကျပ် ၁၄၀၀ နှုန်းပေါက်လို့ ယခုနှစ် ကာလတူပေါက်ဈေးနှုန်းမှာယခင်နှစ်ကာလတူပေါက်ဈေးနှုန်းအောက်လျော့နည်းပြီး ထက်ဝက်ခန့်ဈေးလျော့နေတာတွေ့ရပါတယ်။ ကြက်သွန်နီအရောင်းအဝယ်ဖြစ်မှုမှာ ရန်ကုန်၊ မန္တလေးနှင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိ ဒေသများသို့ တင်ပို့ရောင်းဝယ်လျက်ရှိကြောင်းသိရပါတယ်။ ယခုနှစ်မှာ ကြက်သွန်နီဈေးနှုန်းနိမ့်ပြီး အရောင်းအဝယ်ဖြစ်မှုမှာလည်း အေးလျက်ရှိကြောင်းသိရပါတယ်။

မုံရွာကြက်သွန်ဖြူဈေးကွက်မှာနေ့စဉ်ပွဲရုံသို့ကြက်သွန်ဖြူများ ပိဿာ ၂၀၀၀ ခန့်အဝင်ရှိပြီး ယခုတစ်ပတ် ကြက်



သွန်ဖြူ တစ်ပိဿာပွဲရုံပေါက်ဈေးနှုန်းမှာ(ဗမာ) ကျပ် ၁၃၀၀၊ (ရှမ်း) ကျပ် ၁၂၀၀၊ (ကြူကုတ်) ကျပ် ၁၁၀၀ နှုန်းဖြစ်ပြီးလက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၂၀၀၀၊ (ရှမ်း) ကျပ် ၁၈၀၀၊ (ကြူကုတ်)ကျပ် ၁၈၀၀နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

## မန်ကျည်း

# မန်ကျည်းတန်ချိန် ၃၀၀နီးပါးတင်ပို့

ဇူလိုင်လ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၂၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံသို့ တန်ချိန် ၁၀၀၊ ဗီယက်နမ်နိုင်ငံသို့ ၂၅ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၅၀ တင်ပို့ခဲ့ပါတယ်။ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံသို့ မန်ကျည်း(သစ်)တင်ပို့ခဲ့ရာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၆၅ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မန်ကျည်းစေ့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၅၃၁၂၅ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

## ချင်း

# အဝင်နည်းနေတဲ့ ရှမ်း/ချင်း

ဒီတစ်ပတ်တော့ ဟိုပုံးချင်းဈေးကွက်မှာ ချင်း(ဥမ)သစ်တွေ ဝင်နေပါပြီ။ အဝင်ကတော့နည်းနေပါ သေးတယ်။ တစ်ပတ်ကို ပိဿာချိန်ရာချီခန့်သာအဝင်ရှိနေပါတယ်။ ချင်း(ဥမ)ကတော့ အဝယ်လိုက်နေပါတယ်။ ဘင်္ဂလားဒေ့ရှ်ကို တင်ပို့ဖို့အတွက် စစ်တွေဝယ်လက်တွေက ဝယ်သလို ပင်လယ်ရေကြောင်းမှတစ်ဆင့်သွားဖို့အတွက် ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုရှိနေလို့ တစ်ပတ်အတွင်းမှာ ချင်း(ဥမ) ပိဿာချိန်ပေါင်းလေးသိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ချင်းတက်တွေထက် (ဥမ)ကပိုပြီး အရောင်းသွက်နေတယ်လို့သိရပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ လတ်တလောမှာချင်းခြောက်က ဈေးကွက်ပျောက် နေတယ်လို့ဆိုပါတယ်။ ချင်းခြောက်က တစ်ပိဿာ ကျပ် ၁၁၅၀နဲ့ဈေးပိတ်သွားပြီး အဝယ်ကလည်းရပ်နေပါတယ်။ ချင်း(ဥမ)က တစ်ပိဿာ ကျပ် ၄၇၀ရှိပါတယ်။

အောင်ပန်းဈေးကွက်မှာလည်းချင်း(ဥမ)ပဲ အရောင်းအဝယ်ဖြစ်နေပြီး အိမ်နီးချင်းနိုင်ငံတွေ တင်ပို့ဖို့အတွက် မုံရွာ၊ စစ်တွေကဝယ်နေသလို ပြည်တွင်းသုံးအတွက် ရန်ကုန်၊ မန္တလေးကဝယ်ယူနေလို့တစ်ပတ်အတွင်းမှာ ပိဿာချိန် ၄ ဒသမ ၄ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပိဿာကို ကျပ် ၄၅၀ မှ ၄၇၀ ရှိပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

# ချင်းတန်ချိန် ၂၀၀၀ ကျော်တင်ပို့

ဇူလိုင်လ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်းချင်း ၂၀၈၇ ဒသမ ၇၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဆော်ဒီနိုင်ငံသို့ ၂၅ ဒသမ ၂၀ တန်၊ စင်ကာပူနိုင်ငံသို့ ၄၃၂ တန်နဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ၁၆၃၀ ဒသမ ၅၀ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၁၈၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၄၀ ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ချင်းတစ်တန် အမေရိကန်ဒေါ်လာ ၂၀၀-၂၀၅ ဝန်းကျင်ရရှိခဲ့တယ်လို့သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၂၆၃၅၄ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# မောင်တောမှ ချင်းပိုမိုတင်ပို့

ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောနဲ့စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၅၅၁၀ တန်ဖိုးရှိ ချင်းစို ၁၁၁ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မောင်တောမှ ၁၀၇ တန်၊ စစ်တွေမှလေးတန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မောင်တောမှချင်းစို တန် ၇၀ သာတင်ပို့ခဲ့တဲ့အတွက် ၃၇ တန်ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။စစ်တွေမှာ ချင်းစိုတစ်တန်ရဲ့ မိမိဖက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ် ၁၀၆၂၉၃၀ ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၁၀၃၅၁၂၀ ဈေးရှိခဲ့ပါတယ်။ **မော်မော်အောင်**

## နနွင်း

# ရှမ်း/နနွင်းအဝယ်လိုက်လာ

ရှမ်းနနွင်းလည်းအရောင်းအဝယ်ဖြစ်လာပါတယ်။ ပြီးခဲ့တဲ့လအထိ ပြည်တွင်းသုံးအတွက်သာ အဝယ်ရှိနေခဲ့ပြီး အရောင်းအဝယ်က အီလည်လည်ဖြစ်နေခဲ့ပေမယ့် ဒီလမှာတော့ ပြည်ပတင်ပို့ဖို့အတွက် အဝယ်ရှိလာပါတယ်။ ဘင်္ဂလားဒေ့ရှ်ကို တင်ပို့ဖို့အတွက် ဝယ်လာတာကြောင့် ချင်းနဲ့အတူ ဝယ်လိုအားရှိလာပါတယ်။ ဟိုပုံးဈေးကွက်က နနွင်းကိုတော့ ပင်လယ်ရေကြောင်းမှတစ်ဆင့်ပို့ဖို့အတွက်ကြောင့် ရန်ကုန်ဝယ်လက်တွေကသာ အဝယ်များပါတယ်။

မူဆယ်ဝယ်လက်တွေကတော့ အဝယ်ရပ်နေပါတယ်။ တရုတ်မှာရှိတဲ့ နနွင်းအဆီထုတ်စက်ရုံတွေပိတ်သွားတာကြောင့် အဝယ်လည်းမရှိတော့ဘူးလို့ ဈေးကွက်ကသိရှိရပါတယ်။ ဟိုပုံးနနွင်းက ဒီတစ်ပတ်မှာပြန်ပြီး အရောင်းအဝယ်ဖြစ်တာကြောင့် လက်ကျန်တွေ အတော်ရှိနေပါသေးတယ်။ ဒီတစ်ပတ်ပေါက်ဈေးကတော့ အကြမ်းစက ကျပ် ၉၅၀ ရှိပါတယ်။ အကြမ်းစ တွေသာ အရောင်းအဝယ်ဖြစ်နေလို့ အချောစတွေက ဈေးမဖွင့်တော့ဘူးလို့လည်းသိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ နနွင်းက ပုံမှန်သာအရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်တွင်းသုံးအတွက်သာအရောင်းအဝယ်ဖြစ်နေပြီး တစ်ပတ်အတွင်းမှာ ပိဿာချိန် ခြောက်သောင်းခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ တစ်ပိဿာပေါက်ဈေးကတော့ အနိမ့်ဆုံး ကျပ် ၁၀၀၀ မှ အမြင့်ဆုံးကျပ် ၂၂၀၀သာ ရှိပါတယ်။ **ဇေခိုင်၊ တောင်ကြီး**

**“လက်ဖက်”ဟု အသံကြားသည်နှင့် မြန်မာနိုင်ငံသားတိုင်း၏မျက်နှာတွင် အပြုံးတစ်စ တွေ့လိမ့်မည်ထင်ပါသည်။ လက်ဖက်မကြိုက်ပါဆိုသူမှာ အတော်ပင်ရှားလိမ့်မည်မှာလည်း အသေအချာပင် ဖြစ်ပါသည်။ ချစ်စဖွယ်တိုင်းရင်းသားပေါင်းစုံဖြင့် စုစည်းထားသည့် မြန်မာနိုင်ငံတွင် လက်ဖက်ကို ဒေသအမျိုးမျိုးအလိုက် ပြင်ဆင်စားသောက်ကြသောကြောင့် ငယ်စဉ်ကတည်းကပင် လက်ဖက်နှင့်မစိမ်းသဲ မြန်မာနိုင်ငံသားများ၏ အနှစ်သက်ဆုံးရိုးရာ အစားအစာများထဲမှတစ်ခုအဖြစ် ခိုင်မာစွာတည်ရှိနေပါသည်။**



# အရည်အသွေးမီ စံချိန်စံညွှန်းညီ လက်ဖက်များကို ရိုးသားစွာတင်ပို့ဖို့ ကြိုးစားကြပါစို့

**ခင်လေးယု**

ရှေးယခင်ကပင် ဧည့်သည်လာတိုင်း လက်ဖက်အုပ်နှင့် လက်ဖက်ရွက်ခတ်ထားသည့် ရေနွေးကြမ်းကို တည်ခင်းဧည့်ခံခြင်းသည် မြန်မာ့ရိုးရာပင် ဖြစ်ခဲ့ပါသည်။ ပွဲလမ်းသဘင် အခမ်းအနားများတွင်လည်း လက်ဖက်ကိုမပါမဖြစ်ဧည့်ခံလေ့ရှိကြပါသည်။ ထိုလက်ဖက်သည် မြန်မာတို့၏ နှစ်သက်ဖွယ်ရာ ရိုးရာစားစရာအဖြစ် နိုင်ငံခြားဧည့်သည်များမှ မြည်းစမ်းလေ့ရှိသော မြန်မာ့ရိုးရာစားစရာဖြစ်နေပြီး လက်ဆင့်ကမ်းဝေမျှမှုကို ခံနေရသောကြောင့် လက်ဖက်အကြောင်း တစေ့တစောင်းမျှ တင်ပြလိုပါသည်။

လက်ဖက်၏စတင်ရာမူလဇစ်မြစ်မှာ သမိုင်းကြောင်း ရှည်ကြာလွန်းပြီး ယဉ်ကျေးမှုအဆင့်ဆင့်တို့ကို ဖြတ်ကျော်ခဲ့ရသဖြင့် သမိုင်းကြောင်း အမျိုးမျိုးအား ပြောဆိုနေကြသည်ဖြစ်ရာ မည်သည်မှာ အမှန်ဖြစ်ကြောင်းကိုပင် ဆန်းစစ်ရန် ခက်ခဲလှပါသည်။ အများစုကတော့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ စတင်သည်ဆိုကြပြီး အေဒီ ၃ ရာစုလောက်ကပင် ဆေးဝါးအဖြစ် စတင်သောက်သုံးခဲ့သည်ဟုဆိုကြပါသည်။ ၁၆ ရာစုခန့်မှ စတင်ကုန်သွယ်မှုရှိခဲ့ပြီး ၁၇ ရာစုခန့်တွင် အင်္ဂလိပ်လူမျိုးများမှ အိန္ဒိယနိုင်ငံအတွင်း စမ်းသပ်စိုက်ပျိုးခဲ့သည်ဟုလည်း သိရပါသည်။ သို့ရာတွင် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းနီးကပ်လွန်းလှသော မြန်မာ့မြေပေါ်မှ လက်ဖက်ပင်များကိုတော့ မှတ်တမ်းများတွင် ပျောက်ကွယ်နေခဲ့သည်မှာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ လက်ဖက်နှင့်လက်ဖက်ခြောက် ခတ်ထားသည့် ရေနွေးကြမ်းအတွက် တရုတ်နိုင်ငံအား လူသိများသကဲ့သို့ပင် လက်ဖက်သုတ်ကို မြန်မာ့မူလ ရိုးရာနှစ်သက်ဖွယ်ရာ အရသာရှိလှသည့် အစားအစာအဖြစ် နိုင်ငံခြားသားခရီးသွားများမှ ညွှန်းဆို လက်ဆင့်ကမ်းလျက်ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ လက်ဖက်ကို ဆေးဖက်ဝင် အပင်အမျိုးအနွယ်အဖြစ် သတ်မှတ်ခဲ့ကြပြီး ရှေးရာစုများစွာကတည်းကပင် လူအများနှစ်သက်သော ကုန်သွယ်မှုပြုခဲ့ကြသည့် အမယ်တစ်မျိုးဖြစ်ခဲ့သည် မှာတော့ ထင်ရှားလှပါသည်။

ထိုသို့သမိုင်းတစ်လျောက် ကုန်သွယ်မှုပြုခဲ့ကြသော လက်ဖက်သည် ခေတ်မီဆန်းပြားလှသော ဓာတုပစ္စည်းများ၊ ဆိုးဆေးများပေါများလှသည့် မျက်မှောက်ကာလအရောက်တွင် မသမာသော စီးပွားရေးသမားများကြောင့် ဆေးဆိုးခြင်းများ ပြုလုပ်ရောင်းချမှုကို ခံခဲ့ရရာ လက်ဖက်ရည်နွေးကြမ်းသောက်သုံးသူများနှင့်လက်ဖက်ကြိုက်သူများမှာ မဝံ့ရဲရဲ စားသုံးရန်တွေးဆလာခဲ့ကြရသဖြင့် လက်ဖက်ဈေးကွက်မှေးမှိန်လာပြီး လက်ဖက်စိုက်ပျိုးသူများမှာလည်း ဈေးကွက်ပျောက်ခဲ့ရပါသည်။ ကုန်ပစ္စည်းအမယ်များ ရေရှည်ရပ်တည်နိုင်ရေးအတွက် ခိုင်မာသည့်ဈေးကွက်သည် လွန်စွာအရေးပါလှသကဲ့သို့ ထိုဈေးကွက်ခိုင်မာရေးမှာလည်း ကုန်ပစ္စည်း၏အရည်အသွေးပေါ်မူတည်လျက်ရှိရာ အပြန်အလှန်အမှီသဟဲဖြစ်နေကြောင်း သတိချပ်သင့်လှပါသည်။

ပိုးသတ်ဆေးသုံးစွဲမှု၊ ကြွင်းကျန်မှု၊ ဆိုးဆေးများအသုံးပြုမှုတို့များပြားလာခြင်းနှင့်အတူ ရောဂါထူပြောမှုများ မြင့်တက်လာခဲ့ရာ တိုးတက်လှသော ယနေ့ခေတ်ကာလတွင် အော်ဂဲနစ်စိုက်ပျိုးရေးဆိုသော ဝေါဟာရသည် ကျယ်လောင်လာပြီး ပိုမိုဈေးကြီးသည့် အော်ဂဲနစ်သီးနှံနှင့် စားသောက်ဖွယ်ရာများကိုသာ ရွေးချယ်စားသုံးသည့် လူတန်းစားတစ်ရပ် ပေါ်ထွက်လာခဲ့သည်မှာအများအသိပင် ဖြစ်ပါသည်။ ထိုအထဲတွင်မှ အော်ဂဲနစ်လက်ဖက်သည်လည်း လက်ဖက်နှစ်သက်သူများအတွက် ရွေးချယ်မှုတစ်ခုဖြစ်လာခဲ့ကာ ကမ္ဘာ့ကုန်သွယ်ရေးအသိုင်းအဝိုင်းတွင် အော်ဂဲနစ်လက်ဖက်ကုန်သွယ်မှုသည် ကဏ္ဍတစ်ခုရရှိလာပြီး ကျယ်ကျယ်ပြန့်ပြန့်ကုန်သွယ်မှုပြုလာကြပြီလည်းဖြစ်ပါသည်။ သို့ဖြစ်ရာ အော်ဂဲနစ်လက်ဖက်စိုက်ခင်းများကို လက်ဖက်စိုက်နိုင်ငံများမှ အလေးထားစိုက်ပျိုးတင်ပို့ရန် ကြိုးပမ်းကြရင်း စံချိန်စံညွှန်းမီ အော်ဂဲနစ်လက်ဖက်ဈေးကွက်တွင် မိမိနိုင်ငံ အရေးသာရေး အားပြိုင်လျက်ရှိကြပါသည်။ လက်ဖက်ခြောက်ခတ်ထားသည့် ရေနွေးကြမ်းသည် ကမ္ဘာ့အဖျော်ရည်သောက်သုံးမှုတွင် ဒုတိယနေရာတွင်ရှိရာ ပြည်တွင်းပြည်ပ ကြီးမားကျယ်ပြန့်လှသည့် ဈေးကွက်ကြီးလည်းဖြစ်နေပြီး အော်ဂဲနစ်စစ်စစ်ဖြစ်၍စိတ်ချယုံကြည်စွာသောက်သုံးနိုင်ကြောင်း နာမည်တစ်ခုရရှိရေးမှာ လက်ဖက်စိုက်နိုင်ငံများအတွက် အရေးကြီးလှပါသည်။ လက်ဖက်ခြောက်သည် အမျိုးအစားများစွာရှိသော်လည်း မူလအပင်မှာCamelliaSinensis အပင်ဖြစ်သည်။ Camellia Sinensis အပင်၏ အရွက်အဖူးများကို ပြုပြင်ဆောင်ရွက်မှုအမျိုးမျိုးအရ လက်ဖက်ခြောက်အမျိုးအစားများ ကွဲပြားသွားကြောင်းကိုလည်းသိရှိရသည်။ လက်ဖက်ခြောက်တွင် လက်ဖက်ခြောက်အစိမ်း၊ လက်ဖက်ခြောက်အမည်း၊လက်ဖက်ခြောက်အဖြူ၊ လက်ဖက်ခြောက်အဝါ၊ အိုလောင်းလက်ဖက်ခြောက်၊ ဆေးဖက်ဝင် လက်ဖက်ခြောက်နှင့် ပူအာလက်ဖက်ခြောက်ဟူ၍ခွဲခြားထားပြီး မျိုးကွဲများစွာရှိသည်ဟု ဆိုပါသည်။ လက်ဖက်ကို ခူးယူပြီးချိန်မှစ၍ အချဉ်ဖောက်ခြင်းများလုပ်ဆောင်ရပြီး ပြုလုပ်ဆောင်ရွက်ပုံအဆင့်ဆင့်အရ လက်ဖက်ခြောက်အရောင်များ ကွဲပြားသွားကြောင်းကိုလည်း လက်ဖက်ခြောက်လုပ်ငန်းများကို လေ့လာမှုအရ သိရသည်။ လက်ဖက်ခြောက်များကို ရောင်းချကြသည့်အခါ အများစုမှာ အရသာပိုမိုကောင်းမွန်ရန်နှင့် ဈေးကောင်းရရန်အတွက်အမျိုးအစားများစွာကို ရောနှောရောင်းချလေ့ရှိကြကြောင်း၊ အချို့လက်ဖက်ခြောက်များတွင်မူ စွဲမက်စေသည့် ဆေးများထည့်သွင်းရောင်းလေ့ရှိကြောင်း၊ လက်ဖက်သည် အနံ့အရသာ ထည့်သွင်းရန် လွယ်ကူသောပစ္စည်းအမျိုးအစားဖြစ်ကြောင်းနှင့် ရနံ့အမျိုးမျိုးကို ထည့်သွင်းရောင်းချလေ့ရှိကြောင်းတို့ကိုလည်း လေ့လာသိရှိရသည်။

လက်ဖက်ကို လက်ဖက်ခြောက်အဖြစ် အဓိကစိုက်ပျိုးထုတ်လုပ်နေသော နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ အီရန်၊တူရကီ၊ အာဖရိကနိုင်ငံများဖြစ်သော ကင်ညာ၊ မော်လဝီ၊ ဇင်ဘာဘွေ အစရှိသည့်နိုင်ငံများနှင့် အာဂျင်တီးနား၊ ဘရာဇီး အပါအဝင် တောင်အမေရိကနိုင်ငံများမှာလည်းစိုက်ပျိုးပြီး အမေရိကမှလည်း အနည်းငယ်ထုတ်လုပ်လာကြောင်း အချက်အလက်များအရ သိရသည်။ ကမ္ဘာ့လက်ဖက်ဈေးကွက်မှ ထိပ်တန်းအရည်အသွေးရှိပြီး အရည်အသွေး ပြောင်းလဲမှုမရှိသော နိုင်ငံများအဖြစ် တရုတ်၊ အိန္ဒိယ၊ ကင်ညာနှင့် သီရိလင်္ကာနိုင်ငံတို့ကို အသိအမှတ်ပြုထားကြောင်း သိရသည်။ ထို့ပြင် အာရှ၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသည်လည်း လက်ဖက်ရည်ကြမ်း သောက်သုံးမှု နှစ်စဉ်မြင့်မားလျက်ရှိသည်ဖြစ်ရာ စိုက်ပျိုးထုတ်လုပ်မှုများလာသလို သောက်သုံးမှုနှင့် ဈေးကွက်မှာ လည်း တိုးပွားလျက်ရှိနေသည်မှာ ထင်ရှားလှပါသည်။

အထူးသဖြင့် တရုတ်နိုင်ငံသည်လက်ဖက်စိုက်ပျိုးမှုတွင် အကြီးမားဆုံးနိုင်ငံဖြစ်နေပြီး လက်ဖက်ခြောက်အစိမ်း တင်ပို့မှုသည် လက်ဖက်ခြောက်တင်ပို့မှုစုစုပေါင်း၏ထက်ဝက်ခန့်ရှိကာ လက်ဖက်အမည်းနှင့် အခြားလက်ဖက်ခြောက်အမျိုးအစားများစွာကိုထုတ်လုပ်တင်ပို့နေပါသည်။ တရုတ်နိုင်ငံသည် နှစ်စဉ်လက်ဖက် ကီလိုဂရမ် ၁၉၀၀ မီလီယံခန့်ထုတ်လုပ်နေပြီး လူဦးရေများပြားသည်နှင့်အမျှ သောက်သုံးမှုအများဆုံးနိုင်ငံလည်းဖြစ်သည်။ လက်ဖက်ခြောက်အစိမ်းနှင့် လက်ဖက်ခြောက်အမည်းတင်ပို့မှုဖြင့် ကမ္ဘာ့ဈေးကွက်ကို လွှမ်းမိုးထားပြီး စံပယ်ရနံ့၊ နှင်းဆီရနံ့နှင့် လိုင်ချီးရနံ့ပါရှိသော လက်ဖက်ခြောက်များကို ပထမဆုံးထုတ်လုပ်သောနိုင်ငံလည်း ဖြစ်သည်။အိန္ဒိယနိုင်ငံသည်လည်း နှစ်စဉ်လက်ဖက် ကီလိုဂရမ် ၁၂၀၀ မီလီယံခန့်ကို ထုတ်လုပ်နေပြီး စုစုပေါင်းထုတ်လုပ်မှု၏ ၇၀ရာခိုင်နှုန်းကို ပြည်တွင်းသောက်သုံးလျက်ရှိသဖြင့် လက်ဖက်ခြောက်တင်ပို့မှုနည်းသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် အိန္ဒိယလက်ဖက်လုပ်ငန်းရှင်များ၏အကြီးဆုံးဈေးကွက်မှာ ပြည်တွင်းဈေးကွက်ဖြစ်နေသည်ကို ထူးခြားစွာတွေ့နိုင်ပါသည်။သို့သော်လည်း အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လက်ဖက်ခြောက်တင်ပို့မှုတွင် နံပါတ် လေးနေရာတွင် ရပ်တည်လျက်ပြီး လက်ဖက်ခြောက်အမျိုးအစားများစွာကို ထုတ်လုပ်တင်ပို့လျက်ရှိပါသည်။

ကင်ညာနိုင်ငံသည် တစ်နှစ်လျှင် လက်ဖက် ကီလိုမီတာ ၄၃၂ မီလီယံခန့် ထုတ်လုပ်နေပြီး တတိယအကြီးဆုံး လက်ဖက်ထုတ်လုပ်တင်ပို့သောနိုင်ငံဖြစ်ကြောင်းသိရသည်။ လက်ဖက်ကို ကီလိုမီတာ စကွဲယား ၁၅၇၇ ခန့် စိုက်ပျိုးထားပြီး ပြည်တွင်းသောက်သုံးမှု လွန်စွာနည်းပါးသည်ဟု ဆိုပါသည်။ သို့သော်လည်း ကမ္ဘာ့လက်ဖက်ခြောက်ဈေးကွက်၏ ၉ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားကာ လက်ဖက်ခြောက်အမည်းကို အဓိကထားပြီး တင်ပို့နေသော်လည်း ဈေးကွက်အရ အခြားလက်ဖက်ခြောက်များကိုလည်းတင်ပို့လျက်ရှိသည်။အသေးစားစိုက်ပျိုးသူများနှင့်ကင်ညာလက်ဖက်အစုအဖွဲ့ (KTDA) မှ ပူးပေါင်းပြီး ဈေးကွက်ရှာဖွေမှုနှင့်စိုက်ပျိုးရေးထွန်းကားမှုများအား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ကင်ညာနိုင်ငံအတွက် လက်ဖက်စိုက်ဧရိယာ ကြီးမားစွာမရှိသော်လည်း ခေတ်မီသော စိုက်ပျိုးမှုနည်းစနစ်များကြောင့် အထွက်နှုန်းများပြားခြင်းဖြစ်သည်ကိုလည်း တွေ့ရပါသည်။

သီရိလင်္ကာနိုင်ငံမှာမူ ဒုတိယအကြီးဆုံး လက်ဖက်ခြောက်တင်ပို့သည့်နိုင်ငံဖြစ်ပြီး ပို့ကုန်ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းမှာ လက်ဖက်ခြောက်တင်ပို့မှုမှ ရရှိနေခြင်းဖြစ်သည်။ လက်ဖက်လုပ်ငန်းဖြင့် နိုင်ငံသား တစ်မီလီယံခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများပေးနေနိုင်ပြီး နိုင်ငံ၏ GDPကို တိုးတက်အောင် ထောက်ပံ့ပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံး လက်ဖက်စိုက်ပျိုးမှုကို အားထားနေပြီး သဘာဝအရသာ၊ ရွှေရောင်အသွင်အပြင်နှင့် ရနံ့မွှေးကြိုင်မှုကြောင့်သီရိလင်္ကာလက်ဖက်ခြောက်ကို ကမ္ဘာ့နိုင်ငံများမှ နှစ်သက်မှုများကြသည်ဟု ဆိုပါသည်။

စာမျက်နှာ ၂၇ သို့ ➤

## ရေလမ်းမှ ဓာတ်ဆီ/ဒီဇယ်တန်ချိန် ၁၅၀၀၀၀ ဝင်

ဇူလိုင်လ၁၅ ရက်မှ ၂၁ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၅၂၀၀၂၄၅ တန်ဖိုးရှိ ဒီဇယ် ၁၀၅၆၁၁ ဒသမ ၈၇ တန်နဲ့ အမေရိကန် ဒေါ်လာ ၂၈၄၆၅၅၁၈ တန်ဖိုးရှိဓာတ်ဆီ ၄၇၂၂၉ ဒသမ ၇၄ တန်၊ စုစုပေါင်း ၁၅၂၈၄၁ဒသမ ၆၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းမှုပျောက်ခဲ့တဲ့စက်သုံးဆီက ဒီတစ်ပတ်မှ ပြန်လာဝင်ရောက်လာခြင်းဖြစ်တယ်လို့သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၇ သန်းတန်ဖိုးရှိအဆင့်မြင့် Re-export ဒီဇယ်တန်ချိန်၇၀၆ ဒသမ ၆၈တန်တင်ပို့ခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၇၉၄၄၀ တန်ဖိုးရှိဓာတ်ဆီ ၄၅၀ဒသမ ၂၀တန်၊တာချီလိတ်ကုန်သွယ်ရေးစခန်းမှအမေရိကန်ဒေါ်လာ ၃၆၃၈၆၅ တန်ဖိုးရှိ ဒီဇယ် ၅၇၁ ဒသမ ၉၀တန်နဲ့ အမေရိကန်ဒေါ်လာ ၉၉၂၆၈ တန်ဖိုးရှိဓာတ်ဆီ ၁၆၃ ဒသမ ၁၇ တန် တင်သွင်းခဲ့ တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်တင်ပို့မှုကျ

မြန်မာ-ထိုင်းနယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄၆ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၂၃၂ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၈၆၇ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၃၅ တန် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန် လျော့နည်းခဲ့တဲ့အတွက်ဖြစ်တယ်လို့သိရပါတယ်။တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၅ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၃၈ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ၅၅၁ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ အခြား ရေထွက် ကဏန်း၊ ပုစွန်၊ ကင်းမွန်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်တို့ကို ၅၈၇ တန်နဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၆၀ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ကင်းမွန်၊ ငါးမှုန့်၊ ပုစွန်၊ သဲကဏန်းတို့ကို ၆၀၆ တန်တင်ပို့ခဲ့တယ်လို့သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀၄ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၁၇၁ တန်ကိုတင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၂၂၄၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၇၅ တန်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းရော ရိဒ်ကုန်သွယ်ရေးစခန်းပါ ကွမ်းသီးတင်ပို့မှု ကျဆင်းခဲ့တာဖြစ်ပါတယ်။ တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၈ သန်းတန်ဖိုးရှိကွမ်းသီးတန်ချိန် ၁၁၀၀ ခန့်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၆ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၇၀ ခန့်ကိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၈ သန်းတန်ဖိုးရှိ ကုလားပဲ၊ စားတော်ပဲ၊ ငရုတ်ကောင်း၊ စီးကရက်နဲ့နန့်ဖာလုံအမယ်စုံတို့ကို ၃၃၃ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၆ သန်းတန်ဖိုးရှိ မတီရှပ်၊ မစီးဖိနပ်၊ စီးကရက်၊ Foot Stuff တို့ကို ၅၆ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## Energy NYMEX 26-7-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 69.22 | -0.08 | -0.12 |
| Brent Crude Futr (USD/bbl) | 74.53 | 0.60 | 0.81 |
| Gasoline Rbob Fut (Cent/gal) | 213.72 | 1.41 | 0.66 |
| Natural Gas Futr (USD/MMBtu) | 2.78 | 0.01 | 0.32 |
| Heating Oil Futr (Cent/gal) | 216.73 | 1.61 | 0.75 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 23-July | 15.47 | 2627.83 | 2077.93 | 6122.93 | 825.00 |
| 24-July | 15.32 | 2581.33 | 2107.47 | 6119.41 | 828.00 |
| 25-July | 15.48 | 2618.57 | 2096.00 | 6221.89 | 836.00 |
| 26-July | 15.54 | 2617.69 | 2079.25 | 6260.68 | 838.00 |
| 27-July | - | - | - | - | - |

## အမေရိကန်ဒေါ်လာဈေးမြင့်နေဆဲ ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဇူလိုင်လတစ်လလုံးဈေးမြင့်နေခဲ့ရာမှ ဇူလိုင်လကုန်ပိုင်းရက်များတွင်လည်း အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၄၀၀ကျော်ဖြင့် ဈေးမြင့်နေဆဲဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင်၁၄၂၀ကျပ်မှ တစ်ဒေါ်လာလျှင် ၁၄၁၇ကျပ်သို့ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

“ဒေါ်လာကတော့ ကျရိပ်မမြင်သေးဘူး။ ကုန်သွယ်ရေးစစ်ပွဲကလည်း တင်းမာမှုကိုမလျှော့ချနိုင်သေးဘူး။ အီးယူကလည်း စီးပွားရေးကိုပိုမိုဖွင့်လှစ်ပေးနိုင်ဖို့ တရုတ်ကိုတိုက်တွန်းနေတယ်။ဒီကာလအတွင်းတော့ အမေရိကန်ဒေါ်လာဈေးက ငြိမ်နေမယ့်အလားအလာရှိတယ်။ နောက်ပြီး ပြည်တွင်းမှာကုမ္ပဏီဥပဒေသစ်အသက်ဝင်လာဖို့ကလည်းရှိနေတော့ ပြည်တွင်းကို ရင်းနှီးမြှုပ်နှံမှုတွေ ဘယ်လောက်ရောက်လာနိုင်သလဲဆိုတာကိုစောင့်ကြည့်နေတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာခြင်းနဲ့အတူပြည်တွင်းစီးပွားရေးအလားအလာကိုအကောင်းဘက်ဆီ တွန်းပို့ပေးနိုင်ပါလိမ့်မယ်”ဟု ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇူလိုင် ၂၃ရက်ကအမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၄၂၃ကျပ်၊ဝယ်ဈေး ၁၄၂၀ကျပ်မှ ဇူလိုင် ၂၅ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၄၃၄ ကျပ်၊ ဝယ်ဈေး ၁၄၃၁ကျပ်သို့ ရောက်ရှိ ခဲ့ပြီး ဇူလိုင် ၂၆ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၄၃၁ကျပ်၊ ဝယ်ဈေး ၁၄၂၈ကျပ်ဖြင့် ဈေးပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သန်းထိုက်အောင်**

## ကျပ်ကိုးသိန်းငါးသောင်းထိဈေးမြင့်ခဲ့သော ပြည်တွင်းရွှေဈေးနှုန်း

ဇူလိုင်လဆန်းမှစတင်ကာ ဈေးမြင့်တက်ခဲ့သော ပြည်တွင်းရွှေဈေးနှုန်းသည် ဇူလိုင်နောက်ဆုံးပတ်တွင် ကျပ်ကိုးသိန်းငါးသောင်းအထိ ဈေးဖြစ်ပေါ်ခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ဇူလိုင်လတတိယပတ်က ကျပ်၉၄၅၀၀၀ ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ဇူလိုင်တတိယပတ်အတွင်း ကျပ် ၉၅၀၀၀၀နီးပါးသို့ မြင့်တက်ခဲ့ကြောင်းသိရသည်။

လက်ရှိပြည်တွင်းရွှေဈေးမှာ ဆက်လက်မြင့်တက်ဖို့အခြေအနေရှိကြောင်း၊ သီအိုရီအရ ကျပ်ကိုးသိန်းသုံးသောင်း ခန့်သာရှိရမည့် ပြည်တွင်းရွှေဈေးသည် ယခုတစ်ပတ်အတွင်း ကျပ်ကိုးသိန်းငါးသောင်းကျော်အထိမြင့်တက်ခဲ့သည်မှာ ပြည်တွင်းရွှေလောကအတွင်း ရွှေစုဆောင်းသူများပြားနေခြင်းကြောင့်ဖြစ်နိုင်ပြီး ရောင်းချသူနည်းပါးနိုင်ကြောင်း၊ နိုင်ငံတကာရွှေဈေးမှာလည်း ယခုရက်ပိုင်းအတွင်းပြန်လည်မြင့်တက်လာခဲ့ ကြောင်း၊ ကမ္ဘာ့ရေနံဈေးလည်း အနည်းငယ်မြင့်တက်လာခြင်းကြောင့် ကမ္ဘာ့ရွှေဈေးအတက်အကျကိုစောင့်ကြည့်ရန် လိုအပ်ကြောင်းပြည်တွင်းရွှေအရောင်းအဝယ်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇူလိုင်၂၃ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၉၄၆၅၀၀ရှိခဲ့ရာမှ ဇူလိုင် ၂၅ရက်တွင် ကျပ်၉၅၀၅၀၀သို့မြင့်တက်ခဲ့ပြီး ဇူလိုင် ၂၆ရက်တွင် ကျပ် ၉၄၉၅၀၀ ဖြင့်ဈေးပိတ်သိမ်းခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဇူလိုင် ၂၄ရက်က ရွှေတစ်အောင်စလျှင် ၁၂၂၆အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဇူလိုင်၂၅ရက်တွင် တစ်အောင်စလျှင် ၁၂၂၈အမေရိကန်ဒေါ်လာသို့မြင့်တက် ခဲ့ပြီး ဇူလိုင် ၂၆ရက်တွင် ၁၂၂၇ အမေရိကန်ဒေါ်လာဈေးရှိခဲ့ရာ ယခင်ရက်သတ္တပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက အနည်းငယ်မြင့်တက်လာခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## “Investor Promotion Seminar” ကျင်းပပြုလုပ်

စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုအတွက် အရေးကြီးသောလေ့လာမှုတစ်ခုဖြစ်သည့် စာရင်းဝင်ကုမ္ပဏီများ၏ လက်ရှိအခြေအနေများနှင့် အနာဂတ်အလားအလာများကိုလေ့လာသုံးသပ်နိုင်စေရန် ရည်ရွယ်၍“ Investor Promotion Seminar”ကို ဇူလိုင်၂၁ရက်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဆွေးနွေးပွဲ၌ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဘောဂပညာရှင်ဆရာဦးခင်မောင်ညိုမှ “Financial Literacy and Stock Investment in Myanmar” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကို စိတ်ဝင်စားသော ပြည်သူများမှ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသို့ သွားရောက်ကာ Investor Account ဖွင့်လှစ်ခြင်းများကိုလည်း ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးဆိုင်ရာ လေ့လာသုံးသပ်ချက်များနှင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက် အနာဂတ်စီးပွားရေးအလားအလာများ (LCs Financial Review FY 2017-2018, Future Business Outlooks FY 2018-2019)များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်နေမှုများကိုစာရင်းဝင်ကုမ္ပဏီများ၏ တာဝန်ရှိသူများမှဆွေးနွေးပြောကြားခဲ့သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

July 26, 2018
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.35 |
| BDT | Bangladesh Taka | 84.16 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.78 |
| EUR | Euro | 0.85 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 68.69 |
| I DR | Indonesia Rupiahs | 14450.94 |
| JPY | Japan Yen | 110.71 |
| MYR | Malaysia | 4.06 |
| PKR | Pakistan Rupees | 129.09 |
| PHP | Philippines Pesos | 53.40 |
| RUB | Russia Rubles | 62.80 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1121.36 |
| LKR | Sri Lanka Rupe | 159.59 |
| THB | Thailand Baht | 33.30 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 23143.96 |

*Source:xe.com*

## World Gold Price

July-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 23 | 1235 | 1234 | 1234 |
| 24 | 1224 | 1223 | 1224 |
| 25 | 1231 | 1230 | 1228 |
| 26 | 1233 | 1231 | 1231 |
| 27 | - | - | - |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 23-7- 2018 | 947.50 | 947.80 |
| 24-7- 2018 | 947.00 | 946.00 |
| 25-7- 2018 | 949.00 | 949.00 |
| 26-7- 2018 | 950.50 | 950.00 |
| 27-7- 2018 | - | - |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 23 | 6.76 | 33.36 | 83.89 | 68.71 |
| 24 | 6.82 | 33.47 | 84.36 | 68.99 |
| 25 | 6.78 | 33.33 | 84.37 | 68.79 |
| 26 | 6.78 | 33.30 | 84.16 | 68.69 |
| 27 | - | - | - | - |

## ဘိုလပ်မြေ

# ရေလမ်းရောနယ်စပ်လမ်းပါ ဘိုလပ်မြေအဝင်လျော့

ဇူလိုင်လ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၁၃၅၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှတင်သွင်းခဲ့ပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၉၂၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၉၁၀၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဇူလိုင်လ ၁၄ ရက်မှ ဇူလိုင်လ ၂၁ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာ၂၆၂၅တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၇၆၆၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၀၄၀ ကျော်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းရောနယ်စပ်လမ်းမှပါ ဘိလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းအေး

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်နည်းနည်းဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဆင်မြန်မာက ကျပ် ၂၀၀နဲ့ ကြံ့(မြန်မာ)က ကျပ် ၂၅၀ ဈေးကျခဲ့ပြီး ဆင်(ထိုင်း)ကယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

ဈေးကျရတာကလည်း အရောင်းအဝယ် အေးတာကြောင့်မဟုတ်ဘဲ ကုမ္ပဏီဈေးကျတာကြောင့် ဈေးကျရတာဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးမှ ပြောကြားခဲ့ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၀၀၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ စိန်(ထိုင်း)ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ကပုံမှန်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ခရောင်းဘိလပ်မြေက ကျပ် ၁၀၀ ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်းအရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ်၄၉၀၀၊ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၈၀၀၊ခရောင်းကျပ်၅၂၀၀၊ အပါချီကျပ်၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ မိုးတွင်းကာလမှာတော့ ဆောက်လုပ်ရေးလုပ်ငန်းတွေက အလုပ်ပါးတယ်။ ဒါကြောင့်လည်း အရောင်းအဝယ်အေးတယ်။ ဈေးကွက်ထဲပစ္စည်းအဝင်နည်းတယ်။ ဒါပေမယ့် ဘိလပ်မြေဈေးက ငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၈၀၀၊ဆင်(ထိုင်း)ကျပ်၆၅၀၀၊ အပါချီ ကျပ် ၄၉၀၀၊ စိန်(ထိုင်း)ကျပ်၆၁၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ထိုင်းဆင်နဲ့အပါချီဘိလပ်မြေက ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၁၀၀၊ နဂါး ကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# မြေဩဇာတန်ချိန် ၂၀၀၀၀ကျော်ဝင်

ဇူလိုင်လ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၅၀၆၃၅ တန်ဖိုးရှိ မြေဩဇာတန်ချိန် ၂၀၁၃၆ ဒသမ ၁၄၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ကွန်ပေါင်း၊ ယူရီးယား၊ အမိုးနီးယားဆာလဖိတ်၊ အော်ဂဲနစ်၊ ပိုတက်၊ ရွက်ဖျန်းမြေဩဇာ၊တီစူပါတို့ဖြစ်ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၃၉၇၄ ဒသမ ၈၃ တန်၊ အီရန်နိုင်ငံမှ ၃၉၄၁ ဒသမ ၀၃၉ တန်၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀၊ မလေးရှားနိုင်ငံမှ ၁၃၂ တန်၊ ဆော်ဒီနိုင်ငံမှ ၅၃၀ ဒသမ ၇၇ တန်၊ ထိုင်းနိုင်ငံမှ ၅၅ တန်နဲ့ ယူအက်စ်အေမှ ၇၅တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၈၂၉၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန်၁၁၈၄၀ကျော် တင်သွင်းမှုပိုခဲ့တယ်လို့သိရပါတယ်။

# မြေဩဇာဈေးကွက် အရောင်းအေး

ဇူလိုင်လ ၁၄ ရက်မှ ဇူလိုင်လ ၂၀ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ၁၆၆၅၀ တန်ကျော်ရှိခဲ့ပြီးယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၁၉၇၃၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၀၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊မကွေးမှာ အရောင်းပုံမှန်ရှိပြီး မန္တလေးနဲ့တောင်ကြီးမှာ အရောင်းအေးတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုလဲ-အသေး၄၆%ကျပ် ၂၀၀၀၊ ကွန်ပေါင်း(အစိမ်း)၁၅ ပတ်လည်က ကျပ် ၅၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်)ကျပ် ၂၈၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၂၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၁၂း၁၃(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၇၂၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၂၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၇၂၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၁၇၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၅၇၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၆၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၆၅၀၀ ၊ မြားကမ္ဘာကျပ် ၁၆၂၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီရက်ပိုင်းမိုးများလို့ တောင်သူတွေက မြေဩဇာသုံးတာကို ရပ်ထားကြတယ်။ ဒါကြောင့် အဝယ်မလိုက်ဘဲအေးနေတယ်။ အရောင်းအဝယ်မဖြစ်လို့မြေဩဇာဈေးတွေလည်း ငြိမ်နေတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်အရ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၄၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၆၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၆၄၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၀၀၀၊ တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၆၂၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ပန်းဖူး)က ကျပ် ၃၀၀၊ တီစူပါနဲ့မြားသီးစုံက ကျပ် ၁၀၀ဈေးမြင့်ခဲ့ပြီး ပန်းသီးစုံက ကျပ် ၄၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၃၀၀၊ တီစူပါ (၄၆%တရုတ်) ကျပ် ၂၁၈၀၀၊ မြားသီးစုံ ကျပ် ၁၅၈၀၀၊ ပန်းသီးစုံ ကျပ် ၁၆၀၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၇၀၀၊ပိုတက်ကျပ် ၂၃၁၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီ/နို့မှုန့်အဝင်လျော့

ဇူလိုင်လ ၁၅ ရက်မှ ၂၁ ရက် အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၈၀၀၀ တန်ဖိုးရှိ နို့ဆီ ၂၁၈ ဒသမ ၈၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှု လမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိုကေနို့ဆီတစ်မျိုးတည်းသာ တင်သွင်းခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန်၅၁၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။

ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၉၅၄၀ တန်ဖိုးရှိ နို့မှုန့် ၆၆ တန်ကို တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၃၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၀၀ကျော်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် နို့ဆီရောနို့မှုန့်ပါ အဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၇ မှ ၂၀/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၇ မှ ၁၃/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၅.၅၀ | ၃၄.၅၀ | (-) | ၉.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၅၂၀.၀၀ | ၆၁၀.၀၀ | (-) | ၉၀.၀၀ |
| ၅။ | တာချီလိတ် | ၂၀၀၀.၀၀ | ၃၅၀၀.၀၀ | (-) | ၁၅၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၇၀.၀၀ | ၃၅၂၅.၀၀ | (-) | ၃၄၄၅.၀၀ |
| | စုစုပေါင်း | ၂၆၂၅.၅၀ | ၇၆၆၉.၅၀ | (-) | ၅၀၄၄.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၇ မှ ၂၀/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၇ မှ ၁၃/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၀၅၇.၀၀ | ၇၇၇၇.၉၅ | (-) | ၇၂၀.၉၅ |
| ၂။ | လွယ်ဂျယ် | ၃၈၃.၅၀ | ၅၀၃.၀၀ | (-) | ၁၁၉.၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၉၇၀.၇၅ | ၂၇၇၅.၂၅ | (+) | ၁၉၅.၅၀ |
| ၄။ | ကန်ပိုက်တီ | ၂၀၀၀.၀၀ | ၁၄၀၀.၀၀ | (+) | ၆၀၀.၀၀ |
| ၅။ | မြဝတီ | ၃၁၄၅.၉၀ | ၄၆၇၆.၀၇ | (-) | ၁၅၃၀.၁၇ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၁၀၀.၀၀ | ၂၆၀၀.၀၀ | (-) | ၁၅၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၆၆၅၇.၁၅ | ၁၉၇၃၃.၂၇ | (-) | ၃၀၇၆.၁၂ |

ခင်မိုးသူ

## နှမ်း/မြေပဲ

# မုံရွာကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေး အနည်းငယ်မြင့်တက်

ဇူလိုင်လကုန်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဆန် ဈေးကွက်မှာ ပြည်ပဝယ်လက်ရှိ၍ ဈေးအနည်းငယ်မြင့်တက်လျက်ပြီး အဝင်ရှိသလောက်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရှိရပါတယ်။ မြေပဲလုံးဆန်ဖြူနှင့် လုံးဆန်နီများကို ပြည်ပဝယ်လက်ရှိ၍ မုံရွာကုန်စည်ဒိုင်သို့ အဝင်ရှိသလောက် ဝယ်ယူလျက်ရှိပြီး ဆီဆန်ကို မုံရွာမြို့တွင်းဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက် သမားများက ဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ် ၂၄၀၀မှ ၂၅၀၀၊ (လုံးဆန်နီ) ကျပ် ၂၆၅၀မှ ၂၇၀၀၊ (ဆီဆန်) ကျပ် ၂၃၀၀ နှုန်းဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းမှာ မြေပဲဆန်တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ် ၂၃၅၀ မှ ကျပ် ၂၄၅၀၊ (လုံးဆန်နီ) ကျပ် ၂၅၂၅ မှ ကျပ် ၂၅၇၅၊ (ဆီဆန်) ကျပ် ၂၁၀၀ နှုန်းဖြစ်၍ ယခင်တစ်ပတ်ထက်ဈေးမြင့်လာတာ တွေ့ရပါတယ်။ မုံရွာမြို့၏ ဆီပေါက်ဈေး နှုန်းများမှာ မြေပဲဆီတစ်ပိဿာလျှင် (လက်ကား)ကျပ် ၄၀၀၀ မှ ၄၈၀၀၊ (လက်လီ)ကျပ် ၅၀၀၀ မှ ၅၈၀၀၊ နှမ်းဆီ တစ်ပိဿာ (လက်ကား)ကျပ် ၅၀၀၀၊ (လက်လီ)ကျပ် ၅၅၀၀ မှ ၆၅၀၀ နှုန်းပေါက်ဈေးရှိပြီး ဆီဈေးလည်း တက်လာကြောင်း သိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

# ချင်းရွှေဟော်မှ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက် အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၀ သန်းတန်ဖိုးရှိနှမ်းရောင်စုံ ၉၆၇ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နှမ်း ရောင်စုံတွေကတော့ နှမ်းနက် ၅၂၅ တန်ခွဲ၊ နှမ်းဖြူတန် ၃၀၀ နဲ့ နှမ်းညို ၁၄၁ တန်ခွဲဖြစ်ပါတယ်။ ယခင်တစ်ပတ်က တန် ၂၄၇၀ တင်ပို့ခဲ့တာကြောင့် ၁၅၀၃ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်မှာ ယခုတစ်ပတ် နှမ်းတင်ပို့မှုမရှိခဲ့ပေမယ့် မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူတစ်တန်ဈေး ၁၈၉၇၄၃၆ ကျပ်နဲ့ နှမ်းနက်တစ်တန်ဈေး ၂၀၀၄၂၇၄ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

တရုတ်နိုင်ငံသို့နှမ်းရောင်စုံတင်ပို့မှုမှာ ယခင်နှစ်ကာလ တူထက်နှမ်းအမျိုးအစားပေါ်မူတည်ပြီး တစ်တန်လျှင် ကျပ် တစ်သိန်းခန့်ဈေးပိုရရှိကြောင်း၊ မြန်မာ့နှမ်းတင်ပို့မှုမှာ နှမ်းတင်ပို့မှုအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းက တရုတ်နိုင်ငံဈေးကွက်ရှိ မူဆယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများသို့ တင်ပို့ကြောင်း မန္တလေးမြို့ရှိ နှမ်းပွဲရုံတစ်ခုမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# တရုတ်နိုင်ငံသို့ ပြောင်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅၈ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၅၉၂၇ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန် ၁၂၄၀၀ နဲ့ လွယ်ဂျယ်မှ ၃၅၂၇ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းနှစ်ခုမှ ပြောင်း ၁၁၄၇၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ပြောင်း ၄၄၄၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၃၁၀၅၃၃ ကျပ်ရှိရာမှ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း ၃၁၆၂၃၉ ကျပ်သို့ ဈေးပြန်လည်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ယခုတစ်ပတ် ပြောင်းကား ၄၀၈ စီးဝင်ရောက်ခဲ့ကြောင်း၊ မန္တလေးမှ မူဆယ်သို့ ပြောင်းတစ်ပိဿာ သယ်ယူစရိတ်မှာ ၆၆ ကျပ် ရှိကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# အမေရိကန်အစိုးရမှ ၎င်း၏လယ်သမားများအား ထောက်ပံ့မည့် အစီအမံကြောင့် စားအုန်းဆီဈေးလှုပ်ခတ်

မလေးရှားစားအုန်းဆီဈေး အခြေအနေမှာ ယခင်တစ်ပတ်များအတိုင်း ထူးခြားမှုမရှိဘဲ ကျမြဲကျနေကြောင်းသိရသည်။ ဇူလိုင် ၂၅ ရက်က ကျဆင်းခဲ့သော စားအုန်းဆီတစ်တန်ဈေးဖြစ်သည့် ၂၁၄၀ ရင်းဂစ်သည် သုံးနှစ်တာကာလအတွင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့ပြီး ထိုနေ့အတွင်းပင် ဈေးပိတ်သိမ်းချိန်၌ ဘာဆာ မလေးရှားကုန်စည်ဒိုင်၏ အောက်တိုဘာလအတွက် စားအုန်းဆီစာချုပ်ဈေးမှာ တစ်တန်လျှင် သုည ဒသမ ၅ ရာခိုင်နှုန်းပြန်တက်လာပြီး ၂၁၆၃ ရင်းဂစ်သို့ ရောက်ရှိပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၆ ရက်က စားအုန်းဆီ ကုန်သွယ်မှုမှာ ၂၅ တန်တွဲပေါင်း ၅၀၇၂၈ တွဲရှိခဲ့သည်။ ဇူလိုင်၁ ရက်မှ ၂၅ ရက်အထိ စားအုန်ဆီကုန်သွယ်မှုမှာ ဇွန်လနှင့် ကာလတူထက် ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း စတားအွန်လိုင်းမှ ဖော်ပြထားသည်။ အမေရိကန်ပြည်ထောင်စု ချီကာဂိုဘုတ်အဖွဲ့၏ ပဲပုပ်ဆီစာချုပ်ဈေးမှာလည်း လွန်ခဲ့သော ရက်ပိုင်းအတွင်း အတက်အကျများခဲ့ကြောင်းကိုလည်း စားအုန်းဆီကုန်သည်တစ်ဦးကဆိုသည်။

ဇူလိုင် ၂၄ ရက်တွင် အမေရိကန်ပြည်ထောင်စု ချီကာဂိုဘုတ်အဖွဲ့၏ ပဲပုပ်ဆီဈေးသည် နှစ်ပတ်အတွင်း အမြင့်ဆုံးဈေးသို့ရောက်ခဲ့ပြီး ယင်းသို့ဖြစ်ရခြင်းမှာ တရုတ်နှင့် အမေရိကန် ကုန်သွယ်ရေးစစ်ပွဲကြောင့် အမေရိကန်လယ်သမားများ သက်သာမှုရစေရန် အမေရိကန်အစိုးရမှ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ ကူညီရန် အစီအမံကြောင့်ဖြစ်နိုင်ကြောင်း ဈေးကွက်သုံးသပ်သူများက ပြောသည်။

ဒီဇင်ဘာလအတွက် ချီကာဂို ကုန်သွယ်မှုဘုတ်အဖွဲ့၏ ပဲပုပ်ဆီစာချုပ်ဈေးသည် ဇူလိုင် ၂၅ ရက်က သုည ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ စားအုန်းဆီဈေးကျဆင်းမှုသည် ရာသီချိန်ရောက်ရှိပြီး ဆီအုန်းအထွက်တိုးလာကာ အဝယ်လိုက်လာပါက ဈေးပြန်တက်ရန်အတွက် စားအုန်းဆီကုန်သည်များမှ မျှော်လင့်လျက်ရှိသည်ဟု ကုန်သည်အသိုင်းမှ သိရသည်။

အခြားစားသုံးဆီများဖြစ်ကြသော တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်၏ စက်တင်ဘာလအတွက် ပဲပုပ်ဆီစာချုပ်ဈေးသည် သုည ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ ထို့ပြင် စက်တင်ဘာလအတွက် စားအုန်းဆီစာချုပ်ဈေးသည်လည်း သုည ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟုဆိုသည်။ စားအုန်းဆီဈေးသည် အခြားစားသုံးဆီများ၏ ဈေးနှုန်းအပေါ် သက်ရောက်လေ့ရှိသည်။ ယခုအခါ စားအုန်းဆီကုန်သည်များမှာ တွက်ခြေမကိုက်သည့် အခြေအနေကို ရင်ဆိုင်နေရကြောင်း သိရသည်။

**ခင်လေးယု**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၆-၇-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၈၀၀ | ၁၆၇၀ | ▽ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၆၀၀ | ၅၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၅၄၀၀ | ၅၅၀၀ | △ | ၅၅၀၀ | ၅၇၀၀ | △ | ၁၉၀၀ | ၁၇၀၀ | ▽ |
| မုံရွာ | ၄၇၀၀ | ၄၈၀၀ | △ | ၄၇၀၀ | ၄၈၀၀ | △ | ၁၇၀၀ | ၁၇၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၆-၇-၂၀၁၈ US$/Ton

| အမျိုးအစား | ဇူလိုင်လတတိယပတ် | ဇူလိုင်လစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၆၈.၅၀ | ၅၄၈.၅၀ | ▽ |
| RBD P.Olein | ၅၅၈.၅၀ | ၅၅၅.၀၀ | ▽ |
| RBD P.Stearin | ၅၆၂.၅၀ | ၅၅၂.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၆-၇-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၈၇.၁၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၄၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၉၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၇၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၆၆.၄၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၄.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၀၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၁၈.၈၂၄ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၆-၇-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 595 ဒေါ်လာနှင့် USD ဈေး ၁၄၂၇ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၆-၇-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၄၂၇ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မြန်မာ့သဘာဝရော်ဘာအရည်အသွေးစမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအစည်းအဝေးကျင်းပ

မြန်မာ့သဘာဝရော်ဘာ အရည်အသွေးစမ်း သပ်စစ်ဆေးရေးဓာတ်ခွဲခန်းလုပ်ငန်း စီမံခန့်ခွဲမှု ကြီးကြပ်ရေးကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူးရုံးတွင် ကျင်းပ ပြုလုပ်ခဲ့သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စားသုံးသူရေးရာဦးစီး ဌာနမှညွှန်ကြားရေးမှူးချုပ်ဦးမြင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဝေ၊ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးမြင့်ချို၊ CTQM ဌာနမှူး ဦးကျော်ငွေနှင့် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာစားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမြင့်လွင်မှ အဖွင့်အမှာစကား ပြောကြားရာတွင် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ရာတွင် နယ်ပယ်ကဏ္ဍအသီးသီးမှ သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ပို့ကုန်မဟာဗျူဟာတွင် ရော်ဘာကဏ္ဍသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အရည်အသွေးမြင့် မြန်မာရော်ဘာများ ပြည်ပဈေးကွက် ပိုမိုထိုးဖောက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်၍ ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ရော်ဘာစိုက်ပျိုးမှုအခြေအနေ



များ၊ ပြည်တွင်းရော်ဘာသုံးစွဲမှုကဏ္ဍများ၊ ပြည်ပသို့ မြန်မာ့ ရော်ဘာတင်ပို့မှုကဏ္ဍနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ မြန်မာရော်ဘာ အရည်အသွေးစမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း၏ ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ ရော်ဘာအရည်အသွေး အဆင့် အတန်းအလိုက် ဈေးနှုန်းကွာခြားပုံများ၊ ပြည်တွင်းပြည်ပရှိ ရော်ဘာဈေးကွက် အခြေအနေများ စသည့်ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြောင်း သိရသည်။ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန် သွင်းကုန်ဥပဒေအရမြန်မာ့ သဘာဝရော်ဘာ စံ အရည်အသွေးများကို Myanmar Standard Rubber- MSR 5 , MSR 10, MSR 20 စသဖြင့် ထုတ်ပြန်ထားပါသည်။ မြန်မာ့သဘာဝ ရော်ဘာအရည်အသွေး စမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းမှ ရော်ဘာအရည်အသွေးအဆင့်အတန်း အလိုက် - MSR 5 , MSR 10, MSR 20 အသိအမှတ်ပြု Certificate များ ထုတ်ပေးမည်ဖြစ်ပါသည်။ ထိုသို့ အရည်အသွေးအဆင့်အတန်း ထောက်ခံချက်ရရှိသော ရော်ဘာပို့ကုန်များအနေဖြင့် ပြည်ပဈေးကွက်တွင် ဈေးကောင်းရရှိနိုင်မည်ဖြစ်ပါသည်။ ကမ္ဘာ့ရော်ဘာသုံးစွဲမှု၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကားတာယာလုပ်ငန်းများတွင် အသုံးပြုနေကြသည်ဖြစ်ရာ အရည်အသွေးမြင့် ရော်ဘာများကို ဈေးကောင်းပေး၍ ဝယ်ယူလျက်ရှိကြောင်းသိရသည်။

မြန်မာ့ရော်ဘာ အရည်အသွေးစမ်းသပ် စစ်ဆေးရေးဓာတ်ခွဲခန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု(လှည်းကူး) (CTQM) တွင် Public Private Partnership (PPP) အရ ဖွင့်လှစ်ထားရှိပြီး အဆိုပါဓာတ်ခွဲခန်းကိုအပြည်ပြည်ဆိုင်ရာရော်ဘာအသင်း IRA အသိအမှတ်ပြု လက်မှတ်ရရှိရန်နှင့် ISO/IEC 17025 အသိအမှတ်ပြု လက်မှတ်ရရှိရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**မောင်မောင်(CTQM)**

# မြန်မာ့ဆန်စပါးလောက မျိုးစေ့ထုတ်လုပ်ရေးအရည်အသွေးနဲ့ ဈေးကွက်အချိတ်အဆက်မိဖို့ လိုနေပြီ

**အောင်ဆန်း(စိုက်ပျိုးရေး)**

မြန်မာ့ဆန်စပါးလောကမှာ မျိုးစပါးမျိုးစပ်ထုတ်လုပ်ရေးအပိုင်း (စိုက်ပျိုးရေးသုတေသန)၊ မျိုးစပါးဖြန့်ဖြူးပြန့်ပွားရေးအပိုင်း (စိုက်ပျိုးရေးဦးစီးဌာန)၊ စပါးများကို စိုက်ပျိုးထုတ်လုပ်သူအပိုင်း (တောင်သူလယ်သမား)နဲ့ ရောင်းဝယ်ဖောက်ကားသူအပိုင်း(စက်ပိုင်၊ ကုန်သည်နှင့် Expoteer ကြီးများ)ဆိုပြီး သူ့ကဏ္ဍနှင့်သူ ဆောင်ရွက်နေကြတာတွေ့ရပါတယ်။

ရောင်းဝယ်ဖောက်ကားမှုအပိုင်းကိုကြည့်ရင် ပြည်တွင်းမှာ ရောင်းဝယ်ဖောက်ကားမှုနဲ့ ပြည်ပတင်ပို့ရောင်းဝယ်မှုဆိုပြီး ရှိပါတယ်။ ဒီအခြေခံပေါ်မှာ မူတည်ပြီး ပြည်တွင်းရောင်းဝယ်မှုအတွက် ဆန်အမျိုးအစား၊ အရည်အသွေးနဲ့ ဈေးကွက်ဆိုတာ ရှိလာပြန်တယ်။ ပြည်တွင်းတင်ပို့ရောင်းချမှုအတွက် ဆန်အမျိုးအစား၊ အရည်အသွေးနဲ့ ပြည်သူအများစု စားသုံးမှုနှစ်ခြိုက်တဲ့ဆန်အမျိုးအစားနဲ့ အရည်အသွေးကိုပဲ ရွေးချယ်ပြီး အရောင်းအဝယ်ဈေးကွက်က ဇာတ်စင်ပေါ်တက်နေတာပါပဲ။ ပြည်ပပို့ကုန်ဈေးကွက်မှာတော့ ပြည်ပဝယ်လက်နိုင်ငံများက ကြိုက်နှစ်သက်တဲ့ ဆန်အမျိုးအစားနဲ့ အရည်အသွေးရှိတဲ့ဆန်များက ဈေးကွက်ထဲကျင်လည်နေပြန်တာပါပဲ။ ဆန်စပါးလောကမှာ မျိုးကိုထုတ်လုပ်သူ၊ စိုက်ပျိုးပြန့်ပွားသူ၊ စိုက်ပျိုးထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူတွေဟာ ကွင်းဆက်သဖွယ်ဆက်နွယ်နေပါတယ်။ တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေပါတယ်။ဒါပေမယ့် တကယ့်မြေပြင်လက်တွေ့မှာတော့ အဲဒီလုပ်ငန်းတွေဟာ အံချော်နေပြီး အချိတ်အဆက်မမိတဲ့အဖြစ်နဲ့ ကြုံတွေ့နေရပါတယ်။

ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတွေမှာဆိုရင် ဘယ်စပါးမျိုးက အရည်အသွေးကောင်းပြီး ပြည်ပပို့ကုန်တန်းဝင်သလဲ၊ ဈေးဘယ်လောက်ပေါက်သလဲ၊ ဘယ်လောက်များများ လိုအပ်ချက်ရှိနေသလဲဆိုတဲ့ ဈေးကွက်နဲ့သဘောသဘာဝကို စူးစမ်းတယ်။ ထောက်လှမ်းတယ်။ သိနေအောင်လေ့လာတယ်။ ဒီဈေးကွက်ရဲ့ အရိပ်အကဲကိုကြည့်ပြီး ဘယ်စပါးမျိုး ဘယ်လိုအရည်အသွေးကို ဘယ်လောက်ပမာဏ စိုက်ပျိုးထုတ်လုပ်မယ်ဆိုတာ ဆုံးဖြတ်ပါတယ်။ အဲဒီနိုင်ငံတွေမှာ နိုင်ငံတော်က မျိုးစေ့ထုတ်လုပ်တဲ့ကုမ္ပဏီကြီးတွေ ထူထောင်နိုင်အောင် အတိုးနှုန်းသက်သာစွာနဲ့ ချေးငွေရရှိအောင် ကူညီပံ့ပိုးပေးတယ်။မျိုးစေ့ထုတ်လုပ်တဲ့ကုမ္ပဏီကြီးများစွာ ထူထောင်ကြတယ်။ ပြီးတော့ မျိုးကိုလည်း ပြည်တွင်းပြည်ပက ဈေးကွက်က တောင်းဆိုတဲ့ မျိုးကိုပဲထုတ်လုပ်ပေးတယ်။ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားကြီးများကလည်း ကုမ္ပဏီကြီးများက တာဝန်ယူ ဖြန့်ဖြူးပေးတဲ့ ပြည်တွင်းပြည်ပဈေးကွက်ကိုက်မယ့် မျိုးကိုသာ စိုက်ပျိုးထုတ်လုပ်ကြတယ်။ ပြည်တွင်းပြည်ပ ဆန်ရောင်းဝယ်ဖောက်ကားသည့် ကုန်သည်ကြီးများကလည်း ဒီမျိုးကိုပဲ ဝယ်ယူ၊ သိုလှောင်၊ ကြိတ်ခွဲပြီး ပြည်တွင်းစားသုံး၊ ပြည်ပတင်ပို့တဲ့စနစ်သွားနေတာ နှစ်အတော်ကြာခဲ့ပါပြီဖြစ်ပါတယ်။

အဲဒီနိုင်ငံတွေမှာ စပါးမျိုးထုတ်လုပ်သူ၊ စိုက်ပျိုးသူ၊ ရောင်းဝယ်ဖောက်ကားသူနှင့် ဈေးကွက်ဟာ အချိတ်အဆက်မိနေတဲ့ ဈေးကွက်တစ်ထပ်တည်းဖြစ်နေတာတွေ့ရပါတယ်။ အဓိကကတော့ အဲဒီနိုင်ငံတွေမှာ ဆန်စပါးလောကထဲ အကျုံးဝင်နေသူအားလုံးဟာ ဈေးကွက်ကိုဦးတည်ပြီး (Market Oriented) ထုတ်လုပ်တဲ့စနစ်နဲ့ စခန်းသွားနေကြတာဖြစ်ပါတယ်။ ဒါကြောင့်လည်း အဆိုပါနိုင်ငံတွေဟာအရည်အသွေးကောင်း စပါး၊ ဆန်များကို ပမာဏများများ ထုတ်လုပ်နိုင်ပြီး ဈေးကောင်းလည်းရ ပြည်ပတင်ပို့မှုလည်း ထိပ်ကပြေးနေခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဆန်စပါးလောကရဲ့အချိတ်အဆက်တွေကို သုံးသပ်ကြည့်ရင် အချိတ်အဆက်မမိဘဲ သီးခြားသပ်သပ်စီ လွဲချော်နေတာတွေ့ရမှာဖြစ်ပါတယ်။ ဆန်စပါးလောကရဲ့ အရင်းအမြစ်ကစပြီး ကြည့်မယ်ဆိုရင် ဈေးကွက်က ပဓာနပါပဲဆိုတာ ငြင်းလို့ရမယ်မဟုတ်ပါ။ ဈေးကွက်နဲ့ဆက်နွယ်ပတ်သက်နေတဲ့သူတွေဟာ ဘယ်သူတွေလဲ ဌာနအနေနဲ့ပြောရင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အဖွဲ့အစည်းနဲ့ပြောရရင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊လူပုဂ္ဂိုလ်နှင့်ပြောရရင် ဆန်စက်ပိုင်ရှင်များ၊ ဆန်စပါးကုန်သည်များ၊ ဆန်ပြည်ပတင်ပို့နေတဲ့ Expoter ကြီးများပဲ ဖြစ်ပါတယ်။

ဈေးကွက်နဲ့ ဆက်နွယ်ပတ်သက်နေတဲ့သူများဟာ ပြည်ပဆန်ဝယ်လက်နိုင်ငံက ဘယ်ဆန်မျိုး၊ ဘယ်လိုအရည်အသွေးမျိုး၊ ဘယ်လောက်ဈေးနဲ့ ဘယ်လောက်ပမာဏ ဝယ်လိုတယ်ဆိုတာ ချိတ်ဆက်ပြီး ဈေးကွက်ထောက်လှမ်းရမယ်။ စူးစမ်းရမယ်။ရတဲ့သတင်းအချက်အလက်တွေကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နဲ့ ညီနောင်အဖွဲ့အစည်းတွေဆီ ချိတ်ဆက်ပေးရမယ်။ ဒါပေမယ့် ပြည်တွင်းကိုရောပြည်ပကိုပါ အချိတ်အဆက် အားနည်းနေတာတွေ့ရပါတယ်။

မြန်မာ့ဆန်စပါး ပို့ကုန်မဟာဗျူဟာမှာ "မြန်မာနိုင်ငံက အဖွဲ့အစည်းတွေဟာ ပြည်ပဆန်ဝယ်လက် နိုင်ငံတွေနဲ့ ဆက်ဆံရေးခိုင်မာအောင် တည်ဆောက်မထားဘူး။ ဘယ်ဆန်၊ဘယ်အရည်အသွေးမျိုးကြိုက်နှစ်သက်တယ်၊ ဘယ်လောက်ဈေးရနိုင်တယ်ဆိုတာ လေ့လာစူးစမ်းမှု အားနည်းတယ်လို့ " သုံးသပ်ထားတာ တွေ့ရှိရ ပါတယ်။

တစ်ဖန် စပါးမျိုးကို ထုတ်လုပ်ပေးနေတဲ့ သုတေသန ဌာနပိုင်းကလည်း သူ့ဌာနရဲ့ ပုံမှန်စီမံချက် လမ်းကြောင်းအတိုင်း သွားနေတာတွေ့ရတယ်။ ထို့အတူ စပါးစိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးရတဲ့ စိုက်ပျိုးရေးဦးစီးဌာနကလည်း ရှေးရိုးအတိုင်းပဲရှိပြီးသား ဧည့်မထ ( Medium long grain )ကိုပဲ ဘယ်လောက်ပွားမယ်၊ ဘယ်လောက်စိုက်ပျိုးထုတ်လုပ်မယ်ဆိုပြီး လျှောက်လှမ်းနေတာတွေ့ရတယ်။ ပြည်ပဈေးကွက်ကို ဦးတည်ထုတ်လုပ်တဲ့စနစ်သွားနေတာ မဟုတ်တာကိုတွေ့ရတယ်။ လမ်းဟောင်းအတိုင်းပဲ လျှောက်လှမ်းနေတာတွေ့ရတယ်။ စပါးမျိုးထုတ်လုပ်တဲ့ အဆိုပါဌာနကြီးနှစ်ခုကလည်း ဈေးကွက်နဲ့ ကုန်သွယ်မှုလုပ်နေတဲ့ဌာန၊ အဖွဲ့အစည်းတွေကို " ကျွန်တော်တို့ ဘယ်စပါးမျိုး၊ ဘယ်လိုအရည်အသွေးမျိုးတွေ ထုတ်လုပ်ပေးရမလဲဗျာလို့ " ချိတ်ဆက်မေးတာ မရှိခဲ့ဘူး။ ထို့အတူပါပဲ အဆိုပါဈေးကွက်နဲ့ကုန်သွယ်မှုလုပ်ငန်းလုပ်နေတဲ့အဖွဲ့အစည်းတွေကလည်း စပါးမျိုး ထုတ်ပေးနေတဲ့ သုတေသနဌာနနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ကို "ဘယ်စပါးမျိုး၊ ဘယ်လိုအရည်အသွေးမျိုး၊ ဘယ်လောက်ပမာဏ ထုတ်လုပ်ပေးပါလို့ ချိတ်ဆက်ပြီး တောင်းဆိုတာ မရှိခဲ့ပါဘူး။

အဖွဲ့အစည်းတွေ တစ်ခုနှင့်တစ်ခု တွေ့ကြရင်တော့ စပါးမျိုးအဓိကထုတ်လုပ်ပေးနေတဲ့ဌာနကြီးနှစ်ခုကပြောပါတယ်။ "ပြောကြလေ၊ ဘာစပါးမျိုး၊ ဘယ်လိုအရည်အသွေးမျိုး၊ ဘယ်လောက် ထုတ်ပေးရမလဲလို့"ဆိုတော့ ဈေးကွက်နဲ့ ကုန်သွယ်မှုလုပ်ငန်း လုပ်နေတဲ့အဖွဲ့အစည်းများကလည်း တိတိကျကျ ပြန်မပြောနိုင်ကြဘူး။ ဒီလိုနဲ့ဂျာအေး သူ့အမေရိုက်ဖြစ်နေတဲ့ ဆန်စပါးလောကဟာ ချာလည်လည် ဖြစ်နေခြင်းပါပဲ။

အဲဒီတော့ ဆန်စပါးရောင်းဝယ်ဖောက်ကားသူ ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်ကြီးများကလည်း ပြည်တွင်းရှိပြီးဖြစ်နေတဲ့ ဒုံးရင်း ဒုံ့ရင်း ဧည့်မထမျိုး၊ ပေါင်းစုံဆန်ကိုပဲ ခြေသလုံးပွတ်ရင်းရတဲ့ဈေးနဲ့ ဖက်တွယ်နေကြတုံးပါပဲ။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ကြရတဲ့ တောင်သူလယ်သမားကြီးများအပိုင်းမှာလည်း အလွန်သနားစရာပါ။ သူတို့မှာ ဘာဈေးကွက် အမြင်မှလည်း မရှိကြဘူး။ ဆန်စက်ပိုင်၊ ဆန်ကုန်သည်တွေက ဟိုစပါးမျိုးအဝယ်လိုက်တယ်။ ဒီစပါးမျိုးက ဈေးကောင်းရနေပြန်တယ်ဆိုတဲ့ ပေါ်ပင်ဈေးကွက်ဖြစ်နေမှုပေါ် မူတည်ပြီး အဲဒီစပါးမျိုးကို မျိုးမရတဲ့နေရာက ရအောင်ရှာပြီး စိုက်ပျိုးကြတာပါပဲ။ ဈေးကွက်ပြောင်းရင် စပါးမျိုးက ပြောင်းသွားကြပြန်တာပါပဲ။ ဈေးကွက်နဲ့ကုန်သွယ်မှုလုပ်ငန်းလုပ်တဲ့အဖွဲ့အစည်းတွေကလည်း တောင်သူလယ်သမားကြီးများကို " ဘယ်လိုစပါးမျိုး၊ ဘယ်လို အရည်အသွေးမျိုးကို စိုက်၊ ပြည်ပသို့ ပို့ကုန်တန်းဝင်ပြီး ဈေးကောင်းရနိုင်တယ်၊ ဝယ်လည်းဝယ်ပေးမယ်လို့"ပြောတဲ့အချိတ်အဆက်ကလည်း ဟနေတာ တွေ့ရပါတယ်။ မြန်မာ့ဆန်စပါးလောကမျိုးထုတ် လုပ်မှု အရည်အသွေးနဲ့ ဈေးကွက်တောင်းဆိုမှုကွင်းဆက်တွေ အချိတ်အဆက်ဟနေမယ်ဆိုရင်တော့ မြန်မာ့အရည်အသွေးကောင်းဆန်လည်း ပေါ်ပေါက် မလာနိုင်ဘူး။ နိုင်ငံတကာဈေးကွက် ယှဉ်တိုးဖို့လည်း မလွယ်ကူနိုင်ဘူးလို့ မြင်ပါတယ်။


သို့ပါ၍ မြန်မာ့ဆန်စပါးလောက မျိုးစေ့ထုတ်လုပ်သူ၊ ပြန့်ပွားဖြန့်ဖြူးသူ၊ ဈေးကွက်လေ့လာ စူးစမ်းသူ၊ ရောင်းဝယ်ဖောက်ကားသူ (ဆန်စက်ပိုင်၊ ကုန်သည်၊ Expoter)များ၏ ကွင်းဆက်များ အချိတ်အဆက်မိမိ ဆောင်ရွက်ချိန်တန်ပြီလို့ ပြောပါရစေ။

(နိဂုံး)

# ပဲတို့၏မာယာ(သို့မဟုတ်)

y(rl, m)rsm;aomyadvmu

မောင်တိုးအောင်



အပိုင်း (၃)အထိ မြန်မာနိုင်ငံမှာ အဓိက စိုက်ပျိုးပြီး ပြည်ပကို အများဆုံးတင်ပို့နေတဲ့ ပဲ(၃)မျိုးဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ အကြောင်း သိသလောက် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီပဲ (၃)မျိုးကို မောင်တိုးအောင် ကုန်သွယ်လယ်ယာမှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က နည်းနည်းပါးပါး ထိတွေ့ကိုင်တွယ်ခဲ့ဖူးပါတယ်။ မတ်ပဲနဲ့ပတ်သက်လို့ အမှတ်တရလေးတွေ တင်ပြရရင် ၁၉၈၇ ခုနှစ် မောင်တိုးအောင် တွံတေးကို မြို့နယ်မန်နေဂျာအဖြစ် ပြောင်းရွှေ့သွားတဲ့အခါ လွှဲပြောင်း လက်ခံစာရင်းမှာ မတ်ပဲလက်ကျန် စာရင်းမရှိတော့ပေမယ့် လွှဲတဲ့နေ့ မတိုင်ခင်မှာ မျှောစာနဲ့ ရန်ကုန်ကို မတ်ပဲရေယာဉ်နှစ်စီး တန် ၅၀ ခန့်ကို အပို့ပြထားတာ တွေ့ရပါတယ်။ ရောက်ရှိကြောင်း ပြန်ကြားစာ (CRV)မရသေးလို့ လိုက်စစ်ဆေးတော့မှ သိုလှောင်ရုံမှူးက အမှန် မပို့ဘဲ အပို့ပြထားတာတွေ့ရလို့ ဖော်ထုတ်အမှုဖွင့် အရေးယူခဲ့ရပါ တယ်။ ဧရာဝတီတိုင်းမှာ တိုင်းမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင် စဉ် ၂၀၀၁ ခုနှစ်က ဓနုဖြူမှာ သိုလှောင်ထားတဲ့ ဌာနပိုင် မတ်ပဲ တန် ၃၀၀ ကျော်ကို ရွှေပုဇွန်ကြီးရေယာဉ်နဲ့ ရန်ကုန်ကိုတင်ပို့ရာမှာ ရေယာဉ်မှူးက ပုံမှန်သွားနေတဲ့ တွံတေးတူးမြောင်း လမ်းကြောင်းက မသွားဘဲ ဆီသက်သာအောင် ညောင်တုန်းမြစ်ဖက်ကနေ ညဘက် မောင်းဝင်သွားလို့ ညောင်တုန်းမြို့နားအရောက် ရေအောက်ကငုတ်နဲ့ တိုက်မိလို့ ဝမ်းဗိုက်ပေါက်ပြီး သင်္ဘောနစ်ခဲ့ပါတယ်။ သတင်းရရခြင်း ပုသိမ်ကနေ ညောင်တုန်းသို့ တပည့်ကျော် ကိုမြင့်ဖြိုးနဲ့အတူ စီးတော်ယာဉ် မာဇဒါဂျစ်နဲ့ အမြန်သွားခဲ့ပြီး တစ်ချိန်တည်းမှာ ညောင်တုန်း ပတ်ဝန်းကျင်မှာရှိတဲ့ လက်ထောက်တိုင်းရုံး၊ မြို့နယ်ရုံး၊ ဆန်စက် တွေက မန်နေဂျာတွေ၊ ဝန်ထမ်းတွေ၊ လုပ်သားတွေ ညောင်တုန်းကို အမြန်ဆုံးနည်းဖြင့် လာကြဖို့ အကူအညီတောင်းခံပြီး ဆယ်တင်ရေး လုပ်ငန်းတွေကို (၁၀)ရက်လောက် လုပ်ခဲ့ရပါတယ်။ ပဲဆယ်တင်ရေး လုပ်နေစဉ်မှာ မြုပ်နေတဲ့ ပဲသင်္ဘောကို အခြားသင်္ဘောတစ်စီးက ဝင်တိုက်တဲ့ ပြဿနာက ထပ်ဖြစ်ပါသေးတယ်။ တာဝန်ရှိသူက စစ်ဆေးလိုက်တော့ သင်္ဘောမောင်းလာတာ ဆလင်မဟုတ်ဘဲ ကြိုးချည်တဲ့ သင်္ဘောသားက တက်မောင်းတာ ဖြစ်နေပါတယ်။ ဒါ့ အပြင် သင်္ဘောဝမ်းခေါင်းထဲကို ရေငုပ်ပြီး ပဲအိတ်တွေဆင်းဆယ်ရင်း နဲ့ အလုပ်သမားတစ်ဦး ကြိုးပြတ်ပြီး ရေထဲနစ်သွားလို့ အမြန်ဆယ်ယူ ပြီး ဆေးရုံပို့လိုက်ရတယ်၊ ကံကောင်းလို့ မသေပေမယ့် နောက်ထပ် လုပ်သားတွေ သင်္ဘောဝမ်းခေါင်းထဲ မဆင်းရဲတော့လို့ အတော်လေး စည်းရုံးရေးဆင်းပြီး လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်ခဲ့ရပါ တယ်။ ရေမစိုတဲ့ ပဲအကောင်းတွေကို ပြည်ပပို့လို့ရအောင် အနီးဆုံး ဂိုထောင်ကို စာရင်းမှတ်စနစ်နဲ့ လက်ခံခိုင်းပြီး ရေစိုပဲအားလုံးကို သောင်ပြင်မှာ နေလှန်း၊ အမျိုးအစားခွဲပြီး၊ ပြည်တွင်းလူစားသုံးလို့ ရတာ၊ တိရစ္ဆာန်အစာအဖြစ် သုံးလို့ရတာ၊ မြေဩဇာအဖြစ်သုံးလို့ရတာ စသည်ဖြင့် ခွဲထုတ်ပြီး အမြန်ဆုံးစနစ်တကျ အားလုံး လေလံတင် ရှင်းလင်းပြီးမှ ပုသိမ်ကို တပ်ပြန်ခေါက်ခဲ့ရပါတယ်။

ပဲတွေအားလုံးကို အာမခံထားခဲ့တဲ့အတွက် တန်ဖိုးအားလုံး မြန်မာ့အာမခံလုပ်ငန်းက ပြန်လျော်ပေးခဲ့ပါတယ်။ တိုင်းအကြီးအကဲ က ပုသိမ်တယကရုံးမှာ မြန်မာ့အာမခံလုပ်ငန်းမှ လျော်ကြေးငွေပေး အပ်တဲ့ အခမ်းအနားကို စီစဉ်ပေးခဲ့ပါတယ်။ မြန်မာ့အာမခံလုပ်ငန်း၊ အထွေထွေမန်နေဂျာ ဦးမောင်မောင်သိမ်း (နောင် ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး)က ပြောပြရာမှာ အဲဒီအချိန်ထိ မြန်မာ့အာမခံ သမိုင်းမှာ လေယာဉ်ပျံကိုပေးရတဲ့ လျော်ကြေးငွေကလွဲရင် ဒီရေမြုပ် မတ်ပဲတွေအတွက် ပေးရတဲ့အာမခံလျော်ကြေးပမာဏဟာ အများ ဆုံးလို့ ပြောပြခဲ့တာကို မှတ်မိနေပါတယ်။ မောင်တိုးအောင်လည်း ဒီပဲလျော်ကြေးငွေရအောင် လုပ်နိုင်ခဲ့လို့လား မသိဘူး တိုင်းအကြီး အကဲနဲ့ လူကြီးတွေကချီးမြှင့်လို့ ၂၀၀၂ ခုနှစ်မှာ စီမံထူးချွန်(တတိယ) အဆင့်ကိုရခဲ့ပါတယ်။ ဒါက ပဲနဲ့ပတ်သက်လို့ အမှတ်တရလေးတွေ ပါ။ ပဲတွေ ဆယ်ယူရင်း နေလှမ်းရင်း ဒုက္ခတွေ အပင်ပန်းခံခဲ့တဲ့ တပည့်ကျော် ကိုမြင့်ဖြိုးလည်း နောင်(၁၅)နှစ်လောက်အကြာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့မှာ တာဝန်ကျရာ နေပြည်တော်ကနေ ပုသိမ်အပြန် ကားမတော်တဆဖြစ်ပြီး ညောင်တုန်းမြို့နားမှာပဲ ကွယ် လွန်သွားခဲ့ပါတယ်။ တစ်ခါတစ်လေ မထင်ထားတဲ့ တိုက်ဆိုင်မှုလေး တွေဟာ ဘဝမှာ စိတ်မကောင်းစရာ အမှတ်တရလေးတွေ ဖြစ်ခဲ့ရပါ တယ်။

ဆက်လက်ပြီး လက်ရှိပဲဈေးကွက်ဖြစ်ပေါ်နေပုံကို (အထူး သဖြင့်) မတ်ပဲနဲ့ ပဲစင်းငုံအကြောင်း ဖော်ပြမှာဖြစ်ပါတယ်။ ပဲဈေးနှုန်း တွေရဲ့ ပြောင်းလဲမှုကို ပြန်သုံးသပ်တင်ပြရရင် အစားထိုးစိုက်ပျိုးတဲ့ ပဲသီးနှံတွေထဲမှ ကုလားပဲကိုလည်းထည့်သွင်း စဉ်းစားရမှာဖြစ်လို့ ပဲ(၄)မျိုးရဲ့ ဘုရင့်နောင် ကုန်စည်ဒိုင်နှစ်အလိုက် ဖြစ်ခဲ့တဲ့ ပျမ်းမျှ ဈေးနှုန်းတွေကို (၅)နှစ်စာ နှိုင်းယှဉ်တင်ပြလိုပါတယ်-

| စဉ် | ဘဏ္ဍာနှစ် | မတ်ပဲ | ပဲတီစိမ်း | ပဲစင်းငုံ | ကုလားပဲ |
|---|---|---|---|---|---|
| ၁ | ၂၀၁၃-၁၄ | ၅၅၄၉၆၇ | ၉၆၀၁၁၇ | ၅၈၆၃၃၃ | ၅၆၂၈၁၇ |
| ၂ | ၂၀၁၄-၁၅ | ၈၀၂၈၄၃ | ၁၂၁၂၄၆၅ | ၇၂၄၀၄၂ | ၄၇၇၇၈၉၆ |
| ၃ | ၂၀၁၅-၁၆ | ၁၅၆၀၃၃၃ | ၁၃၆၇၃၈၃ | ၁၃၇၄၂၅၀ | ၉၆၄၉၆၇ |
| ၄ | ၂၀၁၆-၁၇ | ၁၃၉၇၄၁၇ | ၁၁၀၆၃၃၃ | ၁၁၃၄၈၃၃ | ၁၄၁၃၉၇၅ |
| ၅ | ၂၀၁၇-၁၈ | ၆၈၆၀၈၃ | ၁၂၆၆၉၉၀ | ၄၉၈၀၄၂ | ၁၂၇၀၆၆၇ |
| ၆ | ၂၀၁၈-၁၉ | ၄၅၅၅၀၀ | ၁၂၄၂၇၀၀ | ၄၄၀၇၅၀ | ၇၀၈၀၂၅ |

လွန်ခဲ့တဲ့(၅)နှစ်နဲ့ နှိုင်းယှဉ်ရင် ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း ဖြစ်ပေါ်နေသော မတ်ပဲ၊ ပဲစင်းငုံဈေးနှုန်းများသည် အနိမ့်ဆုံးဖြစ်နေ ပါတယ်။ ယခုကဲ့သို့ မတ်ပဲနှင့်ပဲစင်းငုံ ဈေးနှုန်းများ ကျဆင်းရခြင်းရဲ့ အဓိကအကြောင်းအရင်းမှာ အိန္ဒိယနိုင်ငံတွင် ၂၀၁၆-၁၇ စိုက်ပျိုး ရာသီမှစ၍ ရာသီဥတုနဲ့ ပဲမျိုးစုံထွက်ရှိမှု ထူးထူးခြားခြားကောင်းမွန်ပြီး ပုံမှန်ပဲမျိုးစုံထွက်ရှိမှုထက် တန်ချိန် (၅)သန်းကျော် ပိုမိုထွက်ရှိလာခြင်း ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် အိန္ဒိယနိုင်ငံတွင် ပဲစိုက်တောင်သူများ အတွက် အနိမ့်ဆုံးဈေးနှုန်း (MSP) သတ်မှတ်ပေးထားသော်လည်း ၂၀၁၇ ခုနှစ် နှစ်စကစပြီး အိန္ဒိယပြည်တွင်း ပဲဈေးနှုန်းများသည် (MSP)ဈေးနှုန်းအောက် ကျဆင်းခဲ့ပါတယ်။ ဒါကိုကုစားနိုင်ဖို့ အိန္ဒိယ နိုင်ငံအစိုးရက အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဩဂုတ် ၅ ရက်နေ့တွင် ပဲစင်းငုံတင်သွင်းခြင်းကို တန်ချိန်(၂)သိန်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် မတ်ပဲနှင့်ပဲတီစိမ်း တင်သွင်းခြင်းကို တန်ချိန်(၃)သိန်းသာ တင်သွင်းခွင့်ပြုတော့မည်ဖြစ်ကြောင်း ကြေညာ ခဲ့ပါတယ်။ ဒီအချိန်မှစပြီး မြန်မာနိုင်ငံ ပဲဈေးကွက်တွင်လည်း အိန္ဒိယ ကိုအဓိက တင်ပို့တဲ့ ပဲ(၂)မျိုးစလုံးရဲ့ ဈေးနှုန်းများ သိသိသာသာ ထိုးဆင်း သွားခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကာလ ၂၀၀၇ ခုနှစ်ကစပြီး ရာသီဥတု ဖောက်ပြန်ခဲ့ခြင်းကြောင့် ပြည်တွင်းပဲဈေးနှုန်း တွေ အလွန်အမင်း မြင့်တက်လာတဲ့အတွက် ပဲစင်းငုံ၊ မတ်ပဲနဲ့ ပဲတီစိမ်း တွေရဲ့ တန်ဖိုးမြင့်ကုန်ပစ္စည်း (Value Added)တွေ ပြည်ပ တင်ပို့ခွင့်ကို တားမြစ်ခဲ့ပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှာ ကြေညာချက် ထုတ်ပြန်ပယ်ဖျက်ပြီး ပြည်ပကို ပြန်လည်တင်ပို့ခွင့်ပြုခဲ့ပါတယ်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ် တစ်နှစ်လုံးမှာ မြန်မာနိုင်ငံက ပဲမျိုးစုံ တင်ပို့နိုင်မှုမှာ စုစုပေါင်း တန်ချိန် ၁ ဒသမ ၃၁၇ သန်း တင်ပို့ခဲ့ပြီး ဒီအထဲမှာ အိန္ဒိယကို တန်ချိန် ၅ ဒသမ ၃၈၈ သန်း တင်ပို့ခဲ့ပါတယ်။ ဒါ့အပြင် မတ်ပဲနဲ့ ပဲစင်းငုံတွေမှာ မြန်မာနိုင်ငံက စင်ကာပူနဲ့ မလေးရှားကို တင်ပို့တဲ့ပဲတွေနဲ့ အိန္ဒိယကတစ်ဆင့် နယ်စပ်နိုင်ငံတွေ ကို Re-export စနစ်နဲ့တင်ပို့တဲ့ ပဲတွေအများစုဟာ အိန္ဒိယနိုင်ငံ ဈေးကွက်ထဲကိုပဲ ရောက်သွားနိုင်တယ်လို့ ပဲကျွမ်းကျင်သူများက ခန့် မှန်းပါတယ်။ ဒါကြောင့် တကယ် အိန္ဒိယဈေးကွက်ထဲကို ရောက်တဲ့ ပဲတန်ချိန်ဟာ ဒီထက်ပိုများနိုင်ပါတယ်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံအပါအဝင် အခွန်ကင်းလွတ်ခွင့် ပေးထားတဲ့ နိုင်ငံတွေက ပဲတင်သွင်းခြင်းကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ မှာ Quota သတ်မှတ်လိုက်သလို၊ အခြားအခွန်ဆောင်ပြီး တင်သွင်း ရတဲ့ နိုင်ငံတွေအပေါ်မှာလည်း ကောက်ခံတဲ့အခွန်ရာခိုင်နှုန်းတွေ ကို အများကြီးမြှင့်တင်လိုက်တဲ့အတွက် အိန္ဒိယကို အဓိကပဲတင်သွင်း တဲ့ ဖွံ့ဖြိုးပြီး ဩစတြေးလျ၊ ကနေဒါနိုင်ငံကြီးတွေအတွက်လည်း ပဲတင်ပို့ရေးမှာ များစွာထိခိုက်နစ်နာခဲ့တယ်လို့ သိရပါတယ်။ တချို့ နိုင်ငံရဲ့ အကြီးအကဲများကိုယ်တိုင် အိန္ဒိယနိုင်ငံကို လာရောက် ဆွေးနွေး ညှိနှိုင်းကြတယ်လို့ သိရပါတယ်။ ဒါပေမဲ့ အိန္ဒိယဝန်ကြီးချုပ် ကြီးကတော့ Uncle ကတော့ No ပါပဲဟု အဖြေပေးတယ်လို့ သိရပါ တယ်။ G to G စာချုပ်နိုင်တဲ့ မိုဇမ်ဘစ်နိုင်ငံကတော့ တန်ချိန်တစ်သိန်း ခွဲ သီးခြားပေးထားပေမယ့် တကယ်သွင်းတဲ့အခါ ဘယ်လိုအခြေအနေ ရှိတယ်၊ ဘယ်ဈေးပေးတယ်ဆိုတာကိုတော့ တိတိကျကျ မသိနိုင်သေး ပါ။ အိန္ဒိယနိုင်ငံမှာ ပြည်တွင်း ပဲဈေးတွေကျခြင်းကြောင့် ပြီးခဲ့တဲ့ရာသီ မှာ အကြွေးမဆပ်နိုင်လို့ တောင်သူ ၆၀၀ ကျော်လောက် သတ်သေ သွားကြတယ်လို့ သတင်းတွေကြားနေရပါတယ်။ ၂၀၁၈ ခုနှစ်မှာ လည်း မတ်ပဲ၊ ပဲစင်းငုံရဲ့ ပဲအဓိကဝယ်လက်ဖြစ်တဲ့ အိန္ဒိယနိုင်ငံက လယ်သမားတွေအတွက် MSP ဈေးနှုန်း USD 830 ကျော်ထိ အစိုးရ က မြှင့်ပေးပေမယ့် တကယ်လက်တွေ့ဈေးကွက်မှာ အမှန်ရောင်းနေ ကြရတဲ့ ဈေးတွေကတော့ USD 500 ခန့်ထိ ဈေးကျနေတာတွေ့ရတော့ ကျွန်တော်တို့လို အိန္ဒိယကိုပဲစိုက်ပြီး တင်ပို့နေတဲ့ နိုင်ငံအနေနဲ့ကတော့ ဒီဈေးကွက်ကိုသာ အဓိကတင်ပို့ရောင်းချနေတဲ့ မတ်ပဲနဲ့ ပဲစင်းငုံတွေ ကို လာမည့်စိုက်ပျိုးရာသီမှာ စီးပွားဖြစ်မစိုက်တော့ဘဲ ခပ်ဝေးဝေး ရှောင်နေသင့်တယ်လို့ တင်ပြလိုပါတယ်။

အိန္ဒိယဈေးကွက်ပေါက်ဈေးနှင့် မြန်မာ ဈေးကွက်ပေါက်ဈေး ကွာခြားချက် တွက်ချက်မှု ဇယား

ရေတွက်ပုံ - USD/တန်

| ရက်စွဲ | ပဲအမျိုးအစား | အိန္ဒိယ အမြေခံ သတ်မှတ် ဈေးနှုန်း | အိန္ဒိယ ဈေးကွက် ပေါက်ဈေးနှုန်း | မြန်မာ FOB ဈေးနှုန်း | အိန္ဒိယဈေး ကွက်ပေါက် ဈေးနှုန်းနှင့် မြန်မာFOB ဈေး နှုန်းကွာခြားချက် |
|---|---|---|---|---|---|
| ၁-၆-၁၈ | မတ်ပဲ | ၈၃၁ | ၅၂၇ | ၄၀၅ | ၁၂၂ |
| ၁-၆-၁၈ | ပဲစင်းငုံ | ၈၃၈ | ၅၅၀ | ၄၁၂ | ၁၃၈ |
| ၁၅-၆-၁၈ | မတ်ပဲ | ၈၃၁ | ၄၅၆ | ၃၅၅ | ၁၀၁ |
| ၁၅-၆-၁၈ | ပဲစင်းငုံ | ၈၃၈ | ၅၁၄ | ၃၇၅ | ၁၃၉ |
| ၃၀-၆-၁၈ | မတ်ပဲ | ၈၃၁ | ၅၀၅ | ၃၀၀ | ၂၀၅ |
| ၃၀-၆-၁၈ | ပဲစင်းငုံ | ၈၃၈ | ၅၁၀ | ၃၅၀ | ၁၆၀ |
| ၇-၇-၁၈ | မတ်ပဲ | ၈၃၁ | ၅၅၁ | ၃၁၀ | ၂၄၁ |
| ၇-၇-၁၈ | ပဲစင်းငုံ | ၈၃၈ | ၅၄၃ | ၃၇၀ | ၁၇၃ |
| ၁၂-၇-၁၈ | မတ်ပဲ | ၈၃၁ | ၅၃၀ | ၂၉၀ | ၂၄၀ |
| ၁၂-၇-၁၈ | ပဲစင်းငုံ | ၈၃၈ | ၅၁၄ | ၃၄၅ | ၁၆၉ |

၂၀၁၈-၂၀၁၉ စိုက်ပျိုးရာသီအတွက် Quota သတ်မှတ်ချက် တွေကို ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်နေ့မှာ တစ်ကြိမ်၊ မေလ ၁၁ ရက် နေ့မှာ တစ်ကြိမ် ကြေညာခဲ့ပါတယ်။ အရေအတွက်ကတော့ ပဲစင်းငုံ (၂)သိန်း၊ မတ်ပဲနဲ့ ပဲတီစိမ်းက ၁ ဒသမ ၅ သိန်းစီနဲ့ နှစ်မျိုးပေါင်း တန်ချိန်(၃)သိန်း သတ်မှတ်ခဲ့ပါတယ်။ ထူးခြားချက်ကတော့ ပဲ Quota နောက်ဆုံး တင်သွင်းရမယ့် ကာလကို ဩဂုတ်လကုန်အထိသာ သတ် မှတ်ထားပါတယ်။ ကြေညာချက်ထွက်ပြီးခါစမှာ မြန်မာနိုင်ငံ ပြည် တွင်းပဲဈေးနှုန်းတွေ အနည်းငယ်ပြန်မြင့်တက်လာပေမယ့် မှန်း သလောက်တော့ ဈေးတက်မလာခဲ့ပါ။ အိန္ဒိယကလည်း ထုံးစံအတိုင်း မာယာတွေ အများကြီးသုံးထားတယ်လို့ ထင်ရပါတယ်။ ဒါ့အပြင် အိန္ဒိယနိုင်ငံမှာ ပဲသွင်းကုန်လိုင်စင် လျှောက်ထားသူများအားလုံးကို တစ်ပြိုင်နက်ထုတ်ပေးတာမျိုး မလုပ်ဘဲ ဝယ်လိုအားနည်းနေအောင် သွင်းကုန်လိုင်စင်ကို နည်းနည်းစီ အချိန်ဆွဲပြီး ထုတ်ပေးခဲ့တယ်လို့ သိရပါတယ်။

ဒီနေရာမှာ ရောင်းချင်တဲ့လူကများပြီး ကုန်လက်ကျန် တန်ချိန် များတဲ့ ကုန်ပစ္စည်းကို တင်သွင်းခွင့်ရတဲ့လူတွေက စိတ်ကြိုက်တစ်ဖက် သတ် ဈေးနှိမ်ဝယ်ယူခွင့်ရအောင် ဖန်တီးတဲ့ သဘောလို့ပဲ ကျွမ်း ကျင်သူအချို့က သုံးသပ်ပါတယ်။ (ဒါလည်း အိန္ဒိယရဲ့ ပဲတို့၏ မာယာ တွေလို့ ပြောနိုင်ပါတယ်)

သူတို့ဘက်က အခြေအနေကို စိတ်ကြိုက်ဖန်တီးနိုင်စွမ်းရှိနေ တဲ့ အချိန်မှာ မိမိတို့ဘက်က အခြေအနေကို ပြန်သုံးသပ်ကြည့်ရင် ဇွန်လ ၁ ရက်နေ့ အိန္ဒိယသွင်းကုန်လိုင်စင် စဖွင့်ထုတ်ပေးအချိန်မှာ

စာမျက်နှာ (၂၉)သို့

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်နှင့် သကြား ပြည်တွင်းဈေးနှုန်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဇူလိုင်စတုတ္ထပတ်အတွင်း ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိ၍ Malawi နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၇ ဒသမ ၇၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၅၉ နိုင်ငံရှိပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံ စသည့်နိုင်ငံများ ပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း ပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၃၈ နိုင်ငံရှိ၍ ပြင်သစ်၊ ဂျပန်၊ နော်ဝေ၊ နယ်သာလန်၊ အိန္ဒိယ၊ ဂျာမနီနှင့် ဖိလစ်ပိုင်နိုင်ငံတို့ပါဝင်ပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၃၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်း အနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံသည် သုည ဒသမ ၉၀ ရာခိုင်နှုန်းထိ ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ အင် ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ် နိုင်ငံများသည် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေ၍ ဖိလစ်ပိုင်နိုင်ငံသည် ၁ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးကျခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဇူလိုင် စတုတ္ထပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၂ နိုင်ငံရှိခဲ့၍ Malawi နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၉ ဒသမ ၂၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှားနှင့် စင်ကာပူနိုင်ငံ စသည့်နိုင်ငံများ အပါအဝင် ၆၄ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၃၆ နိုင်ငံရှိ၍ နော်ဝေ၊ ပြင်သစ်၊ ဂျပန်၊ ဆွီဒင်၊ အိန္ဒိယ၊ ဂျာမနီ၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၃၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်ဇူလိုင် ၂၃ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံသည် သုည ဒသမ ၉၀ ရာခိုင်နှုန်းထိ ဈေးတက်ခဲ့ကာ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံ များသည် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေ၍ ဖိလစ်ပိုင်နိုင်ငံ သည် ၁ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၁ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၇၆ |
| ၃ | ထိုင်း | လီတာ | ၁.၁၀ | ၀.၈၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၂ | ၀.၇၅ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၀ | ၁.၂၁ |
| ၆ | မလေးရှား | လီတာ | ၀.၅၄ | ၀.၅၄ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၁ | ၀.၈၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၃ | ၀.၈၉ |
| ၉ | လာအို | လီတာ | ၁.၂၃ | ၀.၉၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ် ဇူလိုင် စတုတ္ထပတ် ၂၃ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည်

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၈ ဖြင့်လည်းကောင်း၊ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၉ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့် လည်းကောင်း ၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၉ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၃၃၅ ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ နှင့် အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့် လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ကြည့်ပါက ပါကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ် ဆန်ဈေးနှုန်းများ ဈေးကျသွားပြီး အိန္ဒိယဆန်ဈေးနှုန်းမှာမူ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဆန်ဈေးတက်လာသည်ကို လေ့လာတွေ့ ရှိရပါသည်။

ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးဖြစ်သည့် ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ဆန်အများအပြား တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ အဓိကရည်မှန်းထားသည့် ဈေးကွက်ဖြစ်ပြီး အမေရိက၊ ကနေဒါ၊ Europe၊ ဩစတြေးလျ၊ ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံများသို့လည်း ဆန်အမြောက်အမြားတင်ပို့ရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ကောက်ပဲသီးနှံရာသီတွင် ဆန်စပါးအတွက် ထောက်ပံ့ငွေအဖြစ် စုစုပေါင်းဘတ် ၉၇ ဒသမ ၉၅ ဘီလီယံရရှိကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အင်္ဂါနေ့တွင် ကြေညာခဲ့ပါသည်။ အဆိုပါ ထောက်ပံ့ပေးမှုတွင် နိုင်ငံဘဏ္ဍာမှ ချေးငွေအဖြစ် ဘတ် ၃၅ ဒသမ ၀၆ ဘီလီယံ ပါဝင်ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၂ ကျပ်နှုန်းရှိပြီး ဧည့်မထဆန်တစ်အိတ်လျှင် ၂၄၅၀၄ ကျပ်ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးပြောင်းလဲခြင်းမရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဇူလိုင် ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် ၂၁၁ ကျပ် နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ်တစ်အိတ်လျှင် ၂၅၁၀၉ ကျပ်မှ ၂၅၃၂၀ ကျပ်ထိပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါကဈေးနှုန်းအနည်းငယ်ကျသွားကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း ကမ္ဘာ့ဆန် အဓိကတင်သွင်းသောနိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၅၀ သန်း၊ EU ၂ ဒသမ ၀၀၀ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၁၀၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်းနှင့် ဂျပန် သုည ဒသမ ၆၈၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၅ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားသဖြင့် မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံလည်းဖြစ် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဈေးကွက်လိုအပ်ချက်များစွာရှိနေသောကြောင့် မြန်မာနိုင်ငံမှ ဆန်ပမာဏ အမြောက်အမြား တင်ပို့နိုင်မည်ဆိုလျှင် ပြည်ပသို့တင်ပို့သော ဆန်ဈေးကွက်မြင့်တက်လာနိုင်ကြောင်း သုံးသပ်သိရှိရပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် တစ်ပတ်အတွင်း ဈေးနှုန်းအတက်အကျ အနည်းငယ်သာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ဆန်အမျိုးအစားကိုလိုက်၍ ဈေးနှုန်းအနည်းငယ်ကျသွားသည်ကို လေ့လာတွေ့ရှိရပါသည်။ ဇူလိုင် ၂၅ ရက်ဈေးနှုန်းများအရ ၂၅ မှတ်နှင့် ၃၅ မှတ်ဆန်များအဝယ်မရှိကြောင်း သိရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဇူလိုင် ၂၀ ရက် မှ ၂၅ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၂၀-၀၇-၂၀၁၈ | ၂၃-၀၇-၂၀၁၈ | ၂၄-၀၇-၂၀၁၈ | ၂၅-၀၇-၂၀၁၈ |
| ၁ | ဧယာ | ၅ | ၂၂၇၀၀ | ၂၂၇၀၀ | ၂၂၇၀၀ | ၂၂၅၀၀ |
| ၂ | ဧယာ | ၁၀ | ၂၂၃၀၀ | ၂၂၂၀၀ | ၂၂၂၀၀ | ၂၂၀၀၀ |
| ၃ | ဧယာ | ၂၅ | | ၂၀၃၀၀ | ၂၀၃၀၀ | |
| ၄ | ဧယာ | ၃၅ | | | | |
| ၅ | ဧည့်မထ | ၅ | ၂၂၆၀၀ | ၂၂၆၀၀ | ၂၂၆၀၀ | ၂၂၃၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၂၂၀၀ | ၂၂၁၀၀ | ၂၂၁၀၀ | ၂၁၈၀၀ |
| ၇ | ဧည့်မထ | ၂၅ | | ၂၀၃၀၀ | ၂၀၃၀၀ | |
| ၈ | ဧည့်မထ | ၃၅ | | | | |
| ၉ | ငစိန် | ၅ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ |
| ၁၀ | ငစိန် | ၂၅ | | ၂၁၀၀၀ | ၂၀၃၀၀ | |
| ၁၁ | ငစိန် | ၃၅ | | | | |

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ရက်သတ္တပတ်အတွင်း အတက်အကျမရှိသည်ကို တွေ့ရှိရပါသည်။ ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၀၀၀၊ မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၉၀၀၊ မြစ်ကြီးနားမြို့နှင့် ကျိုင်းတုံမြို့တို့တွင် ကျပ် ၁၆၀၀ အသီးသီးဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ခဲ့ပါသည်။ စစ်တွေမြို့တွင်ကျပ် ၁၁၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရ ပါသည်။ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

# ထိုင်းနိုင်ငံအတွင်း ဆေးဝါးများကို သုတေသနပြုခွင့်ပေးရန် ဥရောပမှတောင်းဆို

သမ္မတရုံးဝန်ကြီးဖြစ်သူ နိုင်းကွပ်ဆက်ဖူသရကွန်၏ ပြောကြားချက်အရ ဥရောပ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသမဂ္ဂ ဥက္ကဋ္ဌဖြစ်သူ မစ္စတာစတေးဖန်ဖော်နာနှင့် ဆွေးနွေးခဲ့ရာ ဥရောပသမဂ္ဂမှ ထိုင်းနိုင်ငံ၏ မူဝါဒနှင့်ပတ် သက်၍ အကြံပေးမှုအရ ထိုင်းအစိုးရမှ ဆေးဘက်ဆိုင်ရာ သုတေသနပြုခြင်းကို ပိုမိုထောက်ပံ့စေရန်၊ ထိုနည်းတူ ပြည်ပမှ ဝင်ရောက်လာသော ဆေးဘက်ဆိုင်ရာသုတေသနပြု ကုမ္ပဏီများကို ထိုင်းကုမ္ပဏီများနှင့် တန်းတူအခွင့်အရေးပေးရန် အကြံပြုတောင်းဆိုခဲ့ကြောင်း၊ ဥပမာ-သုတေသနပြုပြီး ဆန်းသစ်ပြောင်းလဲသော ဆေးဝါးများကို စာရင်းထဲ၌ မှတ်ပုံတင် ခွင့်ပေးရန် စသည်တို့ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် ဥရောပသမဂ္ဂ၏ထင်မြင်ချက်မှာ မီးရထားသည် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်ရာ၌ အရေးပါသောကြောင့် အခြေခံအဆောက်အဦများနှင့် သံလမ်းတည်ဆောက်ရာတွင် ရှယ်ယာပါဝင်၍ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း၊ သံလမ်းတည်ဆောက်ရာတွင် တာဝန်ယူရသည့်ကာလမှာ အနှစ် ၅၀ ရှိသောကြောင့် အဆင့်မီသော စနစ်နှင့် အရည်အသွေးရှိသော ကုမ္ပဏီဖြင့်တည်ဆောက်ရန်လိုအပ်ကြောင်း၊ စုပေါင်းထုတ်ကုန်နှင့် ဝန်ဆောင်မှု ပေးခြင်းကော်မတီ (SME) ၏ အမြင်မှာ ယင်းကုမ္ပဏီများသည် ချေးငွေလွယ်ကူစွာရရှိနိုင်ရန် အစိုးရမှ ထောက်ပံ့သင့်သည်ဟု ထင်မြင်ကြောင်း သိရှိရပါသည်။

ထို့ပြင် ယင်းကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှုစနစ် ဥပဒေကိုပါပြုပြင်ပြောင်းလဲစေလိုကြောင်း၊ ဥပမာလက်မှုလုပ်ငန်းများ လွတ်လပ်စွာဆောင်ရွက်ရန်၊ အကောက်ခွန်မဟုတ်သော အခြားဆွဲဆောင်မှုဖြင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများဝင်ရောက်ရင်းနှီးမြှုပ်နှံရန် အစိုးရမှ စီမံခန့်ခွဲစေလိုကြောင်း၊ လွန်ခဲ့သောကာလ၌ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များနှင့်ပါရဂူများ ထိုင်းနိုင်ငံ၌ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်နိုင်ရန် Smart Visa စီမံပေးခဲ့ပါကြောင်း၊ လုပ်ငန်းလိုင်စင်ထုတ်ပေးရန်လည်း စီစဉ်မည်ဖြစ်ကြောင်း၊ Thailand (4.0) မူဝါဒအရ EEC (Eastern Economic Corridor) တွင် ထိုင်းနိုင်ငံနှင့် ဥရောပတို့အကြား အခွန်လွတ် ကူးသန်းရောင်းဝယ်နိုင်ရန် အစိုးရမှ ကြိုးပမ်းအားထုတ်မည်ဖြစ်ကြောင်း သိရှိရသည်။

**Source :ထိုင်းရတ်သတင်းစာ**

**သန်းသန်းနိုင်**

# အနာဂတ်တွင် တိုးတက်လာနိုင်သော ခဲသတ္တုတင်ပို့မှု

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခဲသတ္တုတူးဖော်ထုတ်လုပ်သော ကုမ္ပဏီကြီး၊ လတ်၊ သေး ၂၈ ခုသို့ လုပ်ပိုင်ခွင့်ချထားကြောင်း သိရှိရပါသည်။ မြိတ်ခရိုင်အတွင်း၌ ခဲသတ္တုတူးဖော်ရေးကုမ္ပဏီ အကြီးစားသုံးခု၊ အသေးစား ခုနစ်ခု စုစုပေါင်း ကုမ္ပဏီ ၁၀ ခုမှ လုပ်ကွက်ပေါင်း ၁၆ ခုတွင် ခဲသတ္တုများ တူးဖော်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီနှစ်ခုမှ ခဲသတ္တုတန်ချိန် ၄၀ ဒသမ ၂၉၄ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၈ သန်းကို မြိတ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါသည်။

မြိတ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ခဲသတ္တုတင်ပို့ခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်များတွင် တင်ပို့နိုင်ခြင်းမရှိဘဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှသာ ပြန်လည်တင်ပို့နိုင်ခြင်း ဖြစ်ပါသည်။ ယခု ၂၀၁၈ ဘဏ္ဍာနှစ် ပထမ (၃) လတာကာလတွင် ခဲသတ္တုတန်ချိန် ၇၃ ဒသမ ၀၁၃ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၀၉ သန်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

မြိတ်ခရိုင်အတွင်းရှိ ကျွန်းစု၊ တနင်္သာရီ၊ ပလောက်မြို့နယ်များတွင် ခဲသတ္တုတူးဖော်ရေး ကုမ္ပဏီများမှ တရားဝင်ခဲသတ္တုတူးဖော်ရေး လိုင်စင်လျှောက်ထားရယူပြီး ခဲသတ္တုထုတ်လုပ်ခြင်းဖြစ်သည့်အတွက် မကြာမီ ပွင့်လင်းရာသီတွင် ခဲသတ္တုများ ပိုမို ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်းသိရှိရပြီး မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုပမာဏ တိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ကြောင်း သတင်းရရှိပါသည်။

**ဖိုးအဲချွတ်(မြိတ်)**

# ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့မှု လျော့ကျ

ချင်းပြည်နယ်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အိန္ဒိယနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်ပစ္စည်းကွမ်းသီးမှာ ယခုလ ဇူလိုင် ၁ ရက်မှ ၁၀ ရက်နေ့ထိ ၂၆၅ တန်၊ တန်ဖိုး ၄၅၀ ကျပ်သန်းသာ တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ် ဇူလိုင်လတွင် တင်ပို့ခဲ့သည့် ၂၅၀၀ တန်၊ တန်ဖိုး ၂၇၅၀ ကျပ်သန်းနှင့် နှိုင်းယှဉ်ပါက များစွာ လျော့နည်းသွားကြောင်း သိရှိရပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဘဏ္ဍာနှစ်အလိုက် ကွမ်းသီးတင်ပို့နိုင်မှုမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၀၄၇၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၂၈ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၇၅၇၉၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂၁ ဒသမ ၆၈၀ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၅၈၄၄၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၁၅၇ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

တင်ပို့သည့် ကုန်သည်များအနေဖြင့် ရောင်းလိုအားရှိသော်လည်း အကြွေးစနစ်ဖြင့် မရောင်းလိုခြင်း၊ အိန္ဒိယကုန်သည်များအနေနှင့် လမ်းပန်းသာသည့် အိန္ဒိယနိုင်ငံ၊ မဏိပူရပြည်နယ်နှင့် ဆက်စပ်သည့် တမူး ကုန်သွယ်ရေးစခန်းဘက်မှ ဝယ်ယူခြင်းများကြောင့် လျော့နည်းရခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

**ဘကြီးဖြိုး**

# တရုတ်နိုင်ငံနှင့် ယူအေအီးတို့ ခေတ်သစ်ပိုးလမ်းမကြီး ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်မည်

တရုတ်နိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) တို့သည် နှစ်နိုင်ငံ ဆက်ဆံရေးများအား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံ ဆက်ဆံရေး မြှင့်တင်သည့်အနေဖြင့် ခေတ်သစ်ပိုး လမ်းမကြီး မူဘောင်အောက်တွင် နှစ်နိုင်ငံ ဆက်ဆံရေး ပူးပေါင်းမှုမြှင့်တင်ရန် ဇူလိုင်လ ၂၀ ရက်က ကတိပြုခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ သမ္မတရှီကျင့်ပင် ချစ်ကြည်ရေးခရီး လာရောက်စဉ်အတွင်း ဆက်ဆံရေးအဆင့်မြှင့်တင်ကြောင်း ကြေညာချက်တွင် နှစ်နိုင်ငံအနေဖြင့် ဘုံအကျိုးစီးပွားများရရှိရေး ရေရှည်တည်တံ့သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မိတ်ဖက်ဆက်ဆံရေး တည်ထောင်ရန်ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုကောင်းမွန်ချောမွေ့စေရန်၊ ခေတ်သစ်ပိုးလမ်းမကြီး အကောင်အထည်ဖော် ဆောင်ရွက်မှု မူဘောင်အောက်တွင် နှစ်နိုင်ငံပူးတွဲ စီမံကိန်းများအဖြစ် လွတ်လပ်သော ကုန်သွယ်မှု ဇုန်တည်ဆောက်ခြင်းနှင့် နှစ်နိုင်ငံ စွမ်းရည် ပူးပေါင်း ဆောင်ရွက်မှုသရုပ်ပြဇုန်အဖြစ် ဖော်ဆောင်ရန် နှစ်နိုင်ငံ ကတိပြုခဲ့ကြသည်။ အပြန်အလှန်နားလည်မှု တိုးမြှင့်ရန်နှင့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံ ဆက်ဆံရေးခိုင်မာရန်၊ ခေတ်သစ်ပိုးလမ်းမကြီး အကောင်အထည်ဖော်ဆောင်ရွက်မှု ပူးတွဲတည် ဆောက်ရေး ရည်ရွယ်ကာ ကွန်ဖရင့်များနှင့် စာတမ်းဖတ်ပွဲများ နှစ်နိုင်ငံပူးတွဲပြုလုပ်ရန် သဘောတူညီချက်တွင် ဖော်ပြထားသည်။

**စိုင်းလှိုင်သူ(ပျဉ်းမနား)**

## မောင်တောကုန်သွယ်ရေးစခန်းမှ ယခင်လထက် ချင်း (အစို) တင်ပို့မှုပိုမို

မောင်တောကုန်သွယ်ရေးစခန်းသည် တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပို့ကုန်ပိုမိုတင်ပို့နိုင်သဖြင့် ကုန်သွယ်မှုအသာစီးရနေသော ကုန်သွယ်ရေးစခန်း ဖြစ်ပါသည်။ ယခုလတွင် ချင်း (အစို) အား တစ်ဖက်နိုင်ငံသို့ ယခင်လထက် ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် ချင်း (အစို) ၁၁၀ ဒသမ ၆၀ တန်၊ တန်ဖိုး ၂၃၇၅၄ အမေရိကန်ဒေါ်လာ သာ တင်ပို့နိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်အထိ ၃၀၂ တန်၊ တန်ဖိုး ၆၂၉၈၅ အမေရိကန်ဒေါ်လာတင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ တစ်ဖက်နိုင်ငံမှ ချင်း (အစို) ဝယ်လိုအားကောင်းနေကြောင်းလည်း စုံစမ်းသိရှိရပါသည်။ **ဖြိုးဇေယျာ (DOT)**

# နှစ်နိုင်ငံအောက်ခြေအဆင့် အစည်းအဝေးမှသည် တရုတ်နိုင်ငံ၊ လင်ချန်းမြို့သို့ အလည်တစ်ခေါက်

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ စခန်းတာဝန်ခံဦးဆောင်၍ OSS ဌာနများ၊ နယ်စပ်ဒေသကုန်သည်အသင်းအဖွဲ့များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ (၉) ဦးသည် တရုတ်နိုင်ငံ၊ လင်ချန်းမြို့ရှိ အခြေခံအဆောက်အဦများ၊ လေဆိပ်၊ ယွိလင် Expressway စီမံကိန်း၊ တာ့လီ ရထားလမ်းစီမံကိန်း၊ လင်ချန်းမြို့ ဒီဇိုင်းစီမံရေးပြတိုက်သို့ လေ့လာရေးခရီးစဉ်နှင့် (၁၉) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံအောက်ခြေအဆင့် အစည်းအဝေးပွဲသို့ လင်ချန်းနယ်စပ်ဒေသ စီးပွားရေးပူးပေါင်းမှုဇုန် အုပ်ချုပ်ရေးကော်မတီ ညွှန်ကြားရေးမှူး မစ္စတာတွမ့်ချွမ်းရွှေ၏ ဖိတ်ကြားချက်အရ တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ လင်ချန်းမြို့ဟာဆိုရင် အပူအအေးမျှတတဲ့ မြို့ဖြစ်ပါတယ်။ လူဦးရေ (၂) သိန်းခန့် နေထိုင်ကြပါတယ်။ လင်ချန်းမြို့မှာရှိတဲ့ တက္ကသိုလ်တွေဟာဆိုရင်လည်း ယူနန်ပြည်နယ်ရဲ့ တတိယအဆင့်မှာရှိတယ်လို့ သိရှိရပါတယ်။ ကိုယ်စားလှယ်အဖွဲ့ဟာ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းမှာ လင်ချန်းလေဆိပ်ကို စတင်လေ့လာခဲ့ရပါတယ်။ လင်ချန်းလေဆိပ်ဟာဆိုရင် ၁၉၉၈ ခုနှစ်မှ စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး တောင်တန်းနှစ်ခု၊ ချိုင့်ဝှမ်း ၉ ခုရှိနေသည့် နေရာအား မြေဖို့/ မြေဖြို အများဆုံးနဲ့ ခက်ခက်ခဲခဲ ဆောက်လုပ်ခဲ့ရ သည့် လေဆိပ်လည်းဖြစ်ပါတယ်။ ယခုနောက်ပိုင်း မှာ လင်ချန်းလေဆိပ်ဟာ တစ်နေ့ထက်တစ်နေ့ ခရီးသည် အဝင်/အထွက် များပြားလာတာမို့ တိုးချဲ့ဖို့လည်း ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။ ဆက်လက်ပြီး ကူမင်း- လင်ချန်း- ချင်းရွှေဟော် Expressway လမ်း ဖောက်လုပ်နေမှုကိုလည်း လေ့လာခဲ့ရပါတယ်။ Expressway ကို ၂၀၁၆ ခုနှစ်မှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှစ၍ ဒေသခွဲအလိုက် Project တစ်ပိုင်းချင်းအလိုက်ဆောက်လုပ်နေပြီး ၂၀၂၀ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဟုလည်း သိရှိရပါတယ်။ Expressway ဟာ လမ်းခရီးအတိုဆုံးဖြစ်အောင် ဖောက်လုပ်ထားပြီး တောင်ကုန်းတွေ့လျှင် လိုဏ်ဂူဖောက်၊ ချိုင့်ဝှမ်းတွေ့လျှင် တံတားတည်ဆောက်ထားပြီး တချို့တံတားရဲ့ အောက်ခြေတိုင်ဟာပေ (၅၀)(၆၀) ခန့်ထိ မြင့်မားပါတယ်။ လမ်းရဲ့ အကွာအဝေး (၇၁၃) ကီလိုမီတာ ရှည်လျားပြီး တရုတ်ယွမ်ငွေ (၁၁ ဒသမ ၇၉) ဘီလီယံ ရင်းနှီးမြှုပ်နှံထားတယ်လို့လည်း သိရပါတယ်။ ဆက်လက်ပြီး တာ့လီ- လင်ချန်း မီးရထားလမ်းဘူတာရုံ (၅) နှစ် စီမံကိန်းကိုလည်း သွားရောက်လေ့လာခဲ့ရပါတယ်။ ၎င်းစီမံကိန်းကိုလည်း ၂၀၂၀ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်ပြီး ဖောက်လုပ်မည့် အကွာအဝေး (၂၀၂) ကီလိုမီတာ အရှည်ရှိပါတယ်။ ပြီးနောက် လင်ချန်းမြို့ ဒီဇိုင်းစီမံရေးပြတိုက်မှ လင်ချန်းမြို့ရဲ့ အဆောက်အဦ ပုံစံငယ်များ၊ ဆက်လက်တိုးချဲ့ ဆောက်လုပ်မည့် စီမံကိန်းပုံစံငယ်များနှင့် ရိုးရာဓလေ့များကိုပါ လေ့လာခဲ့ရပါတယ်။ တရုတ်စံတော်ချိန် (၁၅း၃၀) ချိန်မှာ ကိုယ်စားလှယ်အဖွဲ့ဟာ လင်ချန်းမြို့ရဲ့ L.Road Grand Hotel မှာ ကျင်းပ ပြုလုပ်တဲ့ နှစ်နိုင်ငံအောက်ခြေအဆင့် အစည်းအဝေးကို တက်ရောက်ခဲ့ကြပါတယ်။ အစည်းအဝေးဟာဆိုရင်ဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံ၍ နှစ်နိုင်ငံပြည်သူများ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာမှာ တွေ့ကြုံရသည့် အခက်အခဲများအား ညှိနှိုင်းဖြေရှင်းနိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ဇွန်လမှစပြီး နှစ်နိုင်ငံအလှည့်ကျ ပုံမှန်ဆွေးနွေးပွဲများ ကျင်းပခဲ့ရာ ယခုအခါ (၁၉) ကြိမ်မြောက်ထိ ကျင်းပနိုင်ခဲ့တယ်လို့လည်း သိရှိရပါတယ်။ အစည်းအဝေးတွင် နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်လာစေရေး၊ နှစ်နိုင်ငံ တာဝန်ရှိသူများမှ မိမိတို့နိုင်ငံ၏ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း မူဘောင်အတွင်းမှ ဖြေလျော့နိုင်သည်များကို ဖြေလျော့ပေးရေး၊ နှစ်နိုင်ငံကုန်သွယ်မှုပြုရာမှာ တွေ့ကြုံရသည့် အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။ **KTH**

# ကျွန်တော်နဲ့ ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)

**မောင်မောင်ချိန်ခွင်**

တကယ်တော့ ရှမ်းပြည်နယ်ဟာ ကျွန်တော့်အတွက် အစိမ်းသက်သက်ကြီးတော့လည်း မဟုတ်ပါဘူး။ မြောက်ပိုင်းရှမ်းပြည်ကို သင်တန်းနှစ်ကြိမ်တောင်တက်ခဲ့ဖူးတာမို့ ရှမ်းစကားသံနဲ့ ရှမ်းအစားအစာဟာ ရင်းနှီးဖူးပြီးသားပါ။ ရှမ်းခေါက်ဆွဲနဲ့တို့ဟူးနွေးဟာ ဘယ်နေရာရောက်ရောက် ကျွန်တော်အကြိုက်ဆုံး အစားအစာတွေဖြစ်ခဲ့ပါတယ်။ ထိုနည်းတူပဲ ရှမ်းသီချင်းသံ ဝဲဝဲလေးကိုလည်း နားထဲမှာ ယဉ်ပါးနေပါပြီ။

ဒီတစ်ခါတော့ ကျွန်တော်က မိခင်ဌာနရဲ့ တာဝန်ပေးချက်အရ ရှမ်းပြည်နယ် အရှေ့ပိုင်းရဲ့မြို့တော် ကျိုင်းတုံမြို့ကိုတာဝန်ထမ်းဆောင်ဖို့ရောက်လာတာပါ။ ကျိုင်းတုံမြို့ကလေးကို ၂၀၁၅ခုနှစ်တုန်းကလည်း နိုင်ငံတော်အကြီးအကဲရဲ့ ခရီးစဉ်တစ်ခုနဲ့အတူ ရောက်ဖူးခဲ့ပါသေးတယ်။ မြန်မာ-လာအိုနှစ်နိုင်ငံရဲ့ တစ်ခုတည်းသော ချစ်ကြည်ရေးတံတားဖြစ်တဲ့ ကျိုင်းလပ်တံတားဖွင့်ပွဲကို အဲဒီတုန်းက နိုင်ငံတော်သမ္မတကြီးဖြစ်တဲ့ ဦးသိန်းစိန်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့တာပါ။ ကျိုင်းတုံမြို့တွင်းကို ကြည့်လိုက်ရင် အမြဲတမ်းသန့်ရှင်းသပ်ရပ်မှုရှိပြီးတော့ မြို့ရဲ့အမှိုက်သိမ်းစနစ်ဟာ ကောင်းမွန်လှပါတယ်။ မြို့လယ်မှာရှိတဲ့ မဟာမြတ်မုနိဘုရားကို အရင်ဆုံးသွားရောက်ဖူးမျှော်ဖြစ်ပါတယ်။ ကျိုင်းတုံဒေသမှာ တာဝန်ထမ်းဆောင်ဖူးတဲ့ ပြည်မကဝန်ထမ်းတွေပြောတာတော့ အဲဒီဘုရားကို သွားဖူးရင် ကျိုင်းတုံကိုနောက်တစ်ခေါက် ပြန်လာရတတ်တယ်တဲ့။ သူတို့စကားမှန် မမှန်တော့မသိဘူး။ ၂၀၁၅ တုန်းက ပထမဆုံးအကြိမ်အဖြစ် တစ်ရက်နှစ်ရက်လောက်သာ ရောက်ခဲ့ဖူးတဲ့ စာရေးသူဟာ ၂၀၁၈မှာတာဝန်ထမ်းဆောင်ဖို့ ဒုတိယအကြိမ် ရောက်လာခြင်းက သက်သေပါပဲ။ ဘယ်လိုပဲပြောပြော ဘုရားကြီးကိုတော့နောက်ထပ်လည်း အချိန်ရတဲ့အခါတိုင်း သွားရောက်ဖူးမျှော်ဖို့ ဆန္ဒပြင်းပြလျက်ရှိနေပါသေးတယ်။ မြို့လယ်မှာ တည်ရှိတဲ့ နောင်တုံကန်ဟာလည်း ကျိုင်းတုံမြို့ရဲ့အမှတ်သရုပ်လို့ခေါ်ဆိုရလောက်တဲ့အထိထင်ရှားလှပါတယ်။ ကျွန်တော့်ရုံးကနေ ၁၀ မိနစ်လောက်လမ်းလျှောက်ရင် နောင်တုံကန်ကို ရောက်ပါတယ်။ နောင်တုံကန်ဟာ နံနက်ပိုင်းမှာဆိုရင် လမ်းလျှောက်သူတွေနဲ့ အလွန်စည်ကားလှပါတယ်။ ကန်တစ်ပတ်ကို ခပ်သွက်သွက်ကလေး လျှောက်မယ်ဆိုရင်မိနစ် ၂၀လောက်ကြာပါတယ်။ လမ်းလျှောက်လို့ မောလာရင် ကန်ဘေးက သစ်ပင်ရိပ်မှာ ခဏရပ်ပြီး ရပ်တော်မူဘုရားကြီးကို ဖူးမျှော်နိုင်သလို၊ ရွှေရောင်တဝင်းဝင်းနဲ့ ကုန်းမြင့်မြင့်မှာ တည်ထားကိုးကွယ်ထားတဲ့ စွန်တောင်းစေတီတော်ကိုလည်း ဖူးမျှော်နိုင်တာမို့ လမ်းလျှောက်ရင်း ကုသိုလ်ယူလို့လည်း ရပါတယ်။

တကယ်တော့ ပို့ကုန်သွင်းကုန်ရုံး( ကျိုင်းတုံ )ကို ဒေသခံ လုပ်ငန်းရှင်များရဲ့လိုအပ်ချက်အရ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှာ ဖွင့်လှစ် ခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ကျိုင်းတုံဒေသရှိကုန်သည်လုပ်ငန်းရှင်များနဲ့ ဒေသခံ ပြည်သူများအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရာမှာ ကျိုင်းတုံမြို့ကနေ ၁၀၂မိုင်လောက်ဝေးတဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းကို အချိန်ကုန်ငွေကုန်ခံပြီး သွားရောက် ဆောင်ရွက်နေရတဲ့ အခြေအနေကနေ ကင်းဝေးစေရန်နှင့် ကုန်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်ချောမွေ့စေရန်တို့ပဲ ဖြစ်ပါတယ်။ ရုံးဖွင့်ပြီးနောက်ပိုင်း ကုန်သွယ်မှုအခြေအနေများ ကောင်းမွန်ခဲ့ပေမယ့် နောက်ပိုင်းမှာ ကုန်သွယ်မှုက တဖြည်းဖြည်း ကျဆင်းလာတာကို တွေ့ရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ကုန်သွယ်မှုပမာဏ အမှန်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေကတော့ အောက်က ဇယားကိုကြည့်ရင် သိနိုင်ပါတယ်။

**တန်ဖိုး- အမေရိကန်ဒေါ်လာသန်း**

| ဘဏ္ဍာနှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု ပမာဏ |
|---|---|---|---|
| ၂၀၁၄-၂၀၁၅ | ၇ ・ ၃၉၂ | ၅ ・ ၀၆၈ | ၁၂ ・ ၄၆၀ |
| ၂၀၁၅-၂၀၁၆ | ၆ ・ ၄၈၂ | ၇ ・ ၃၄၉ | ၁၃ ・ ၈၃၁ |
| ၂၀၁၆-၂၀၁၇ | ၂ ・ ၀၉၀ | ၂ ・ ၃၉၈ | ၄ ・ ၄၈၈ |
| ၂၀၁၇-၂၀၁၈ | ၀ ・ ၂၁၄ | ၁ ・ ၆၈၆ | ၁ ・ ၉၀၀ |
| **စုစုပေါင်း** | ၁၆ ・ ၁၇၈ | ၁၆ ・ ၅၀၁ | ၃၂ ・ ၆၇၉ |

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များထက် ၂၀၁၆-၂၀၁၇ နဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တို့မှာ ကုန်သွယ်မှုကျဆင်းလာရတဲ့ အဓိကအကြောင်းရင်းကတော့ အချိန်ကုန်ငွေကုန် သက်သာပြီး ကုန်သွယ်မှုလမ်းကြောင်းတိုတဲ့ ကျိုင်းတုံ-နောင်ငင်းဝမ်ပေါက်- ဝမ်တာပင်း- မိုင်းလားလမ်း (၅၆) မိုင်ကို လုံခြုံရေး အခြေအနေအရ ပိတ်ပင်ထားခဲ့ရခြင်းကြောင့်ဖြစ်ပါတယ်။ အရင်က အဲဒီလမ်းကြောင်းကနေပြီး ကျိုင်းတုံဒေသ၏ အဓိကထွက်ကုန်ဖြစ်သော ဆန်များကို မိုင်းလားမှတစ်ဆင့် တစ်ဖက်တရုတ်နိုင်ငံသို့ တရားဝင်ပို့ကုန်လိုင်စင်ဖြင့် တင်ပို့နေမှုများမရှိတော့ခြင်းသည်လည်း ကုန်သွယ်မှုကျဆင်းရခြင်း၏ နောက်ထပ်အကြောင်းအရင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များဖြစ်ပါတယ်။ ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မားလာစေရေးမှာ Focal Ministry ဖြစ်တဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတစ်ခုတည်းမှာသာတာဝန်ရှိတာ မဟုတ်ဘဲ၊ မိတ်ဖက်ဌာနဖြစ်တဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရဲ့ ပူးပေါင်းပါဝင်လုပ်ဆောင်မှုအပေါ် မှာလည်းအများကြီးမူတည်နေတာတွေ့ရပါတယ်။

ဒါ့အပြင် ဒေသခံ တိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နေမှုအပေါ် ထားရှိသည့် သဘောထား၊ကျင့်ဝတ်၊ ဥပဒေ၊လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များအား သိရှိနားလည်မှု၊ အခွန်ပေးဆောင်နေရမှုအပေါ် ခံယူချက်၊ အစိုးရဌာနများအပေါ် အားကိုးယုံကြည်မှုစတဲ့အချက်များဟာလည်း ကုန်သွယ်မှု တိုးတက်မြင့်မားရေးအတွက် များစွာအရေးပါနေတာတွေ့ရပါတယ်။ ကုန်သွယ်ရေးလမ်းကြောင်းများတိုတောင်းပြီး ကုန်ပစ္စည်းများဈေးကွက်ထဲသို့ အချိန်မီ တင်ပို့/တင်သွင်းနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ရာသီအချိန်မရွေးသွားလာနိုင်ခြင်း၊ ကုန်ပစ္စည်း စစ်ဆေးရာ၌ မလိုအပ်ဘဲ အချိန်ကြန့်ကြာမှု မဖြစ်ရအောင် လျင်လျင်မြန်မြန် ဝန်ဆောင်မှု ပေးနိုင်သည့်အပြင် အခွန်ကောက်ခံရာတွင်လည်း အဂတိတရားကင်းရှင်းရန် လိုအပ်ခြင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် လုံခြုံရေးအဖွဲ့များမှ လုံခြုံရေးနှင့်ပတ်သက်၍ တားဆီးစစ်ဆေးရန် လိုအပ်ပါက သီးခြားမစစ်ဆေးတော့ဘဲ အကောက်ခွန်ဦးစီးဌာနမှ ကုန်ပစ္စည်းစစ်ဆေးစဉ် တစ်ပြိုင်တည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းတို့ဟာလည်း ကုန်သွယ်မှု တိုးတက်မြင့်မားလာစေရေးအတွက် အရေးကြီးသော အချက်များအဖြစ် တွေ့မြင်နေရပါတယ်။

ယနေ့ နိုင်ငံတော်သည် ဒီမိုကရေစီစနစ်ကိုအခြေခံ၍ စီးပွားရေးမူဝါဒ ၁၂ ရပ်ကို ချမှတ်ပြီး ဈေးကွက်စီးပွားစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အခွန်အခကောက်ခံရရှိမှုအပေါ် မူတည်ပြီး လည်ပတ်နေရပါတယ်။ နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်အခများကို ပြည့်ပြည့်ဝဝရရှိမှသာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် တောင်းခံလာမည့် ဘတ်ဂျက်များကို လိုအပ်ချက်အတိုင်း ခွဲဝေပေးနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်၍ ကုန်သွယ်ရေးနှင့်ပတ်သက်သည့် လိုင်စင်ခ၊ စည်းကြပ်ရမည့် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် အထူး ကုန်စည်ခွန်များကို တာဝန်ယူ ကောက်ခံရသည့်ဌာနများအနေနဲ့ မှန်မှန်ကန်ကန် ကောက်ခံပေးရန် လိုပါတယ်။ နိုင်ငံတော်၏ မျက်နှာ တစ်နည်းအားဖြင့် ၅၂ သန်းကျော်သော ပြည်သူများ၏ မျက်နှာကို ထောက်ထားကြရမှာဖြစ်ပါတယ်။ အခွန်အခများ အလေအလွင့်မရှိစေရေး၊ အဂတိတရား ကင်းရှင်းရေး၊ အခွန်တာဝန်ကျေပွန်သည့် ကုန်သည်လုပ်ငန်းရှင်များအား အခွင့်အလမ်းများရရှိရေးတို့အတွက် တာဝန်ရှိသူများမှ စနစ်တကျ ကြပ်မတ်နေရန်လည်း လိုအပ်ပါတယ်။


ကုန်သည်လုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးကျင့်ဝတ်နှင့်အညီ၊ ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း တရားဝင်လမ်းကြောင်းမှသာ ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဘယ်သူသေသေ ငတေမာရင်ပြီးရော သဘောမထားဘဲ၊ မှန်ကန်စွာ တရားသဖြင့် ယှဉ်ပြိုင်၍ မိမိအတွက် အကျိုးအမြတ်များကို ရရှိအောင်လုပ်ဆောင်ကြဖို့လိုပါတယ်။ မိမိတို့နှင့်ဆက်ဆံရသော ဝန်ထမ်းများအား လာဘ်လာဘပေး၍ဖြစ်စေ၊ ပေးဆောင်ရမည့် အခွန်အခကို ရှောင်တိမ်းလို၍ဖြစ်စေ မသမာသော နည်းလမ်းများဖြင့် တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ကြရန် အထူးလိုအပ်ပါတယ်။ တားဆီးပိတ်ပင်၊ ကန့်သတ်ထားသော ကုန်ပစ္စည်းများ၊ လိုင်စင်၊ အထောက်အထားများ ပြည့်စုံမှသာ တင်ပို့ /တင်သွင်း ခွင့်ပြုသော ကုန်ပစ္စည်းများကို သက်ဆိုင်ရာ ဌာနများ၏ လုပ်ထုံးလုပ်နည်းအတိုင်း မှန်ကန်စွာဆောင်ရွက်ကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ပူးပေါင်းစစ်ဆေးရေးဂိတ်များရှိ ဝန်ထမ်းများနှင့် ညှိနှိုင်း၍ဖြစ်စေ၊ ရှောင်ကွင်းလမ်းများမှဖြစ်စေ ကုန်သွယ်မှု ဆောင်ရွက်ခြင်းများဟာလည်း တည်ဆဲဥပဒေများကို ချိုးဖောက်ရာ ရောက်သည့်အပြင် တရားမဝင်ကုန်သွယ်မှုမြောက်တာဖြစ်လို့ မှန်မှန်ကန်ကန် ဆောင်ရွက်နေသော လုပ်ငန်းတူများအပေါ် လည်း သစ္စာဖောက်သလို ဖြစ်နေသည်ကို သတိပြုကြဖို့လိုပါတယ်။ တရားမဝင်ကုန်သွယ်မှု ဆောင်ရွက်နေသူ များပြားလာပါက အကျိုးဆက်အနေဖြင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ ဆုံးရှုံးနစ်နာမှုပိုမိုများပြားလာပြီး၊ ဈေးကွက်အတွင်း မှန်ကန်စွာယှဉ်ပြိုင် နိုင်စွမ်းမရှိတော့၍ ကုန်ဈေးနှုန်းများလည်း မတည်မငြိမ် ဖြစ်လာနိုင်ပါတယ်။ တရားမဝင် ကုန်သွယ်မှုများဖြစ်ပေါ် လာရခြင်း၏ အဓိကအကြောင်းအရာများမှာ စီးပွားရေးကျင့်ဝတ် ဖောက်ဖျက်သူကုန်သည် လုပ်ငန်းရှင်များနှင့် ဥပဒေကို လက်တစ်လုံးခြားလုပ်၍ ဆောင်ရွက်နေသော အကျင့်ပျက် ဝန်ထမ်းများကြောင့်ဆိုလျှင်လည်းမမှားနိုင်ပါဘူး။တရားမဝင် တင်သွင်းလာသော ကုန်ပစ္စည်းများ၏ဈေးနှုန်းကို အခွန်အခအပြည့်အဝ ပေးဆောင်ပြီး တင်သွင်းလာသော ကုန်ပစ္စည်းများ၏ ဈေးနှုန်းက ဈေးကွက်တွင် မယှဉ်ပြိုင်နိုင်ပေ။ တရားမဝင် ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်မှုမရှိဘဲ ကာလကြာလာသော် တရားဝင် ဆောင်ရွက်နေသော ကုန်သည်လုပ်ငန်းရှင်များပင် လိုင်စင်မှအစ အစိုးရ စာရွက်စာတမ်းများအပေါ် ယုံကြည်မှုမရှိဖြစ်လာကာ တရားမဝင်လမ်းကြောင်းပေါ် သို့ ပြန်လည်ရောက်ရှိသွားမှာကို စိုးရိမ်လာမိပါတယ်။

ယခင် ၂၀၁၄ခုနှစ် ပို့ကုန်သွင်းကုန်ရုံး (ကျိုင်းတုံ )ဖွင့်လှစ်ပြီးကာစက တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (Individual Trading Card – ITC)ကတ်ဖြင့် ကုန်သွယ်မှုပြုလုပ်နေသူ ၇၃ဦးခန့်ရှိခဲ့သော်လည်း ၂၀၁၆ခုနှစ် အတွင်းကျိုင်းတုံ- ဝမ်တာပင်း- မိုင်းလားလမ်းပိတ်ပြီးနောက် တဖြည်းဖြည်း လျော့နည်းလာခဲ့ပါတယ်။တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်( ITC ) ဆိုတာကုမ္ပဏီ မထူထောင်နိုင်တဲ့ နယ်စပ်နေ ပြည်သူများ၊ အသေးစား ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ ရိုးရိုးရှင်းရှင်းနဲ့လွယ်လွယ်ကူကူ ကုန်သွယ်မှုကိုဆောင်ရွက်နိုင်ဖို့ တရားမဝင် ကုန်သွယ်မှု ဆောင်ရွက်နေတာတွေ ကုန်သွယ်မှုလမ်းကြောင်းအမှန်ပေါ် သို့ ရောက်ရှိရေးကုန်သွယ်မှု တိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ ပိုမိုရရှိလာစေရန် စတဲ့ရည်ရွယ်ချက်တွေနဲ့ တစ်ပိုင်တစ်နိုင် ကုန်သွယ်မှု လုပ်နိုင်ဖို့ ထုတ်ပေးထားသော ကတ်ပြားပဲ ဖြစ်ပါတယ်။ ITC ကတ်လက်ဝယ်ကိုင်ထားရုံနဲ့ ပို့ကုန်သွင်းကုန်ပစ္စည်းများ တိုက်ရိုက်သယ်ဆောင်ခွင့် မရှိသေးပါ။ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန် လိုင်စင်ခွင့်ပြုချက်ရယူရန် လိုအပ်သော ကုန်ပစ္စည်းများအား လိုင်စင်လျှောက်ထားရယူ၍ သတ်မှတ်အခွန်အခများ ပေးဆောင်ပြီးမှသာ သယ်ဆောင်ခွင့်ပြုမှာဖြစ်ပါတယ်။ ITC ကတ်နဲ့ ပတ်သက်ပြီး လုပ်ထုံးလုပ်နည်း အသေးစိတ်ကို အလျဉ်းသင့်တဲ့အခါ သီးခြားရေးပြီး တင်ပြဆွေးနွေးပါဦးမယ်။

ကျိုင်းတုံ ဒေသခံများအနေဖြင့် မိမိတို့စိုက်ပျိုးထွက်ရှိသော ရော်ဘာ၊ လက်ဖက်ခြောက်၊ အခြားလယ်ယာထွက်ပစ္စည်းများကို ပြည်တွင်း၌ ရောင်းဝယ်၍ပိုလျှံပါကပြည်ပ(တရုတ်)သို့ တစ်ပိုင်တစ်နိုင်တင်ပို့နိုင်နေပြီ ဖြစ်ပါတယ်။ ကုန်ပစ္စည်းတင်ပို့ တင်သွင်းမှုနှင့် ပတ်သက်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အသေးစိတ်သိလိုပါက ပို့ကုန်သွင်းကုန်ရုံး တည်ရှိရာအမှတ်( ၂ ) ရပ်ကွက်၊ တာချီလိတ်လမ်းမကြီး၊ ကျိုင်းတုံဈေးကြီး အနီး၊ ကျိုင်းတုံမြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် ၀၈၄-၂၄၀၅၉၊ ၀၈၄-၂၁၀၅၂ သို့ဖြစ်စေ ကောင်း ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ကျိုင်းတုံမြို့ ပို့ကုန်သွင်းကုန်ရုံးရှိ ဝန်ထမ်းများအနေဖြင့် စနေ၊တနင်္ဂနွေ အပါ အဝင် ပိတ်ရက်မရှိ ဝန်ဆောင်မှုပေးနေပါကြောင်း သတင်းပေးလိုပါတယ်။

စာမျက်နှာ ➤ ၂၁ သို့


MYANMAR PADAUK TRADING CO., LTD.
မြန်မာနိုင်ငံတဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။
KORYO CABLE
Made in Korea
CONTINENTAL ELECTRIC WIRE
Made in Korea
CADI-SUN
Made in Vietnam
EMG CABLE & WIRE
Made in Korea
N.I.U ELEC
Made in China
JEWAY
Made in China
IEC Standard နှင့် အညီ ထုတ်လုပ်ထားသော 99.9 Pure Coppeer (LT/HT) ဝါယာကြိုးများ၊ 99.9 Pure Aluminium Isulated ဝါယာကြိုးများနှင့် 400V Material & 6.6kV/11kV/33kV (Line Accessories) များအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော မှန်ကန်သည့် အရည်အသွေးပြည့် ပစ္စည်းများကိုသာ မြန်မာနိုင်ငံတဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။
Available Items
• Building Wire
• Underground Cable
• Overhead Cable
• High Quality & Long Term Quality Control
• Resonable Price for Customer
• International Standard & Certified for Safety
• We Can Support Low Voltage, Medium Voltage, High Voltage Copper Conductor & Aluminium Conductor
Head Office : No.12/ Da Dwe, Inya Avenue St., Ka Ba Aye Pagoda Rd, Mayangone Tsp. Tel : 01 657781, 657782, 657783, 657784
Showroom ( Yangon) : No. (H3-46), Thiriyadanar Wholesale/Retail Compound, North Okalapa Tsp.,Yangon.. Tel : 01 578538, 09 400309366
Showroom ( Dawei) : No.(117), Tike Thit Kyaung Road, Kanyone Yet, Dawei Tsp., Tanintharyi Division.Tel : 09 457366663, 09 457366664
Showroom (Taunggyi) : No.33, Oakaw Street, Nyaung Shwe Hawkone Yet, Taunggyi, Shan State. Tel : 09 445578001, 09 445578002
Showroom ( Monywa) : No.103, Bogyoke Aung San Street, Kwaegyi Ward, Monywa Tsp. Sagaing Division. Tel : 09 427 8888 71, 09 427 8888 72
Email : epshowroom@myanmarpadauk.com
Website : www.myanmarpadauk.com

The Leader in American Standard Cabling
LINK American Standard
ယိုးဒယား နိုင်ငံမှ တင်သွင်းသော LINK တံဆိပ် Coaxial, UTP, Fiber, Multipair, Fire alarm cable, Speaker cable များ Networking accessories နှင့် Rack များ လက်လီ၊ လက်ကား ဝယ်ယူနိုင်ပါသည်။
• The Controller Solution
• Enterprise Class Wi-Fi
• Networking Switches
• Antenna & Network Camera
EnGenius
Singapore နိုင်ငံမှ တင်သွင်းသော EnGenius Wireless Devices များအား တစ်ဦးတည်း ကိုယ်စားလှယ် ဖြန့်ချိပေးနေပါသည်။
Private Training, Structure Cabling & Data Center Solution Services
PRO System & Networking
Authorised Distributor
EnGenius
No.159/B, Ground Floor, 47th Street, Upper Block, Botahtaung Township, Yangon, Myanmar 11161
sales@proitmyanmar.com, www.proitmyanmar.com
Mobile : 09964688886 / 09440688886
Office : 09954556550 / 01 295442

MSP CAT
C4.4 Diesel Generator
100kVA
1 Year Warranty (Unlimited Hour)
Hire Purchase Availability
American Technology
Genuine Products & Solution
Scalable Capacity
09 960 200 783
09 9755 436 04
09 422 89 5544

# စားသုံးသူများဘေးဥပဒ်အန္တရာယ်ရှိ လူသုံး / အိမ်သုံးပစ္စည်းများနှင့်ပတ်သက်၍ အန္တရာယ်ရှိ ကုန်စည်၊ ဝန်ဆောင်မှုများကို မသုံးစွဲစေရန် သတင်းမျှဝေကာ နစ်နာမှုများကို တိုင်ကြားပါ

| နိုင်ဦး (DOCA)|

ယနေ့ကမ္ဘာကြီးသည် နေ့စဉ် နာရီ၊ မိနစ်၊ စက္ကန့်အတွင်း ပြောင်းလဲဖြစ်ပေါ် တိုးတက်ဖွံ့ဖြိုးလျက်ရှိသလို မြန်မာနိုင်ငံသည်လည်း တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးလျက် ရှိနေပါသည်။ ယခင်က မိမိအိမ်သို့ ဧည့်သည်ရောက်ရှိလာပါက အပြေးအလွှားသွား၍ဝယ်ယူ၊ ဧည့်ခံစရာမလို ဖုန်းလေးတစ်ချက်ဆက်ရုံဖြင့် ဧည့်သည်အတွက် ဧည့်ခံရန်ပစ္စည်းများ အချိန်တိုအတွင်းရောက်ရှိနိုင်သလို အခြား အဝတ်အထည်၊ အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများကိုလည်း အင်တာနက်၊ ဆိုရှယ်မီဒီယာပေါ်များတွင် စိတ်ကြိုက်ကြည့်ရှုကာ ဖုန်းဆက်၍ အလွယ်တကူမှာယူသုံးစွဲလာနိုင်သည်။ သို့သော် ပိုင်ဆိုင်မှု၊ ဝင်ငွေ၊ စီးပွားရေးအခြေအနေ၊ မိသားစုအခြေအနေ၊ ပတ်ဝန်းကျင်အခြေ အနေ၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုအခြေအနေများအရ ဝယ်ယူသုံးစွဲသော ပစ္စည်းများသည် တူညီနိုင်မည်မဟုတ်ပေ။

စားသုံးသူများ၏ဝယ်ယူမှုပုံစံများလည်း ပြောင်းလဲလာပြီး ခေတ်မီသော ပို၍ခေတ်မီသော ပစ္စည်းများကို တောင်းဆိုလာကြ သည်။ မြန်မာနိုင်ငံကိုကြည့်ပါက ယခင်က အသံသာကြားရသော နေရှင်နယ်ရေဒီယိုတစ်လုံးရှိလျှင် တော်တော် ပြေလည်သော အိမ်ထောင်စုဖြစ်သည်။ ထို့နောက် ရေဒီယိုအသေးများကိုများစွာ ထုတ်လုပ်နိုင်၍ လူတိုင်းလက်ထဲတွင် ကိုင်နိုင်လာသည်။ ရေဒီယို ထက်ပိုသော အရုပ်ရော၊ အသံပါကြည့်ရှုနိုင်သည့် အဖြူ၊ အမဲတီဗွီများက ရေဒီယိုများနေရာကို အစားထိုးယူလာသည်။ အဖြူအမဲတီဗွီများနေရာ ကို ကာလာတီဗွီများက အစားထိုး ဝင်ရောက်လာသည်။ ပို၍ ရုပ်ထွက်၊ အသံထွက်ကောင်းသော ဈေးသက်သာသော ဈေးကြီးသော၊ သယ်ဆောင်ရန် လွယ်ကူသောသေးငယ်သော၊ ကြီးမားသော တီဗွီများကို ဝယ်ယူသုံးစွဲလာကြသည်။ ကုန်စည် ထုတ်လုပ်သူများကလည်း စားသုံးသူများ၏ လိုလား ချက်များနှင့်အညီ ကုန်စည်၊ ဝန်ဆောင်မှုအမျိုး အစားပေါင်းစုံကိုထုတ်လုပ်ဆောင်ရွက်လာကြသည်။

အလားတူပင် ယခင်ကမော်တော်ကား တစ်စီး ပိုင်ဆိုင်သူသည် လူချမ်းသာတစ်ဦးဟုပင် ခေါ်ဆိုနိုင်သည်။ ယနေ့တွင်မူ လူလတ်တန်းစား များပင် အလွယ်တကူဝယ်ယူစီးနင်း မောင်းနှင်လာ ကြသည်။ လမ်းမကြီးများတွင် ကမ္ဘာ့နိုင်ငံပေါင်းစုံမှ ထုတ်လုပ်သောမော်တော် ယာဉ်ပုံစံမျိုးစုံ အရောင် အစုံအလင်များ ပျားပန်းခတ်မျှ မြင်တွေ့နေရသည်။ သဘောမှာ ယနေ့လူချမ်းသာများ၏ ဇိမ်ခံစား သောက်နေထိုင်မှုစနစ်များသည် မကြာသော ဆယ်စုနှစ်ခန့်ကာလအတွင်းတွင် လူလတ်တန်း စားတို့၏ နေထိုင်စားသောက်မှုပုံစံများဖြစ်လာပြီး လူလတ်တန်းစားများ၏နေရာကိုအခြေခံလူတန်းစား များက ပိုင်ဆိုင်လာကြသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့အတူ ယခင်ကသွားလာရန် အခက်အခဲ၊ ဆက်သွယ်ရန် ခက်ခဲသောနေရာသို့ ခေတ်မီ ကောင်းမွန်သော လမ်း၊ တံတားများ အစားထိုး နေရာယူလာခြင်း၊ ကြိုးဖုန်းများနေရာတွင် လက်ကိုင်ဖုန် များဖြင့် အစားထိုးအသုံးပြုလာနိုင်၍ လည်းကောင်း၊ ခရီးလမ်း/ဆက်သွယ်မှုကဏ္ဍများ ကျုံ့သွားကာ တစ်ကမ္ဘာလုံးသည် ရွာကြီးပမာ သတင်းအချက်အလက်များ အလွယ်တကူ ဖြန့်ဝေ ရယူနိုင်လာခဲ့သည်။

ဆက်သွယ်မှု လွယ်ကူလာမှုများကို အသုံး ပြု၍ သက်သက်သာသာဖြင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများကို အင်တာနက်တွင်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းတစ်ချက်ဆက်ရုံဖြင့် လိုချင်သောပစ္စည်းများကို အလွယ် တကူ ရရှိလာနိုင်သည်။ ကုန်စည်၊ ဝန်ဆောင်မှုပြု သူလုပ်ငန်းရှင်များမှလည်း သူ့ ထက်ငါအပြိုင် အဆိုင် ဝန်ဆောင်မှုနှင့် မက်လုံးများပေးကာ စားသုံးသူများအား စည်းရုံးဆွဲဆောင်ရောင်းချ လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ငွေပေးချေရာတွင်လည်း online စနစ်ကို အသုံးပြု၍ အီလက် ထရောနစ်ငွေပေးချေခြင်း၊ ကတ်စနစ်ကိုအသုံးပြုခြင်း၊ ဘဏ်စနစ် များကို အသုံးပြုခြင်းများကြောင့် အချိန်ကုန်သက်သာ လူပင်ပန်းမှု မရှိဘဲ စားသုံးသူများစိတ်ကျေနပ်မှု အပြည့်အဝနီးနီးရရှိလာကြ၍ ကျယ်ပြန့်သော ဈေးကွက်ကြီးတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ လူဦးရေလွန်စွာ များပြားပြီး ကျယ်ပြန့်သော မြေဧရိယာကိုပိုင်ဆိုင်ထားသော ဝယ်လိုအား အဆမတန် များပြားသော နိုင်ငံကြီးနှစ်ခုကြားတွင် တည်ရှိနေမှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့် အရေးကောင်း၊ အခြေအနေကောင်း၊ အားသာချက်ကြီးတစ်ခုအဖြစ် စီးပွားရေးပညာရှင်များက ဝမ်းသာအားရသုံးသပ်ကြခြင်းကို မစားရဝခမန်း ကြားသိနေရသည်။ သို့သော် ပကတိအခြေအနေ များမှာမူ စီးပွားရေးကျင့်ဝတ်များနှင့် အညီ မဆောင်ရွက်မလုပ်ကိုင်နိုင်ကြသော မိမိကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်သော၊ အကျိုးအမြတ်များများရရှိရေးကိုသာ ဦးတည်သော၊ ဘယ်သူ သေသေ ငတေမာလျှင်ပြီးရောဆိုသည့်စိတ် ဖြင့် ဆောင်ရွက်ကြသော စီးပွားရေးလုပ်ငန်းရှင်အချို့ ကြောင့် မြန်မာ နိုင်ငံထွက်ကုန်ပစ္စည်းများ တင်ပို့ ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ လူအများစု စီးပွားရေးလုပ်ငန်းရှင်များ မျက်နှာ ပျက်ကြရသည်။ ပဲ၊ နှမ်းများတွင် ကျောက်ခဲရော ခြင်း၊ တရားမဝင်ဓာတုဆေးများ အလွန်အကျွံ သုံးစွဲထားခြင်း၊ နိုင်ငံတကာစံနှုန်းများ လိုက်နာမှု အားနည်းခြင်းများကြောင့်ဖြစ်သည်ကို သတင်းစာ၊ ဂျာနယ်၊ မီဒီယာ ပေါင်းစုံတွင် တွေ့မြင်ကြားသိနေရ ပါသည်။

မြန်မာနိုင်ငံမှ ပို့ကုန်များကို ပြည်ပနိုင်ငံများမှ ဝယ်ယူရန်လက် တွန့်နေလျက်ရှိသော်လည်း အိမ်နီးနားချင်းနိုင်ငံများမှ တင်သွင်းသော စံမမီ ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများကိုမူ တရား မဝင် တင်သွင်းကြသည်။ မြန်မာနိုင်ငံကို စမ်းသပ် ဈေးကွက်ကြီးအဖြစ် သဘောထားကာ ဆောင်ရွက် ကြသည်။ ထိုစံမမီပစ္စည်းများကို မြန်မာ နိုင်ငံရှိ ပြည်သူများ စားသုံးနေကြရသည်။ မလိုလားအပ်သော ဘေးဥပဒ်အန္တရာယ်များနှင့် မကြားဖူးသော ရောဂါဆန်းများ ဖြစ်ပေါ်နေရသည်။

ဆက်လက်ဖော်ပြပါမည်။

# (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် မြန်မာနိုင်ငံ

| ဝင်းသန်းကျော် (ကုန်သွယ်မြှင့်) |

**ယခင်တစ်ပတ်မှအဆက်**

## တရုတ် – အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (CABIS)

တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့် အာဆီယံနိုင်ငံခေါင်းဆောင်များဆွေးနွေးချက်များအရ တရုတ်- အာဆီယံ ကုန်စည်ပြပွဲ ကျင်းပသည့်ကာလတွင် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (China-ASEAN Business & Investment Summit-CABIS) များကို တစ်ပြိုင်နက်တည်း ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအစည်းအဝေးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM)၊ တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (CCPIT) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရတို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပလေ့ရှိပါသည်။ ရည်ရွယ်ချက်မှာ တရုတ်-အာဆီယံလွတ်လပ်သော ကုန်သွယ်ရေး နယ်မြေထူထောင်ရေးတွင် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အထူးမြှင့်တင်ရန် ဖြစ်ပါသည်။

ယခုနှစ်ကျင်းပမည့်(၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကြီးတွင်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစည်းအဝေးများအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးညှိနှိုင်းတင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## တရုတ် – အာဆီယံကုန်စည်ပြပွဲဆိုင်ရာ အကြီးတန်းအရာရှိများ အစည်းအဝေး (SOM)

တရုတ်-အာဆီယံကုန်စည်ပြပွဲဆိုင်ရာ အကြီးတန်းအရာရှိများ အစည်းအဝေး (CAEXPO Senior Officials Meeting) များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM)၊ အာဆီယံ(၁၀)နိုင်ငံမှ ကုန်သွယ် ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများ၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအစိုးရတို့ပူးပေါင်း၍ သတ်မှတ်ကာလများတွင် တစ်နှစ်လျှင် နှစ်ကြိမ် နှစ်စဉ်ကျင်းပလျက် ရှိပါသည်။

ယခုနှစ်တွင် အကြီးတန်းအရာရှိများ အစည်းအဝေး (SOM) ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်တွင်ကျင်းပခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါ ဦးဆောင်၍ ဦးစိုးမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဒေါက်တာသက်လွင်ဦး၊ မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်၊ နန်နင်း မြို့တို့တက်ရောက်ခဲ့ပါသည်။

## တရုတ် – အာဆီယံကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံမှပါဝင်ပြသနိုင်ခဲ့မှု အခြေအနေ

တရုတ်-အာဆီယံ ကုန်စည်ပြပွဲများကို ၂၀၀၄ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ခဲ့သည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| ပြပွဲအကြိမ် | ပြခန်း | ကုမ္ပဏီ | လူဦးရေ | တန်ဖိုး US $ သန်း |
|---|---|---|---|---|
| ပထမ | ၃၂ | ၂၈ | ၆၈ | ၀.၀၅၄ |
| ဒုတိယ | ၃၉ | ၄၈ | ၉၇ | ၀.၀၈၁ |
| တတိယ | ၅၀ | ၄၆ | ၁၄၃ | ၁.၆၈၀ |
| စတုတ္ထ | သီးခြားခန်းမ | ၁၆၈ | ၂၄၃ | ၁.၁၁၀ |
| ပဉ္စမ | သီးခြားခန်းမ | ၆၈ | ၂၁၁ | ၁.၁၁၀ |
| ဆဋ္ဌမ | သီးခြားခန်းမ | ၈၃ | ၂၄၂ | ၁.၂၀၀ |
| သတ္တမ | သီးခြားခန်းမ | ၁၀၆ | ၂၈၃ | ၁.၀၅၅ |
| အဋ္ဌမ | သီးခြားခန်းမ | ၉၀ | ၁၉၇ | ၀.၄၈၀ |
| နဝမ | အမျိုးသားပြခန်းဆောင်၊ ကော်ဖီပြခန်းဆောင်၊ စိုက်ပျိုးရေးပြခန်းဆောင်နှင့် အပေါ့စားစက်မှုပြခန်းဆောင် | ၁၁၃ | ၂၆၅ | ၀.၈၅၇ |
| ဒသမ | ကုန်စည်ပြခန်းဆောင်နှင့် အပေါ့စား စက်မှုပြခန်းဆောင် | ၁၅၅ | ၂၅၅ | ၀.၇၈၇ |
| (၁၁) ကြိမ်မြောက် | ကုန်စည်ပြခန်းဆောင် | ၁၄၃ | ၃၄၁ | ၀.၉၂ |
| (၁၂) ကြိမ်မြောက် | ကုန်စည်ပြခန်းဆောင် | ၁၁၉ | ၃၅၀ | ၀.၇၃၆ |
| (၁၃) ကြိမ်မြောက် | ကုန်စည်ပြခန်းဆောင် | ၁၄၄ | ၃၇၀ | ၁.၂၉၆ |
| (၁၄) ကြိမ်မြောက် | ကုန်စည်ပြခန်းဆောင် | ၁၁၈ | ၃၅၀ | ၁.၄၉၁ |

## တရုတ် – အာဆီယံကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံမှ ဆုတံဆိပ်များရရှိခဲ့မှု အခြေအနေ

တရုတ်-အာဆီယံကုန်စည်ပြပွဲ ကျင်းပရေး ကော်မတီသည် အာဆီယံနိုင်ငံများမှ တစ်နှစ်ထက်တစ်နှစ် ထူးခြားစွာပြသနိုင်ရေးနှင့် ပိုမိုစိတ်ဝင်စားအောင် ဆောင်ရွက်လျက်ရှိရာ ဆုချီးမြှင့်ခြင်း အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်လက်ဖော်ပြပါမည်။

# ငြိမ်းချမ်းရေးအဖွဲ့ခြောက်ဖွဲ့နှင့် ငြိမ်းချမ်းရေး သီးပွင့်လာတော့မည့် စီးပွားရေးအလုပ်ရုံဆွေးနွေးပွဲ

မောင်လွင်ပြင်

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံအတွက် အားတက်ဖွယ်သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ ငြိမ်းချမ်းရေးယူထားပြီးဖြစ်သော NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခြောက်ဖွဲ့ ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ကြမည့် သတင်းဖြစ်သည်။ ယင်းသို့ စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို PPP ( Public Private Partnership) အစီအစဉ်များမှတစ်ဆင့် ငြိမ်းချမ်းရေးကို မြှင့်တင်သော စီးပွားရေးအလုပ်ရုံဆွေးနွေးပွဲဟု ခေါ်သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၁၀) ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ၌ ကျင်းပခဲ့သည်။

ယင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည့် ငြိမ်းချမ်းရေးအဖွဲ့ခြောက်ဖွဲ့မှာပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသား ဒီမိုကရက်တစ် တပ်ဦး(ABSDF)၊ ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်(DKBA) နှင့် (KNU/KNLA(PC)တို့ဖြစ်သည်။ ထို့ပြင် ငြိမ်းချမ်းရေးကော်မရှင်မှအဖွဲ့ဝင်များ၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲသည် အပစ်ရပ်စာချုပ် NCA တွင် လက်မှတ်ရေးထိုးပြီးသော ငြိမ်းချမ်းရေးအဖွဲ့ခြောက်ဖွဲ့ အကြား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် တိုင်ပင်ဆွေးနွေးကြခြင်းဟု ယေဘုယျနားလည်ထားနိုင်သည်။ ထို့ပြင် ငြိမ်းချမ်းရေးအဖွဲ့များ ဒေသငြိမ်းချမ်းခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများပင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေ၍ရနေပြီဟူသော ငြိမ်းချမ်းရေး၏အသီးအပွင့်များ စတင်ခံစားကြတော့မည့်သဘောကို ဖော်ပြနေခြင်းလည်းဖြစ်သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခဒေါက်တာအောင်သက်ထွန်းက ယခုလို ပြောကြားထားသည်။

"အဓိကကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံရေး ဆွေးနွေးပွဲတွေလုပ်တယ်။ အထူးသဖြင့် တတိယအကြိမ် ပင်လုံပြီးသွားပြီ။ တစ်ဖက်က အဲဒီလိုလုပ်တယ်။ ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်က စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ငြိမ်းချမ်းရေးကို ဘယ်လိုအထောက်အကူပြုမလဲဆိုတာကို စဉ်းစားရမယ်။ စဉ်းစားတဲ့အခါမှာ NCA-S EAO အဖွဲ့ခြောက်ဖွဲ့က NCA လက်မှတ်ထိုးပြီးသား။ နောက်ထပ် ထိုးပြီးသား အဖွဲ့တွေအားလုံးက ကုမ္ပဏီတွေထောင်ပြီးတော့ စီးပွားရေးကို လုပ်ကြမယ်။ စီးပွားရေးကိုလုပ်ရင် ငြိမ်းချမ်းရေး အသီးအပွင့်တွေပေါ့။ သူတို့ဒေသတွေမှာ ငြိမ်းချမ်းနေပြီး ပဋိပက္ခတွေ မရှိတော့ဘူး။ ပဋိပက္ခတွေမရှိတဲ့ ဒေသတွေမှာ စီးပွားရေး ဖွံ့ဖြိုးအောင် ကျွန်တော်တို့ တိုက်တွန်းတာပေါ့။ ကုမ္ပဏီတွေ ထောင်တဲ့ပုံစံ၊ စနစ်တကျ ပီပီပြင်ပြင်ထောင်ဖို့ လိုတယ်။ ထောင်တဲ့ကုမ္ပဏီတွေကလည်း တကယ်ကို တာဝန်ကျေတဲ့ ကုမ္ပဏီတွေဖြစ်အောင် ကျွန်တော်တို့ဆောင်ရွက်ဖို့ ရှိပါတယ်။ ကုမ္ပဏီထောင်ပြီး သူတို့ဒေသတွေမှာ အသင့်တော်ဆုံးဖြစ်တဲ့ ဆောက်လုပ်ရေးပဲ ဖြစ်ဖြစ်၊ မွေးမြူရေးပဲဖြစ်ဖြစ်၊ ကျန်းမာရေးပဲဖြစ်ဖြစ်၊ အားကစားပဲဖြစ်ဖြစ် သူတို့ဒေသနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့ ဖန်တီးပေးရမှာပေါ့။ အဲဒါ ကျွန်တော်တို့ရဲ့ တာဝန်ပေါ့။ သူတို့နဲ့တစ်ပိုင်တစ်နိုင်ဖြစ်မယ့်ဟာမျိုးပဲဖြစ်ရမှာပါ။ အလုပ်အကိုင်အခွင့်အလမ်း များများပေးနိုင်တဲ့ကုမ္ပဏီတွေရှိမှရမှာပေါ့။ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ မိသားစုတွေ စားဝတ်နေရေး ပြေလည်အောင် လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းများ ထူထောင်မည်ဆိုလျှင် နိုင်ငံတော်အစိုးရနှင့် ပေါင်းစပ်သည့် PPP ဟုခေါ်သည့် ပုဂ္ဂလိက အများပိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံမျိုး ဖော်ဆောင်မည်ဟုလည်း ပြောကြားခဲ့သည်။ နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးဟူသည် ငြိမ်းချမ်းရေးရှိမှဖြစ်မည်။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အပြန်အလှန်အားပြုနေသည်။ ပဋိပက္ခများဖြစ်ပွားလျှင် ဖွံ့ဖြိုးမှုကို နှောင့်နှေးစေသည်။ ဖွံ့ဖြိုးမှုနှောင့်နှေးသဖြင့် ပဋိပက္ခများ ပိုမိုဖြစ်ပွားသည်။ ယင်းကို ဖြတ်နိုင်ရေး ငြိမ်းချမ်းအောင် ဦးစွာလုပ်ရမည်။ ငြိမ်းချမ်းပြီဆိုလျှင် ဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည် စသည်ဖြင့်လည်း ဒေါက်တာအောင်ထွန်းသက်က ပြောကြားထားပါသေးသည်။ ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်းကလည်း ယခုလို ပြောကြားပါသေးသည်။

"ကျွန်တော်တို့ ခြောက်ဖွဲ့ကြားမှာတော့ စီးပွားရေးလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ဖို့ သဘောထားချမှတ်ထားပါတယ်။ အဲဒီ သဘောထားချမှတ်ပြီး လက်တွေ့ကျကျ ဆောင်ရွက်တဲ့အခါမှာ ဘယ်လိုနည်းနဲ့ ဆောင်ရွက်သင့်တယ်ဆိုတာကို သိချင်တဲ့အတွက် ဒီလို Workshop ကို လုပ်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဓိကဆောင်ရွက်ဖို့ကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်စဉ်ကာလမှာ မိမိအဖွဲ့ရပ်တည်ရေး၊ ကျန်တဲ့မိသားစုတွေရဲ့ စား၊ ဝတ်၊ နေရေး ရှေ့ဆက်ဆောင်ရွက်ဖို့ စီးပွားရေးလုပ်ငန်းတွေ လုပ်ဖို့ဆိုတာကို ပြောတာဖြစ်ပါတယ်။ လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ထားရှိတာကတော့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုထူထောင်ရေး ဖြစ်ပါတယ်။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးဆိုတာက အဓိကလုပ်ငန်းစဉ်ကြီး သုံးရပ်ရှိတယ်။ ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုဖြစ်စဉ် အဲဒီဖြစ်စဉ်ကြီးသုံးရပ်စလုံးက သဟဇာတရှိရှိနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ထွန်းလာမှာဖြစ်တယ်"ဟု ပြောကြား ခဲ့သည်။

ငြိမ်းချမ်းရေးအဖွဲ့ခြောက်ဖွဲ့အကြား စီးပွားရေးလုပ်ငန်းများ ထူထောင်ကြမည်ဆိုလျှင် စနစ်တကျရှိစေရေး ကုမ္ပဏီများ ထူထောင်ပြီးလုပ်ကိုင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ အခန်းကဏ္ဍသည် အရေးပါလာသည်။ သို့ဖြစ်ရာ ယင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စများ၊ ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာကိစ္စများကိုလည်း ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ ထို့နောက် ဒေါက်တာအောင်ထွန်းသက်က အလုပ်ရုံဆွေးနွေးပွဲကို အနှစ်ချုပ် သုံးသပ်ဆွေးနွေးသွားခဲ့သည်ဟုလည်း လေ့လာခဲ့ရသည်။ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ အလုပ်ရုံဆွေးနွေးပွဲ ပြောကြားချက်များထဲတွင် ငြိမ်းချမ်းရေးကောင်မရှင်အနေဖြင့် ငြိမ်းချမ်းရေးအဖွဲ့များ စီးပွားရေးအဆင်ပြေအောင် B4P အစီအစဉ် PPP Arrangement များအကြောင်း ရှင်းလင်းပြောကြားခဲ့မှုများကို တက်ရောက်လာသူများ သဘောကျ နှစ်ခြိုက်ကြကြောင်းလည်း သိရသည်။ ယင်းအလုပ်ရုံ ဆွေးနွေးပွဲသည် အောင်မြင်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုဟု ဆိုရမည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲကြောင့် ပြည်ထောင်စု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေခြင်းကို များစွာအကျိုးသက်ရောက်မှုများ ရှိလာနိုင်မည်ဟု ယူဆသည်။ အထူးသဖြင့် NCA တွင် လက်မှတ်ရေးထိုးခြင်းမပြုရသေးသောအခြား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား လက်မှတ်ရေးထိုးရေး တိုက်တွန်းနှိုးဆော်သလို ဖြစ်သွားလိမ့်မည်ဖြစ်သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ တည်ရှိရာဒေသများတွင် ပဋိပက္ခများချုပ်ငြိမ်းပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကာ အားလုံးအလုပ်အကိုင်ကိုယ်စီနှင့်ရှိနေကြခြင်းသည်ဒေသခံပြည်သူများလိုလား တောင့်တနေသော ငြိမ်းချမ်းရေး အသီးအပွင့်အိပ်မက်များပင်ဖြစ်သည်။ ယခုကျင်းပသော အလုပ်ရုံဆွေးနွေးပွဲကြောင့် ယင်းအိပ်မက်များ မကြာမီ မက်နိုင်တော့မည်ဖြစ်ပြီး လက်တွေ့လည်း အကောင်အထည် ပေါ်လာတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Commerce ကာတွန်း



စာမျက်နှာ (၁၇) ကျွန်တော်နဲ့ ပို့ကုန် …… မှအဆက်

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ၎င်းနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အဓိက တိုင်းတာကြရပါတယ်။ နိုင်ငံသားတစ်ဦးချင်းစီ၏ GDP တိုးတက်လာမှသာ နိုင်ငံတော်၏စီးပွားရေးလည်း ကျွဲကူးရေပါဆိုသလို တစ်ပြိုင်တည်း လိုက်ပါလာမှာဖြစ်ပါတယ်။ နိုင်ငံသားများ တစ်ဦးချင်းဝင်ငွေ တိုးတက်လာဖို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များအား ရင်းနှီး မတည်ငွေများထုတ်ချေးပေးခြင်း၊ လယ်သမားများအား မျိုးကောင်းမျိုးသန့်များ၊ စိုက်နည်းစနစ်များ ပံ့ပိုးပေးခြင်း၊ လုပ်ငန်းရှင်ကြီးများသာမက စီးပွားရေးလုပ်ကိုင်လိုသူ နိုင်ငံသားများအားလုံးကို အခွင့်အလမ်းများ တစ်ပြေးညီရရှိအောင် ပွင့်လင်းမြင်သာရှိခြင်း၊ ဘဏ်လုပ်ငန်းစနစ်များ ပိုမိုကောင်းမွန်လာခြင်း၊ ဥပဒေ၊ မူဝါဒများ ရှင်းလင်းလွယ်ကူအောင် ရေးဆွဲထားခြင်း၊ နိုင်ငံသားများအားလုံးက ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ မှန်ကန်စွာ ယှဉ်ပြိုင်လုပ်ကိုင်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါတယ်။

ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုဆီသို့ ချီတက်နေကြသော တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် မြန်မာနိုင်ငံ၏ မည်သည့်အစိတ်အပိုင်းတွင် နေထိုင်နေသည် ဖြစ်ပါစေ၊ မိမိတို့နိုင်ငံ၏စီးပွားရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့အတွက် စေတနာမှန်ကန်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါတယ်။

ထိုနည်းတူပါပဲ ကျိုင်းတုံဒေသ၏ ကုန်သွယ်မှု လုပ်ငန်းများ ပိုမိုတိုးတက်လာစေဖို့အတွက် ဒေသခံတိုင်းရင်းသားအားလုံးက လက်ရှိထက် ပိုမို၍ပူးပေါင်းပါဝင်ဆောက်ရွက်လာမည်ဆိုပါက ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသကြီးဟာ မကြာမီကာလမှာ ငြိမ်းချမ်းစည်ပင်ပြီး အပြုံးပန်းများ ပန်ဆင်လာနိုင်တော့မှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်း အစည်းအဝေးအား ဇူလိုင် ၂၄ ရက်က စားသုံးသူရေးရာ အစည်းအဝေး ခန်းမ(၂)၌ ကျင်းပ ပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်း ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချို၊ ခရိုင် စားသုံးသူ အငြင်း ပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဦးနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထား သူများ စုစုပေါင်း ၂၀ ဦး တက်ရောက် ခဲ့ပြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါ သည်။ ဆက်လက်၍ အတွင်းရေးမှူးက လုပ်ငန်း လမ်းညွှန်ချက်များအား ဖတ် ကြားရှင်းလင်းခြင်း၊ (၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တိုင်းအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တင်ပြရန်(၆)ချက်၊ အတည်ပြု ဆောင် ရွက်ရန် (၅)ချက်တို့အား တင်ပြ အတည် ပြုချက် ရယူခြင်း၊ (၁၈)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီး ဆောင်ရွက်ရန် ကျန်ရှိ သည်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထိုသို့ရှင်းလင်းတင်ပြရာတွင် ဧရာဝတီ တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်း ရေးအဖွဲ့မှ (၂၉)ကြိမ်မြောက် အစည်း အဝေးဆုံးဖြတ်ချက်ဖြင့် အကြောင်းကြား ထားသော ကျောင်းမုန့်ဈေးတန်းများ တွင် ရောင်းချလျက်ရှိသော Milk Shape ဖျော်ရည်များတွင် အသုံးပြုနေ သည့် Boat Juice အမှတ်တံဆိပ်ပါ အမှုန့်များ သည် Label Requirement နှင့် မကိုက် ညီခြင်း၊ ပြည်ပမှတရားဝင် တင်သွင်း လာသော ကုန်စည်မဟုတ်ခြင်းတို့ ကြောင့် ဝယ်ယူစားသောက်သော ကျောင်းသူ/ကျောင်းသားများ အတွက် ဘေးအန္တရာယ် ရှိလာနိုင်ပါသဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျောင်း မုန့်ဈေးတန်းများတွင် ရောင်းချခြင်း မပြုရန် ဧရာဝတီတိုင်းဒေသကြီး အခြေခံ ပညာဦးစီးဌာနသို့ အကြောင်းကြားရန် တင်ပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဖြည့်စွက် ဆွေး နွေးခဲ့ပြီး တိရစ္ဆာန်မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာနမှ မှည့်ဆေးသုံးစွဲမှုနှင့် ပတ်သက်၍ စိုက်ပျိုးရေး ဦးစီးဌာန မှ စည်ပင်သာယာနှင့် ပူးပေါင်း၍ ငှက် ပျောသီး ရောင်းဝယ်သူများကို ဖိတ်ကြား ကာ စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဆေးသုံးစွဲနည်း များကို အသိပညာပေး ဟောပြောရန်၊ ကြက်ကင်ဆိုင်များနှင့် ပတ်သက်၍ လည်း အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာနနှင့် တိမွေး/ကုတို့ ပူးပေါင်း၍ လုပ်ငန်းရှင်များကို ခေါ်ယူ ပြီး ဆိုးဆေးနှင့် ပတ်သက်၍ အသိပညာ ပေး ဆွေးနွေးပေးရန်၊ ခရိုင်အတွင်း စားသုံးသူများ ဘေးအန္တရာယ်ကင်း ရှင်းစွာ စားသုံးနိုင်ရေးအတွက် အဖွဲ့ဝင် ဌာနများ၊ မိတ်ဖက်ဌာနများ၊ အဖွဲ့အစည်း များမှ ပူးပေါင်း ဆောင်ရွက်ကြရန် ပြောကြားဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**မောင်ပုသိမ်**

## ထောပတ်သီးစိုက်ပျိုးထုတ်လုပ်မှုနည်းပညာပေးသင်တန်းနှင့် ထောပတ်အစုအဖွဲ့ ဖွဲ့စည်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ကြီးမှူး၍ ထောပတ်သီးအစုအဖွဲ့ (နောင်တရား) ဖွဲ့စည်းခြင်း အခမ်းအနားကို ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နောင်တရားမြို့နယ်ခွဲ၊ ဘောက်မော်ကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ထောပတ်အသင်းဥက္ကဋ္ဌ ဦးခွန်ထွန်းထွန်းဝင်းမှ ထောပတ်သီးတင်ပို့ ရောင်းချမှုအခြေအနေ၊ ဈေးကွက်အလားအလာ အကြောင်းအရာများကို လည်းကောင်း၊ အလုပ်အမှုဆောင်များဖြစ်သော ဦးထွန်းမြင့်၊ ဦးကျော်စိုးလင်း၊ ဦးကျော်ကျော်မျိုးတို့က ထောပတ်သီး မျိုးရွေးချယ်ခြင်း၊ စိုက်ပျိုးပုံ၊ စိုက်ပျိုးမှုနည်း စနစ်၊ ရောဂါပိုးမွှားများ ကာကွယ်နှိမ်နင်းမှု နည်းစနစ်နှင့် ကိုင်းဖြတ်၊ ကိုင်းဆက်၊ ကိုင်းကူးမှုနည်းစနစ်များကို လည်းကောင်း လက်တွေ့နှင့်တကွ နည်းပညာ ပေးသင်တန်းပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ ပါသည်။

ထို့နောက် ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအစုအဖွဲ့ (နောင်တရား)ကို ဖွဲ့စည်းဆောင်ရွက်ရာတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးခွန်ကျော်ဌေးကအသင်းအဖွဲ့၊ အစုအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဖွဲ့စည်းထားသော အသင်းအဖွဲ့၊ အစုအဖွဲ့နှင့် ကုန်စည်ဒိုင်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး ထောပတ်သီးအစုအဖွဲ့ (နောင်တရား)ကို အလုပ်အမှုဆောင် ၂၅ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။

**မူမူသိန်း (တောင်ကြီး)**

## ရေတာရှည်မြို့နယ်တွင် ရေနီကြံ စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ ဖွဲ့စည်း

စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ဦးစီးမှူး ဦးမျိုးအောင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၇ ရက်က ရေတာရှည်မြို့နယ် ရေနီမြို့ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အတူ ရေနီမြို့ သရက်ကုန်း ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ရေနီမြို့ရှိ ကြံစိုက်ပျိုးထုတ်လုပ်သူများနှင့် တွေ့ဆုံခဲ့သည်။ ရှေးဦးစွာ မြို့နယ် အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးက အရည်အသွေးကောင်းသော ကြံများ ထွက်ရှိရေး၊ ဈေးကွက်ပိုမိုရရှိရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ကြံစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့ ဖွဲ့စည်းနိုင်ရေးကို ရှင်းလင်းပြောကြားပါသည်။ ထို့နောက် တက်ရောက်လာသူ တောင်သူများက အလုပ်အမှုဆောင် ၁၁ ဦးကို ရွေးချယ်ပြီး ရေနီကြံစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ကို အလုပ်အမှုဆောင် ၁၁ ဦး၊ အဖွဲ့ဝင် ၇၃ ဦး၊ စိုက်ဧက ၃၃၅ ဒသမ ၅၀ ဧကဖြင့် ဖွဲ့စည်းပေးခဲ့ ပါသည်။

ရေတာရှည်မြို့နယ်တွင် ကြံဇုန်ထူထောင်နိုင်ရန်အတွက် ကြံအစုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ရေတာရှည်၊ မြို့လှနှင့် ရေနီမြို့များတွင် ကြံအစုအဖွဲ့များကို ဖွဲ့စည်းပြီးဖြစ်ပါသည်။ ရေတာရှည်မြို့နယ်တွင် ရေတာရှည်သကြားစက်နှင့် မြို့လှသကြားစက်များရှိပြီး ရေနီမြို့အနီးရှိ နေပြည်တော် လယ်ဝေးမြို့နယ်တောင်စဉ်အေး သကြားစက်သည်လည်း ရေတာရှည်မြို့နယ် ရေနီဒေသမှ ကြံများကို ဝယ်ယူကြောင်း သိရှိရပါသည်။ **စောသန်းထိုက်ကျော်**

## ရန်ကုန်ကားဈေးကွက် စောင့်ကြည့်ရင်း ပိုအေးလာ

ရန်ကုန်မြို့ကားဈေးကွက်၏ ဇူလိုင်လကုန်ပိုင်းအခြေအနေမှာ မိုးရွာသွန်းမှု ပိုမိုများပြားလာခြင်းနှင့်အတူ အရောင်းအဝယ်များ ပိုမိုအေးစက်နေကြောင်း သိရသည်။

ဇွန်လမှစတင်၍ ၂၀၁၅ မော်တော်ယာဉ်ဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော မော်တော်ယာဉ်များမှတ်ပုံတင်သက်တမ်းတိုး ဆောင်ရွက်ရာတွင် မူမမှန်ပြင်ဆင်မှု ပြုလုပ်ထားသော ကားများအား အသေးစိတ်စစ်ဆေးပြီး အရေးယူသိမ်းဆည်းမှု ပြုလုပ်လာသဖြင့် ကားလောကအတွင်း ဂယက်ရိုက်ကာ ဈေးကွက် အရောင်းအဝယ်များ ပိုမိုအေးစက်သွားခဲ့ကြောင်း ဝါရင့်ကားဝယ်ရောင်းသမားများက ပြောသည်။

အဆိုပါ ကားမူမှန်/မမှန်တိကျစွာ စစ်ဆေးလာမှုကြောင့် ကားဈေးကွက်ထဲတွင် အက္ခရာနံပါတ်နိမ့်သုံးစွဲပြီး တစ်ပတ်ရစ်သွင်းကားများပုံမှန်အရောင်းအဝယ်အချို့ရှိနေရာမှ ယခုအခါတွင် အမေးပင်နည်းပါးလာပြီး ဝယ်ယူလိုသူအချို့မှာ အခြားယာဉ်မှတ်ပုံတင်ခွင့်စိတ်ချရသည့် ပြည်တွင်း၌ လာရောက်တပ်ဆင်ထုတ်လုပ်သော ကားများ၊ အရောင်းစင်တာများတွင် စလစ်ကပ်ရောင်းချနေသောကားများဘက်သို့ လှည့်ပြောင်းဝယ်ယူမှုပြုလာသဖြင့် မူလရှိရင်းကားအသုံးပြုပြီးသားကား (ညာမောင်းကား) ဈေးကွက်မှာ အေးစက်လာရကြောင်း ယင်းတို့က ပြောသည်။

လတ်တလောကားဈေးကွက်အတွင်း ယခင်အရောင်းအဝယ်အနည်းငယ်ရှိပြီး လူကြိုက်များသည့် ညာမောင်း ကားလေးများသာမက စလစ်ကပ်အင်ဂျင်ပါဝါမြင့် ဝက်ဂွန်ကားကြီးများပါ အရောင်းအဝယ်မရှိသလောက်နည်းပါးသွားပြီး ယင်းတို့ထဲမှ အရောင်းအဝယ်ဖြစ်သည့် ကားများမှာလည်း ကညနတွင်အချိန်ပေးစစ်ဆေးခံပြီးဖြစ်စေ၊ ခတ်သိရင်းနှီးသူအချင်းချင်း၊ စိတ်ချရသူအချင်းချင်း တွေ့ရှိမှသာ အာမခံချက်ဖြင့်ရောင်းချရသည့် ကားများဖြစ်ကြောင်း သိရသည်။ အခြားအရောင်းအဝယ်ဖြစ်သည့်ကားများမှာ ပြည်တွင်းတပ်ဆင်ထုတ်လုပ်သည့် ဆူဇူကီး၊ နှစ်ဆန်းစသည့် ဘယ်မောင်းကားများသာဖြစ်ပြီး အရောင်းပြခန်းများရှိကားအချို့လည်း အဝယ်အနည်းငယ်ရှိကြောင်းသိရသည်။

အများမျှော်လင့်နေကြသည့် ရန်ကုန်ကိုတာခွဲတမ်းမှာလည်း လတစ်လကုန်ဆုံးသွားသည့်တိုင်ပေါ်ထွက်မလာသေးသဖြင့် ရန်ကုန်လိုင်စင်မျှော်လင့်ချက်မှာ ပြန်အေးသွားပြီး လတ်တလောယာဉ်မှတ်ပုံတင်ရာတွင် မူမမှန်ကားများ စိစစ်မှုကြောင့် ဈေးကွက်ပိုမို အေးလာရသဖြင့် ပြည်တွင်းထုတ်ဖြစ်ပြီး အဝယ်မများနိုင်သည့်ညာမောင်းကားများမှာ လူကြိုက်များသဖြင့် ယခုနှစ်အတွင်း အစီးရေခုနှစ်ထောင်ကျော်ရောင်းချထားရကြောင်း ဝါရင့်ဝယ်ရောင်း အကျိုးဆောင်များက ပြောသည်။

**SN**

### ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၀) | E | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဟွန်ဒါ(စီအာဗီ) (၂၀၀၃) | J | ၂၇၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | နီဆန်း(ကတီယို) (၂၀၁၂) | J | ၁၇၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | စတားရက်(စ်) (၂၀၀၆ ) | ယာယီ | ၂၀၅ သိန်း | 1.8 ဒီဇယ်၊ ရန်ကုန် |
| ၅။ | ဟွန်ဒါဖစ်(ရှပ်တဲလ်) (၂၀၁၁) | M | ၂၄၅ သိန်း | 0.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | မတ်(ခ်)အိပ်(စ်) (၂၀၀၄) | K | ၂၇၀ သိန်း | 2.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ပရိုဘောက် (၂၀၁၁) | H | ၁၇၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဟွန်ဒါဖစ် (ဂျီပီ-၁) (၂၀၀၉) | I | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (၂၀ နှစ်) | | ၁၂၀ သိန်း | |

# ရော်ဘာတင်ပို့မှုမှ တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ဝင်ငွေရ

ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများမှ အမေရိကန် ဒေါ်လာ ၁ဒသမ ၀၅၇ သန်း တန်ဖိုးရှိ ရော်ဘာ ၈၀၅ တန် တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-1 အမျိုးအစား ၅ တန်နီးပါး၊ RSS -3 အမျိုးအစား ၅၃၀ ကျော်နဲ့ MSR-20 အမျိုးအစား ၂၄၇ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း မှ RSS -3အမျိုး အစား ၁၅ တန် တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေး စခန်းမှ Rubber Latex 60 %DRC အမျိုးအစား ၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၃၅၁ တန် လျော့နည်းခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးနှုန်းမှာ RSS -3 အမျိုးအစားတစ်တန်လျှင် ကျပ် ၁၆ ဒသမ ၆၂၃ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက တစ်တန်ကို ၂၉၉၉၇ ကျပ် ဈေးတက်ခဲ့ကြောင်း သိရပါတယ်။

ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ် လာ ၁ ဒသမ ၂၂၇ သန်း တန်ဖိုးရှိ ရော် ဘာ ၉၁၆ တန်ကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံသို့ RSS-3 အမျိုး အစားတန်ချိန် ၁၀၀၊ ဂျပန်နိုင်ငံသို့ MSR-20အမျိုးအစား ၉၈ တန်၊ မလေးရှားနိုင်ငံသို့ MSR -20 အမျိုး အစား တန်ချိန် ၂၁၀၊ တရုတ်နိုင်ငံသို့ Mixture of Natural Rubber and Synthetic Rubber အမျိုးအစား ၃၀၇ တန်ခန့်နဲ့ အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစား ၂၀၁ တန်ကျော် တင်ပို့ခဲ့ပါ တယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ် ကုန်သွယ်မှု နည်းလမ်းနှစ်မျိုးမှ ရော်ဘာတင်ပို့မှုမှာ ရော်ဘာအဆင့်စုံ ၁၇၂၁ တန်နဲ့ တန်ဖိုး အမေရိကန်ဒေါ် လာ ၂ဒသမ ၂၈၄ သန်းဖိုး ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေး အတက်အကျ သိပ်မရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

**ယဉ်ယဉ်အေး**

# " Mandalay The Future We Want" မန္တလေး၏ အနာဂတ်အမြင် စကားဝိုင်းဆွေးနွေးပွဲ မန္တလေးကွန်ဗင်းရှင်း စင်တာတွင်ကျင်းပ

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ လူငယ်စီးပွားရေး စွန့်ဦး တီထွင် လုပ်ငန်းရှင်များ အသင်း၊ လက်လီ ရောင်းဝယ်သူများအသင်း၊ နယူး စတားလိုက် ကုမ္ပဏီအုပ်စုတို့ ပူးပေါင်း ကျင်းပသည့် Mandalay The Future We Want ခေါင်းစဉ်ဖြင့် မန္တလေး၏ အနာဂတ်အမြင် စကားဝိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၂၂ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ ခန်းမတွင် ကျင်းပသည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ညီနောင်အသင်း ၃၂ သင်းမှ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ မန္တလေးမြို့ရှိ စီးပွားရေး လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ် စီးပွားရေးပညာဌာနမှ ကျောင်းသားကျောင်းသူများ၊ M.B.A ဘွဲ့လွန် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ဖြေလျော့ဆောင်ရွက်ပေးမှုများ၊ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများ၊ အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးစေရေး ဆောင်ရွက် ပေးမှုများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ အလယ်ဗဟိုတွင် တည်ရှိပြီး အိမ်နီးချင်း တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံများနှင့် ဆက်သွယ်သွားလာနိုင်သဖြင့် ဈေးကွက်စီးပွားရေး အချက်အချာကျကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များရှိ၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအလေးထား ဆောင်ရွက်သင့်ကြောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ကုန်းတွင်းဆိပ်ကမ်း၊ အာဆီယံ လမ်းကွန်ရက်များ ပိုင်ဆိုင်ထား၍ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များနှင့် ပူးပေါင်းလုပ်ဆောင်သင့်ကြောင်း အကြံပြု ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ Mandalay The Future We Want မန္တလေး၏အနာဂတ်အမြင် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရာ Device Consulting Groupမှ ဆရာဦးတင်ဇံကျော်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်မင်း၊ လူငယ် စီးပွားရေး စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းကျော်၊ နယူးစတားလိုက် ကုမ္ပဏီအုပ်စုမှ မန်နင်းဂျင်းဒါရိုက်တာ ဒေါ်မေရင်တို့က မန္တလေးမြို့၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှု၊ ဈေးကွက်စီးပွားရေး ဖော်ဆောင်နိုင်မှု၊ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံလာနိုင်မှု အလားအလာများကို သူတို့အမြင်ကဏ္ဍ အစီအစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မန္တလေးတိုင်းဒေသကြီး လျှော်ဖြူလုပ်ငန်းရှင်များ အစုအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ဇူလိုင် ၂၂ ရက်က မန္တလေးတိုင်းဒေသကြီး လျှော်ဖြူလုပ်ငန်းရှင်များအစုအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။ အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ မန္တလေးတိုင်းတွင် လျှော်ဖြူထုတ်လုပ်သူများသာမက စစ်ကိုင်း၊ မုံရွာ၊ မကွေး၊ နေပြည်တော်၊ ပဲခူး စသည့်မြို့များမှ စိုက်ပျိုးထုတ်လုပ်သူ ၇၀ ဦး တက်ရောက်ခဲ့ကြပါတယ်။ အဆိုပါ လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌက လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများအနေနှင့် မိမိတို့ စိုက်ပျိုးထုတ်လုပ်သည့် လျှော်ဖြူများ အထွက်နှုန်းကောင်းရေး၊ ထွက်ရှိသော ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးကိုလည်း ရည်ရွယ်၍ အထွက်နှုန်းကောင်း၊ ပစ္စည်းကောင်းရရှိရေးကို စိုက်ပျိုးထုတ်လုပ်သူ အချင်းချင်း နည်းပညာများ ဖလှယ်ခြင်း၊ ပြည်တွင်း ဈေးကွက် သာမက ပြည်ပဈေးကွက်တွင်ကျယ်ရေးတို့ကို ဒေသအလိုက် ထွက်ရှိသည့် လျှော်ဖြူနမူနာများရယူ၍ ဂုဏ်သတ္တိနှင့် ဓာတုဆေးကြွင်းကျန် ရှိမှုများသိရှိနိုင်ရန်အတွက် စင်ကာပူနိုင်ငံသို့ ပေးပို့စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊ အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးကိစ္စရပ်၊ နည်းပညာသင်တန်းဖွင့်လှစ်ရေးနှင့် အသင်း Website ကို ထူထောင်ရေး၊ အသင်းသူအသင်းသားများ အသင်းလှုပ်ရှားဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ရေးတို့ကို ရည်ရွယ်၍ တွေ့ဆုံဆွေးနွေးပွဲများကို နှစ်လလျှင် တစ်ကြိမ်တွေ့ဆုံဆွေးနွေးသွားကြမည်ဖြစ်ပြီး ယခု တက်ရောက်လာသူများမှလည်း အားနည်းချက်၊ အားသာချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး (စားသုံးသူ၊ မန္တလေး)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း


### ၃၀-၇-၂၀၁၈ မှ ၅-၈-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** ပြောစရာဖြစ်မည့် အမှားတစ်ခုကျူးလွန်မိတတ်သည်။ စိတ်ကူးရည်ရွယ်ထားသော အကြံများပျက်ပြယ်သွားတတ်သည်။ အနုပညာနှင့်ပတ်သက်သော တူရိယာပစ္စည်းများရောင်းဝယ်ခြင်း၊ ပြုလုပ်ခြင်း၊ တီထွင်ခြင်း များအကျိုးဖြစ်ထွန်းမှုရှိနေမည်။ ပညာရေးကံကောင်းနေမည်။ ကျန်းမာရေးချို့တဲ့တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စ အနှောင့်အယှက်ရှိတတ်သည်။ သတိမထားဘဲစိတ်ထင်ရာပြုလုပ်မိပါက အကျိုးမရှိဖြစ်တတ်သည်။

**ယတြာ။ ။အရှေ့အရပ်တွင်ရှိသော ရဟန်းပုဂ္ဂိုလ်များကို ငွေလှူပါ။**



**တနင်္လာသားသမီးများအတွက်** စုမိသောငွေများထဲမှ မမျှော်လင့်ဘဲအချို့ဆုံးရှုံးသွားတတ်သည်။ အပိုငွေများဝင်တတ်ပြီး သုံးပိုင်ခွင့်ရှိသော်လည်း စိတ်မသန့်သလိုခံစားရမည်။ စီးပွားရေးပုံမှန်အနေအထား ရှိတတ်သည်။ အိုးအိမ်၊ တိုက်တာ၊ ယာဉ်ကားနှင့်ပတ်သက်ပြီး အမှုအခင်းကြုံတတ်သည်။ စိတ်ရှုပ်စရာကိစ္စတစ်မျိုးမဟုတ်တစ်မျိုးကြုံနေရတတ်သည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် စိတ်ဖိစီးမှုဝေဒနာဖြစ်တတ်သည်။

**ယတြာ။ ။မိမိမွေးနံထောင့်ဘုရားကို ရောင်တော်ဖွင့်ပါ။**



**အင်္ဂါသားသမီးများအတွက်** စိတ်ဓာတ်ခိုင်မာမှုအရာရာကိုအေးဆေးစွာဖြတ်သန်းနိုင်မည်။ စီးပွားရေးကိစ္စများအတွက် ငွေကြေးကံကောင်းတတ်သည်။ အကျိုးအမြတ်ရရှိမည်။ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးကိစ္စဆောင်ရွက်ရင်း မိတ်ဆွေကောင်း နှင့်တွေ့ဆုံခွင့်ရမည်။ ပညာရေးတစ်ပိုင်းတစ်စဖြစ်နေတတ်သည်။ ကျန်းမာရေး ဖောက်ပြန်တတ်သည်။ အသက်ဉာဏ်စောင့်ဆိုသည့်အတိုင်း ဆင်ဆင်ခြင်ခြင် သတိယှဉ်၍ အရာရာကိုကြိုးစားပါမှပိုကောင်းမည်။ အချစ်ရေး၊ အိမ်ထောင် ရေးရှုပ်ထွေးစရာများတတ်သည်။

**ယတြာ။ ။ကံပွင့်ဂါထာကိုရွတ်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးတွင်လည်း အကျိုးအမြတ်ကိုဦးတည်၍ အောင်မြင်အောင်လုပ်ကိုင်ဆောင်ရွက်တတ်သည်။ စာအုပ်၊ စာပေ၊ စာရေးကိရိယာများနှင့်ပတ်သက်သည့် စီးပွားရေးအကျိုးပေးကောင်း နေမည်။ ပညာရေးတွင် အောင်မြင်မှုရတတ်သည်။ ကျန်းမာရေးတွင်ချွေးထွက်လွန်၍ အားအင်ကုန်ခမ်းခြင်းဝေဒနာခံစားရတတ်သည်။ အချစ်ရေးနှင့် အိမ်ထောင်ရေးကို မည်သို့ဆုံးဖြတ်ရမည်ကိုမသိ ဖြစ်နေတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင်စွယ်တော်ပန်းလှူ၍ အရပ်၁၀မျက်နှာမေတ္တာပို့ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးတွင် အကျိုးအမြတ်ကိုဦးတည်၍ အကောင်းဆုံးပေါင်းသင်းဆက်ဆံပြီး အောင်မြင်အောင်လုပ်ကိုင်ရတတ်ပါသည်။ ရာသီကုန်ပစ္စည်း၊ မုန့်လုပ်ငန်းများအကျိုးပေးမှုအားကောင်းလိမ့်မည်။ ပညာရေး တွင် အကောင်းဆုံးဖြစ်အောင် ဆရာကောင်းများနှင့် သင်ကြားနေရတတ်သည်။ ကျန်းမာရေးတွင် အစားအသောက်မှားယွင်း၍ သွေးချုပ်၊ လေချုပ်ဖြစ်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ကံကောင်းနေပါသည်။

**ယတြာ။ ။သံဃာတော်နှင့်သီလရှင်အား ထီးလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတိုးတက်အောင်ပုံမှန်ကြိုးစားနေရတတ်သည်။ မီးဖိုချောင်သုံးပစ္စည်းကိရိယာများ၊ အလှကုန်ပစ္စည်းများအကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် လျာထားချက်ပြည့်မီအောင်လုပ်ကိုင်ရတတ်သည်။ ပညာရေးတွင်အောင်မြင်မှုရတတ်သည်။ ကျန်းမာရေးအနေဖြင့် လေနာရောဂါ၊ အူအတက်ရောင်ခြင်း၊ အူရောင်ငန်းဖျားဖြစ်တတ်ခြင်းစသည်တို့ကိုသတိပြုသင့်ပါသည်။ အချစ်ရေးကံကောင်းသည်။ ချစ်သူရှိလျှင် အိမ်ထောင်ကျတတ်ပါသည်။

**ယတြာ။ ။မိမိနှစ်သက်သောသူအား ရေမွှေးအကောင်းစားလက်ဆောင်ပေးပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံမှုငွေကြေးအတိုင်းအတာမီမမီနှင့်လူသုံးများသောပစ္စည်းဖြစ်မဖြစ်တို့ကို ချိန်ဆနေရတတ်သည်။ မြေတူးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ရှာဖွေရေးလုပ်ငန်းတို့အကျိုးပေးမည်။ ပညာရေးတွင် အပင်ပန်းခံကြိုးစားရမည်။ ကြီးမားပြင်းထန်သောရောဂါဝေဒနာမဖြစ်တတ်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် စိတ်မြန်မြန်ဆုံးဖြတ်ချက်ချတတ်သည်။

**ယတြာ။ ။နှင်းကပ်မုန့်ကျွေးပါ။**

## သရက်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမတွင် သရက်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ

စားသုံးသူပြည်သူများအား ပိုမိုထိရောက်စွာ အကာအကွယ်ပေးနိုင်ရန်နှင့် ကုန်စည် ၊ ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်၊ ထုတ်လုပ်သူလုပ်ငန်းရှင်များမှလည်း စံချိန်စံညွှန်းမီ၊ အရည်အသွေးမီကုန်ပစ္စည်းများ ထုတ်လုပ်လာစေရန်နှင့် ကွင်းဆင်း စစ်ဆေးမှုအပေါ် အားနည်းချက်၊ အားသာချက်များအား ဝိုင်းဝန်းအကြံပြု ဆွေးနွေးစေရန်ရည်ရွယ်၍ ဇူလိုင်လ ၁၇ က သရက်ခရိုင်၊ အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမတွင် (၁/၂၀၁၈)ကြိမ်မြောက် သရက်ခရိုင်အငြင်းပွားမှု အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့ပါသည်။

ရှေးဦးစွာ သရက်ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ သရက်ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စွာမှ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် သရက်ခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးရာတွင် သက်တမ်းလွန်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့မှု အခြေအနေများ၊ Mobile Gallery ပြသခဲ့မှုအခြေအနေများ၊ ပညာရေးဝန်ဆောင်မှုအနေဖြင့် ဘော်ဒါဆောင်များသို့ အသိပညာပေးမှုအခြေအနေများ၊ သရက်အကျဉ်းထောင်များတွင် စားသုံးသူအသိပညာပေးဆွေးနွေးခဲ့မှု အခြေအနေများ၊ ပထမ(၃)လပတ်အတွင်း အသိပညာပေးမှုအနေဖြင့် လူဦးရေ ၈၄၆၄ ခန့် အသိပညာများ ပေးနိုင်ခဲ့ပြီး လွှမ်းခြုံနိုင်မှုအား ဖြင့် (၁ ဒသမ ၁၇၁ ရာခိုင်နှုန်း)ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဇွန်၊ ဇူလိုင်လများတွင် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးခဲ့ရာ သရက်ခရိုင်အတွင်း စည်ပင်သာယာဈေးများမှ သက်တမ်းလွန်ပစ္စည်း အမျိုးအစား ၂၅ မျိုး၊ အရေအတွက် ၂၁၁ ခု၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၆၂၄၅၀ ခန့်ကို ဈေးကွက်အတွင်းမှ သိမ်းဆည်းရရှိခဲ့ကြောင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းပေးနိုင်ရန်အတွက် CICC ရုံးကို သရက်ခရိုင်အောင်လံမြို့တွင် ဖွင့်လှစ်ထားကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသည့် အဖွဲ့ဝင်များမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## ကန့်ဘလူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကန့်ဘလူခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၈) ကို ဇူလိုင် ၂၀ ရက်တွင် ကန့်ဘလူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စား သုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးသန်းပိုက ကန့်ဘလူ/ ကျွန်းလှ ဈေးကွက်အတွင်းမှ သက်တမ်းလွန် ကြက်/ဝက်အူချောင်းများ သိမ်းဆည်းရရှိမှုအခြေအနေ၊ သိမ်းဆည်းမီးရှို့ဖျက်ဆီးခဲ့မှုအခြေအနေများ၊ ကျွန်းလှ(အ. ထ. က) ကျောင်းအနီးမှ စားသုံးရန်မသင့် သက်တမ်းလွန်ကုန်ပစ္စည်းများ သိမ်းဆည်းရရှိမှုနှင့် အငြင်းပွားမှုအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်ဖျက်ဆီးသွားမည့်အကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ လိုက်နာဆောင်ရွက်ရမည့်တာဝန်များအကြောင်းတို့ကို အကျယ်တဝင့် ဆွေးနွေးတင်ပြခဲ့ပါသည်။

ထို့နောက်ကန့်ဘလူခရိုင်အတွင်းရှိ ကိတ်မုန့်၊ ပေါင်မုန့် လုပ်ငန်းရှင်များကိစ္စနှင့် (၁/၂၀၁၈) အစည်းအဝေးဆုံး ဖြတ်ချက်အရ ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသောအဖွဲ့ဝင်များမှ အသီးသီးပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**တင်စိုးနိုင်**

## ကုန်သွယ်ရေး စခန်းများမှ ဆိုင်ကယ်တင်သွင်းမှု ကျဆင်း

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၄ ဒသမ ၀၁၅သန်းတန်ဖိုးရှိ ဆိုင်ကယ် ၅၇၁၇ စီး ကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၆၁၀ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၈၉၃ စီးလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ကန်ပိုက်တီကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ် ပိုမိုတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီ ကုန်သွယ်ရေးဇုန်တို့မှ လျော့နည်းတင်သွင်းခဲ့တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၇ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၃၅၉၃ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၂၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၂၀၂၉ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာသုည ဒသမ ၀၂၅ သန်းတန်ဖိုးရှိ ဆိုင်ကယ်အစီး ၉၀ နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသုည ဒသမ ၀၁၀ သန်းတန်ဖိုးရှိ ဆိုင်ကယ်၅စီးကိုတင်သွင်းခဲ့တယ်လို့သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## သက်တမ်းလွန် စားသောက်ကုန်များနှင့် တားမြစ်စားသောက်ကုန်များ သိမ်းဆည်းမီးရှို့ဖျက်ဆီး

စာသင်ကျောင်းများရှိ ကျောင်းမုန့်ဈေးဆိုင်များ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရန် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်ရှိ အမှတ် (၂) အထက်တန်းကျောင်းသို့ဇူလိုင် ၁၈ ရက်က စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် အဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့၊ ကျောင်းကော်မတီတို့နှင့် ပူးပေါင်းပြီး ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ကွင်းဆင်းစစ်ဆေးပညာပေးရာတွင် ကျောင်းမုန့်ဈေးဆိုင်များ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော စားသုံးရန်မသင့် စားသောက်ကုန်များ၊ သက်တမ်းလွန်အစားအစာ မုန့်မျိုးစုံနှင့် အချိုရည်များ အမျိုးအမည် ၃၃ မျိုးကို တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ပါသည်။ထို့နောက် ကျောင်းမုန့်ဈေးသည်များအား နောက်နောင် ရောင်းချခြင်းမပြုရန် သတိပေးခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများကို ရှင်းလင်းခြင်း၊ စားသောက်ကုန်များ ကိုင်တွယ်ရောင်းချရာတွင် ယင်မနားအောင် သန့်ရှင်းသပ်ရပ်စွာ ရောင်းချပြီး စားသုံးသူများ၏ အကျိုးကို အလေးထား ရောင်းချပေးရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တားမြစ်ထားသော စားသောက်ကုန်များနှင့် သက်တမ်းလွန်စားသောက်ကုန်များကို ရောင်းချခြင်းများ မရှိစေရန်အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ သိမ်းဆည်းရရှိသော စားသောက်ကုန်များကို ဆရာ/ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ ရှေ့မှောက်၌ ကျောင်းဝင်းအတွင်း မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**ခွာညို (မနော‌မြေ)**

# (၅) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့်(၂၅) ကြိမ်မြောက် ကူမင်းပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့်ပတ်သက်သည့် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂၃ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၃) ရှိ အစည်းအဝေးခန်းမ၌ (၅) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့်(၂၅) ကြိမ်မြောက် ကူမင်း ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ပတ်သက်သည့် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ အစည်း အဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန်က အဖွင့်အမှာ စကားပြောကြားရာ၌ ယခုလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းမှာ (၅)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၅) ကြိမ်မြောက် ကူမင်းပို့ကုန်/ သွင်းကုန် ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်ပြသခဲ့ရာတွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို မျှဝေရန်နှင့် အခက်အခဲများကိုပြန်လည်သုံးသပ်၍ နောက်ပွဲများတွင် ပိုမိုအဆင်ပြေချောမွေ့စွာဖြင့် ပါဝင်ပြသနိုင်ရန် အတွက်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသူများမှ ပြပွဲသို့ ပါဝင်ပြသခဲ့ရာတွင် မိမိတို့ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများနှင့် အခက်အခဲများအကြောင်း ဆွေးနွေးခဲ့ပြီး နောက်ကျင်းပမည့် ပြပွဲများတွင် အောင်မြင်စွာ ပါဝင်ပြသနိုင်ရေး အတွက် အကြံပြုဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန် စည်ပြပွဲနှင့်ပတ်သက်သည့် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ရာ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများမှ ယခုပြပွဲသို့ မြန်မာနိုင်ငံမှအောင်မြင်စွာ ပါဝင်ပြသနိုင်ရေး အတွက် တရုတ်ပြပွဲကျင်းပရေး ကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ ပြခန်းဆောင်ဒီဇိုင်းနှင့် ပြခန်းခန့်မှန်းထားသတ်မှတ်ခြင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများမှလည်း ၎င်းတို့အနေဖြင့် ယခုနှစ်ပြပွဲသို့ ပါဝင်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို ပြန်လည်ဆွေးနွေး တင်ပြခဲ့ကြပါသည်။

**လင်းလင်းထွန်း(TD)**

**ယခင်တစ်ပတ်မှအဆက်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အမျိုးသားစံချိန်စံညွှန်းကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)**
**မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း**

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း (၅၀)အား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်လိုက်သည်-

**စဉ် မြန်မာစံချိန်စံညွှန်းများ**

(၂၁) MMS ISO 8375:2009 သစ်သားထည်များ-ကော်ကပ်သစ်သား- ရုပ်ပိုင်းနှင့်စက်မှုဆိုင်ရာ စူးစမ်းတွက်ချက်ခြင်းအတွက် စမ်းသပ်မှုနည်းလမ်းများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၂၂) MMS ISO 50001:2011 စွမ်းအင်စီမံခန့်ခွဲမှုစနစ်-အသုံးပြုနိုင်သည့် လမ်းညွှန်ချက်များပါဝင်သည့် လိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၂၃) MMS IEC 60227-5:2003 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့အားအထိ အသုံးပြုနိုင်သည့် ပိုလီဗီနိုင်းလ်ကလိုရိုက်(ပီဗွီစီ) ဖုံးအုပ်ထားသော ဝါယာကြိုးများ၊ အပိုင်း (၅) ဝါယာကြိုးပျော့များ၏ မြန်မာစံချိန်စံညွှန်း။

(၂၄) MMS IEC 60669-1:2007 အိမ်သုံးနှင့်အလားတူပုံသေလျှပ်စစ်သွယ်တန်းခြင်းအတွက် ခလုတ်များအပိုင်း (၁) - အထွေထွေလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန် စံညွှန်း။

(၂၅) MMS IEC 60884-1:2006 အိမ်သုံးနှင့်အလားတူသုံးစွဲမှုများအတွက် ဆော့ကတ်နှင့်ပလပ်များ အပိုင်း(၁)-ယေဘုယျသတ်မှတ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၂၆) MMS IEC 60335-1:2010 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး-အပိုင်း(၁)-အထွေထွေလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၂၇) MMS IEC 60335-2-3:2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး-အပိုင်း(၂-၃) လျှပ်စစ်မီးပူများအတွက် သီးခြား လိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၂၈) MMS IEC 60335-2-44:2004 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး-အပိုင်း(၂-၄၄)- အဝတ်ပြန့်ကိရိယာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၂၉) MMS IEC 60335-2-41:2004 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး-အပိုင်း (၂-၄၁)- ပန့်များအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၃၀) MMS IEC 60335-2-80:2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး-အပိုင်း(၂-၈၀)- ပန်ကာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၃၁) MMS IEC 60335-2-15:2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး-အပိုင်း (၂-၁၅)- အရည်များအပူပေးသော ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၃၂) MMS IEC 60335-2-23:2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး-အပိုင်း (၂-၂၃)- အသားအရေ သို့မဟုတ် ဆံပင်ပြုစုထိန်းသိမ်းခြင်း ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၃၃) MMS IEC 60335-2-26:2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး-အပိုင်း(၂-၂၆)- နာရီများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၃၄) MMS IEC 60335-2-43:2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး-အပိုင်း(၂-၄၃)- အဝတ်စထည်ခြောက်သွေ့စက်နှင့် ပစ္စည်းကိရိယာများအတွက် သီးခြားလို အပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၃၅) MMS IEC 60335-2-40:2005 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး-အပိုင်း(၂-၄၀)- လျှပ်စစ်အပူပေးပန့်၊ လေအေးပေးစက်နှင့် စိုထိုင်းမှုထိန်းညှိပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၃၆) MMS IEC 60898-1:2003 လျှပ်စစ်ဆိုင်ရာ ဆက်စပ်ပစ္စည်းအစိတ်အပိုင်းများ- အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ သွယ်တန်းတပ်ဆင်ခြင်း၌ လျှပ်စီးလွန်ကာကွယ်ခြင်းအတွက် ပတ်လမ်းဖြတ်ကိရိယာများ အပိုင်း (၁) အေစီပတ်လမ်းဖြတ်ကိရိယာများ၏ မြန်မာစံချိန်စံညွှန်း။

(၃၇) MMS IEC 60898-2:2003 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ တပ်ဆင်ရာတွင် လျှပ်စီးလွန်ကာကွယ်ခြင်းအတွက် ပတ်လမ်းဖြတ်ကိရိယာများ အပိုင်း (၂) အေစီလျှပ်စီးနှင့် ဒီစီလျှပ်စီးနှစ်မျိုးလုံးအတွက် ပတ်လမ်းဖြတ်ကိရိယာများ၏ မြန်မာစံချိန်စံညွှန်း။

(၃၈) MMS ISO 9162:2013 ရေနံထုတ်ကုန်များ- လောင်စာ(အဆင့် စ) - ရေနံဓာတ်ငွေ့ရည်များ၏ သတ်မှတ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၃၉) MMS ISO 506:1992 သဘာဝရော်ဘာစေးရည်၊ ရော်ဘာအနှစ်- အငွေ့ပြန်နိုင်သော ဖက်တီးအက်စစ်ကိန်းတိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၄၀) MMS ISO 127:2012 ရော်ဘာ၊ သဘာဝရော်ဘာစေးရည်အနှစ်-ပိုတက်ဆီယမ်ဟိုက်ဒြောဆိုဒ်ကိန်းတိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၄၁) MMS ISO 247:2006 ရော်ဘာ-ပြာအဖြစ် ကျန်ရှိမှုပမာဏတိုင်းတာ သတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၄၂) MMS ISO 706:2004 ရော်ဘာစေးရည်-အခဲဒြပ်ထုပါဝင်မှု ပမာဏတိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း (ဇကာဖြင့်စစ်ပြီး ကျန်ရစ်သော အကြွင်းအကျန်)။

(၄၃) MMS ISO 1802:1992 သဘာဝရော်ဘာစေးရည်အနှစ် - ဘိုရစ်အက်ဆစ်ပါဝင်မှုပမာဏတိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၄၄) MMS ISO 2930:2009 ရော်ဘာ၊ သဘာဝရော်ဘာစိမ်း-ပလတ်စတစ်ဂုဏ်သတ္တိ၊ ခံနိုင်ရည်ညွှန်းကိန်း တိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၄၅) MMS ISO 248-1:2011 ရော်ဘာ၊ အစိမ်း-အငွေ့ပြန်နိုင်သော ဒြပ်ပစ္စည်းပါဝင်မှုပမာဏတိုင်းတာသတ်မှတ်ခြင်း -အပိုင်း(၁) ကြိတ်စက်အပူအသုံးပြုသော နည်းလမ်းနှင့် အလုံပိတ်မီးဖိုအသုံးပြုသော နည်းလမ်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၄၆) MMS ISO 4660:2011 ရော်ဘာ၊ သဘာဝရော်ဘာစိမ်း-အရောင်ညွှန်းကိန်းစမ်းသပ်မှုဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၄၇) MMS ISO 2007:2007 ရော်ဘာ၊ ကန့်ရောစပ်ထားခြင်းမရှိသော - ပလတ်စတစ်ဂုဏ်သတ္တိ တိုင်းတာသတ်မှတ်ခြင်း- ရက်ပစ်ဒ်-ပလတ်စတီမီတာ နည်းလမ်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၄၈) MMS ISO 1656:2014 ရော်ဘာ၊ သဘာဝရော်ဘာနှင့် ရော်ဘာစေးရည်၊ သဘာဝ-နိုက်ထရိုဂျင် ပါဝင်မှုပမာဏတိုင်းတာ သတ်မှတ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၄၉) MMS ITU-T G 652:2009 ဆင်ဂယ်လ်မုဒ်ဖန်မျှင်နှင့် ကေဘယ်ကြိုး၏ လက္ခဏာရပ်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

(၅၀) MMS ISO 9001:2015 အရည်အသွေးစီမံခန့်ခွဲမှုစနစ်-လိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။

# ကုမ္ပဏီဥပဒေသစ်အရ မြန်မာနိုင်ငံရှိ ကုမ္ပဏီများ ပြန်လည်မှတ်ပုံတင်ရမည်

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) အရ မြန်မာနိုင်ငံရှိကုမ္ပဏီများအနေဖြင့် ဩဂုတ် ၁ ရက်မှ စတင်ကာ အွန်လိုင်းမှတစ်ဆင့် ပြန်လည်မှတ်ပုံတင် ရမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

ဇူလိုင် ၂၃ရက်က မြန်မာနိုင်ငံ ကုန်သည်စက်မှု အသင်းချုပ်ရုံးတွင် ပြုလုပ်သော 'မြန်မာနိုင်ငံကုမ္ပဏီ များ ဥပဒေ ၂၀၁၇နှင့် အီလက်ထရောနစ် မှတ်ပုံတင် စနစ် (MyCO)ရှင်းလင်းဆွေးနွေးပွဲ'တွင် ယခုလိုပြော ကြားခဲ့ခြင်းဖြစ်သည်။

"ဩဂုတ်လ ၁ ရက်ကစပြီး မြန်မာ နိုင်ငံကုမ္ပဏီ များဥပဒေ(၂၀၁၇) စတင် အသက်ဝင်ပါမယ်။ အဲဒီ ကျရင် ကိုယ်ရဲ့ မိုဘိုင်းဖုန်း၊ လက်ပ်တော့တွေနဲ့ကုမ္ပဏီ ကို မှတ်ပုံတင်လို့ရပါတယ်။ ကုမ္ပဏီ ဒါရိုက်တာများ လမ်းညွှန်ဆိုပြီးတော့လည်း လုပ်ပေးထားလို့ သေချာ ဖတ်ထားစေချင်ပါတယ်။ ကုမ္ပဏီမှတ်ပုံတင်ကဒ်ပြား



ကိုလည်း အီလက်ထရောနစ်ကော်ပီကို အီးမေးလ်ထဲ ပို့ပေးပါမယ်။ လက်ရှိမှတ်ပုံတင်ထားတဲ့ ကုမ္ပဏီအားလုံး ပြန်လည် မှတ်ပုံတင်ရပါမယ်။ သက်တမ်းပြတ်နေတဲ့ ကုမ္ပဏီတွေလည်း ပြန်မှတ်ပုံတင်လို့ရပါတယ်။ သက်တမ်း ပြတ်ကုမ္ပဏီတွေကတော့ အသစ်လျှောက်တဲ့ကုမ္ပဏီ တွေလိုပဲမှတ်ပုံတင်ကြေး နှစ်သိန်းငါးသောင်းကျပ် သွင်းရပါမယ်။ ပြန်မှတ်ပုံတင်တဲ့ ကုမ္ပဏီတွေကတော့ မှတ်ပုံတင်ကြေးသွင်းဖို့မလိုပါဘူး။ ဒါကိုမှ ကျွန်တော် တို့ ရုံးမှာလာပြီး ကုမ္ပဏီမှတ်ပုံတင်မယ်ဆိုရင်တော့ ဝန်ဆောင်ခကျပ်ငါးသောင်း ကောက်ခံမှာဖြစ်ပါတယ်။ ဒါကလည်း အွန်လိုင်းကနေတစ်ဆင့်ပို့ပြီးလုပ်စေချင် လို့ပါ"ဟု ဦးအောင်နိုင်ဦးကပြောသည်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ နှင့် အညီ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်ဆဲ ကုမ္ပဏီများသည် အဆိုပါဥပဒေအတိုင်းသာ စာရင်း ရှင်းလင်းဖျက်သိမ်းခြင်းကို ဆက်လက်ဆောင်ရွက်ရ မည်ဖြစ်ပြီး ပြန်လည်မှတ်ပုံတင်ရန် မလိုအပ်ကြောင်း သိရသည်။

ဥပဒေသစ်အရ ကုမ္ပဏီ မှတ် ပုံတင်ခြင်းကို ဩဂုတ်လ ၁ ရက်မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် အထိ သတ်မှတ်ကာလ (၆) လအတွင်း Online မှ တဆင့် www.myco.dica.gov.mm ဝက်ဘ်ဆိုဒ်တွင် ပြုလုပ်နိုင်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# LOREAL Paris မှ RED Carpet Event 2018 ပွဲကျင်းပ

နာမည်ကြီး အလှကုန်အမှတ် တံဆိပ်ဖြစ်သည့် LOREAL Paris မှ RED Carpet Event 2018 ပွဲကို ဇူလိုင် လ ၈ ရက်တွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပခဲ့သည်။ အဆိုပါ RED Carpet Show ပွဲသို့ပြည်တွင်းရှိအနုပညာ ရှင်များစွာ တက်ရောက်ခဲ့ပြီး တစ်မူထူး ခြားသည့် ဖက်ရှင်ဒီဇိုင်းပုံစံများဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

"တခြားနိုင်ငံတွေမှာလည်း ဒီလို ပွဲမျိုးကို ကျင်းပနေတဲ့အတွက် ကျွန်မတို့ မြန်မာနိုင်ငံမှာလည်း ဒီလို Image ကို သယ်ဆောင်လာချင်လို့ ကျင်းပဖြစ်တာ ပါ။ ဒီပွဲမှာ ထုတ်ကုန်တွေအကြောင်းကို ပြောပြမယ့်အပြင် ဖက်ရှင်ဒီဇိုင်နာတွေ ရဲ့ ခမ်းနားဆန်းပြားတဲ့ ဒီဇိုင်းတွေကို ပြသသွားမှာပါ။ Loreal Paris အနေနဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ ပစ္စည်းသစ် တွေရတာနဲ့ ပြည်တွင်းမှာပါ အချိန်နဲ့ တစ်ပြေးညီရနိုင်အောင် ကြိုးစားနေပါ တယ်။ နောက်ပြီး အိမ်နီးချင်းနိုင်ငံတွေ ဖြစ်တဲ့ စင်ကာပူထက် ၂၅ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံထက် ၁၅ ရာခိုင်နှုန်း သက် သာပါတယ်။ ကွာလတီနဲ့ တင်သွင်းတဲ့ နိုင်ငံတူတူပါပဲ"ဟု Loreal Paris မှ တာဝန် ရှိသူတစ်ဦး က ပြောသည်။

RED Carpet Event 2018 ပွဲနှင့် အတူ LOREAL ၏ မိတ်ကပ်ဖျက် ဆေးရည်ဘူးပုံစံသစ်ကို မိတ်ဆက်ခဲ့ပြီး ထုတ်ကုန်များအကြောင်းကိုလည်း ရှင်း ပြခဲ့ကြောင်း သိရသည်။ **ချောစု**

# ကိုရီးယားနှင့် မြန်မာနိုင်ငံတို့အကြား ခရီးသွားနယ်ပယ်နှင့် ကောင်းမွန်သော ဆက်ဆံရေး တိုးတက်စေရန် Korea Mice Night ပွဲ ကျင်းပ

ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံ တို့အကြား ခရီးသွားနယ်ပယ်နှင့် ကောင်း မွန်သောဆက်ဆံရေး တိုးတက်စေရန် အတွက် Korea Mice Night ပွဲကိုရန်ကုန် မြို့ရှိ Pan Pacific Hotel တွင် ဇူလိုင်လ ၂၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် မြန်မာ၊ ကိုရီးယား နှင့် ထိုင်း သုံးနိုင်ငံမှ အဖွဲ့ဝင်ငါးယောက် ဖြင့် ဖွဲ့စည်းထားသည့် Rose Quartz အဖွဲ့၏ သီချင်းများဖြင့် ဖျော်ဖြေမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

"ဒီလိုပွဲမျိုးလုပ်ရတာက ပြည် တွင်းမှာ ကိုရီးယားနဲ့ပတ်သက်တာကို စိတ်ဝင်စားကြတဲ့အတွက် ကိုရီးယား နိုင်ငံရဲ့ ခရီးသွားလုပ်ငန်းအကြောင်းကို ပိုသိလာအောင် ပထမဆုံးအနေနဲ့ ကျင်းပ ပေးတာပါ။ ဒီပွဲမှာ ကိုရီးယားနိုင်ငံရဲ့ ခရီးသွားလို့ကောင်းတဲ့ နေရာတွေ အကြောင်းကို ပြောပြပေးသွားမှာပါ။ နောက်ပိုင်းမှာလည်း ခရီးသွားကုမ္ပဏီ တွေရဲ့ အချက်အလက်တွေကို ဖြန့်ဝေ ပေးသွားမှာပါ"ဟု ကိုရီးယား MICE Nice ပွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံသုံးနိုင်ငံမှ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် Rose Quartz အဖွဲ့ အနေဖြင့် တတိတယမြောက်သီချင်း၏ MTV ကို ကိုရီးယားနိုင်ငံ၌ လာမည့် ဩဂုတ်လအတွင်း ရိုက်ကူးသွားမည် ဖြစ်သလို လက်ရှိတွင်လည်း Realize နှင့် Ra Pa Pam Pam သီချင်းတို့ဖြင့် ပရိသတ်၏ အားပေးမှုကို ရရှိနေပြီ ဖြစ် ကြောင်း သိရသည်။ **ချောစု**

# ပညာရေးထူးချွန်၍ ထောက်ပံ့မှုလိုအပ်သည့် ကျောင်းသားများအား YKKO မှ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ပညာရေးထူးချွန်၍ ထောက်ပံ့မှု လိုအပ်နေသည့် ကျောင်းသားများ အတွက် ပထမဆုံးအကြိမ် ပညာသင် ထောက်ပံ့ကြေးကို ရန်ကင်းကြေးအိုး (YKKO) မှ ရန်ကုန်မြို့၊ ပြည်လမ်းရှိ IBC ခန်းမတွင် ဇူလိုင် ၂၁ ရက်က ပေး အပ်ခဲ့သည်။

ထိုကဲ့သို့ပညာသင် ထောက်ပံ့ကြေး ငွေပေးအပ်ရခြင်းမှာ YKKO ၏ နှစ်(၃၀) ပြည့် အထိမ်းအမှတ်အဖြစ် ပေးအပ် ခြင်းဖြစ်သလို ပညာရေးထူးချွန်၍ အထောက်အပံ့လိုအပ်နေသည့်ကျောင်း သားများ၏ အနာဂတ်ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်စေရန် ရည် ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

"YKKO အနေနဲ့ လစဉ်လူမှု အကျိုးပြုလုပ်ငန်းတွေလည်း လုပ်ဖြစ်ပါ တယ်။ ဒီနှစ်မှာ နှစ် ၃၀ ပြည့် အထိမ်း အမှတ်အဖြစ် ထူးထူးခြားခြားဖြစ် အောင် ပညာထူးချွန်ပြီး အထောက်အပံ့ လိုအပ်နေတဲ့ကလေးတွေကို အဓိကထား ရွေးချယ်ထောက်ပံ့ပေးခဲ့တာပါ။ ကျောင်း တွေကို ဒီလိုထောက်ပံ့ပေးခဲ့တာက ပထမ ဆုံးအကြိမ်ပါ"ဟု YKKO ၏ Marketing Manager မဖြူသက်မာက ပြောသည်။

နှစ် ၃၀ ပြည့် အထိမ်းအမှတ် အဖြစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အတွက် (အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းတွင်) ပညာသင်ကြားနေ သော ကျောင်းသားကျောင်းသူအယောက် ၃၀ ကို ပညာသင်ထောက်ပံ့ကြေးပေး အပ်ခြင်းဖြစ်ပြီး တစ်ဦးလျှင် ၁၀သိန်း စီဖြင့် စုစုပေါင်းကျပ်သိန်း ၃၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောင်းသား အယောက် ၃၀ ကို ရွေးချယ်ရာတွင်လည်း ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးမှ ကျောင်းသားကျောင်းသူ အယောက် ၂၀ နှင့် မန္တလေးတိုင်းဒေသကြီး၊ နေပြည် တော်နှင့် မွန်ပြည်နယ်တို့မှ ကျောင်း သားကျောင်းသူ ၁၀ ဦးတို့အား ရွေး ချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီးမှ ကျောင်းသား၊ ကျောင်းသူများကို ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်နှင့် မွန်ပြည် နယ်တို့မှ ကျောင်းသားကျောင်းသူများကိုမူ ၂၀၁၈ ခုနှစ် ဩဂုတ်လမှသာ သက်ဆိုင် ရာ မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ နောင်နှစ်များ တွင်လည်း ထောက်ပံ့မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရ သည်။ **ချောစု**

# ကမ္ဘာ့အသည်းရောင် အသားဝါနေ့ အထိမ်းအမှတ်ပွဲ ကျင်းပမည်




ကမ္ဘာ့အသည်းရောင် အသားဝါ နေ့အထိမ်းအမှတ်ပွဲကို ဇူလိုင် ၃၁ ရက် တွင် ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကို ဇူလိုင်လ ၂၈ ရက် တွင် ကျရောက်မည့် ကမ္ဘာ့အသည်း ရောင်အသားဝါနေ့ အထိမ်းအမှတ်ဖြစ် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံဆရာဝန် အသင်း၊ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းဆေးပညာအဖွဲ့မှ ဦးစီးလုပ် ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲလုပ်တာက ပြည်သူတွေသိပြီး အသိပညာရအောင်၊ ကျန်းမာရေး ဗဟု သုတရအောင် ရည်ရွယ်ကျင်းပပေးတာ ပါ။ ဒီရောဂါကလက္ခဏာမပြဘူး။ လူကောင်းလိုပဲ၊ ရှိမှန်းမသိဘဲ တစ် ယောက်က တစ်ယောက် ကူးစက်တယ်။ ဒါတွေကို စောစောစီးစီး ရှာဖွေကုသ နိုင်ဖို့ ရည်ရွယ်ချက်နဲ့ ကျင်းပတာပါ။ ဒီနှစ်ရဲ့ ဆောင်ပုဒ်ကလည်း အသည်း ရောင် ရောဂါကင်းဝေးရေး ဝိုင်းဝန်းရှာ ဖွေစစ်ဆေးပေးဖြစ်တဲ့အတွက် စော စောစီးစီးသိရှိပြီး ကာကွယ်နိုင်အောင် လုပ်ဆောင်တာပါ"ဟု မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ်အူလမ်း ကြောင်းနှင့် အသည်းဆေးပညာအဖွဲ့မှ ဥက္ကဋ္ဌ ပါမောက္ခ ဗိုလ်မှူးကြီးကျော် စိုးထွန်းက ပြောသည်။

အသည်းရောင် အသားဝါရောဂါ မှာ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လူဦးရေ သန်းပေါင်း ၄၀၀ ခန့် ကူးစက် ခံရပြီး တစ်နေ့လျှင် လူလေးထောင်ခန့် အသက်ဆုံးရှုံးနေကြောင်း၊ အဆိုပါ ရောဂါမှာလည်း စစ်ဆေးမှသိရသည့် အပြင် ပတ်ဝန်းကျင်၏ ဝေဖန်ရှုံ့ချမှုများ ရှိသည့်အတွက် ရှက်ကြောက်သည်များ ရှိကြကြောင်း သိရသည်။

ထို့အပြင် အယူအဆအလွဲများ ကြောင့် ဆေးမစစ်ရဲ ဘဲမကာကွယ် မကုသနိုင်ခြင်းဖြစ်ကြောင်း၊ ယခုအခါ တွင် ဘီပိုးကို အမြစ်ပြတ်မကုသနိုင် သော်လည်း စီပိုးကို ၃ လဆေး၊ ၆ လ ဆေးတို့ဖြင့် အမြစ်ပြတ်ကုသနိုင်ပြီဖြစ် ကြောင်း သိရသည်။

**ချောစု**

# ဒဂုံမြို့သစ်(မြောက်ပိုင်း) စီးပွားရေးဖွံ့ဖြိုးမှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးတွင် ဓာတုဆိုးဆေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ ဆုံးဖြတ်ချက်အရ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်၊ ဖြန့်ဖြူး၊ ရောင်းချ၊ သုံးစွဲသူများ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးရန်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူဝန်ထမ်းများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ဇူလိုင် ၂၅ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စီးပွားရေးဖွံ့ဖြိုးမှုဇုန် စီမံခန့်ခွဲရေး ကော်မတီရုံးတွင် စက်မှုဇုန်အတွင်းရှိဓာတုပစ္စည်းသိုလှောင်၊ သုံးစွဲ၊ ဖြန့်ဖြူးသည့် စီးပွားရေးလုပ်ငန်းရှင်နှင့် ဝန်ထမ်းများကို ဓာတုပစ္စည်းများ ကိုင်တွယ် အသုံးပြုပုံ ဆောင်ရန်ရှောင်ရန်အချက်များ အသိပညာ ပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် စီးပွားရေးဖွံ့ဖြိုးမှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကြီးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ချိုချိုဝင်းက ဓာတုပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် ဖြစ်ပေါ်နိုင်သည့် ရုပ်ဂုဏ်သတ္တိဆိုင်ရာ၊ ကျန်းမာရေးထိခိုက်မှုဆိုင်ရာ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ အန္တရာယ်ကျရောက်နိုင်မှု အခြေအနေနှင့် ဆောင်ရန်/ရှောင်ရန်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အစာအာဟာရသိပ္ပံနှင့် နည်းပညာအသင်းမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ပါမောက္ခ(ငြိမ်း)ဒေါ်ရီရီမြင့်က အစားအသောက်များ၏ဖြည့်စွက်ပစ္စည်းဖြစ်သည့် ဓာတုပစ္စည်းများ သုံးစွဲပုံ/သုံးစွဲနည်း၊ သတ်မှတ်ချက်အချိုးအစားအတိုင်း လိုက်နာရမည့် အခြေအနေ၊ ဆိုးဆေးတွင် ရေ၌ပျော်ဝင်သောဆိုးဆေးနှင့် ဆီတွင်ပျော်ဝင်သောဆိုးဆေးများအကြောင်း ဓာတုဆိုးဆေးများကို တိုက်ရိုက် မကိုင်တွယ်ကြရန်၊ ဓာတုဆိုးဆေးများကိုစားသောက်ကုန်ကြမ်းများနှင့်ရောနှောစွာမထားသင့်ကြောင်းတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ မန်နေဂျာ ဒေါ်ကေသီအုန်းက လူတို့စားသုံးသောအစားအသောက်များတွင် ဖြည့်စွက်ပစ္စည်းဖြစ်သည့် ဆိုးဆေးများအသုံးပြုရသည့် အခြေအနေကိုလည်းကောင်း၊ မြန်မာစားသုံးသူများသမဂ္ဂမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမိုမိုတင်က စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ ဆိုးဆေးများကြောင့်ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများနှင့် လုပ်ငန်းရှင်များအနေဖြင့် လိုက်နာသင့်သောဥပဒေ၊ စံချိန်စံညွှန်း၊ ထုတ်ပိုးမှုကုန်အညွှန်းအမှတ်အသားတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်မေလင်းက ဓာတုဗေဒပစ္စည်းနှင့် ပတ်သက်၍ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင် ပြုလုပ်ထားရန်၊ အန္တရာယ်ရှိကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် အမှတ်တံဆိပ်အဖြစ် ရုပ်ပုံကားချပ်များကပ်၍ ဖော်ပြပေးရမည့်အခြေအနေများကိုလည်းကောင်း၊ ဓာတုဗေဒပစ္စည်းများကြောင့် ပတ်ဝန်းကျင်လေထု/ရေထုညစ်ညမ်းမှုတွင်ဖြစ်လာနိုင်မှုအခြေအနေတို့ကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ယခုဟောပြောပွဲသည် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဓာတုပစ္စည်းများနှင့် ပတ်သက်၍ အသိပညာပေး လုပ်ငန်းများကို စက်မှုဇုန်များတွင် ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင်ပါရှိသည့် စားသုံးသူ၏ အခွင့်အရေးများ အပြည့်အဝ ရရှိစေရေးအတွက် လုပ်ငန်းရှင်များမှ သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြားချက်များကို လိုက်နာပြီး ဓာတုဆိုးဆေးများသုံးစွဲရာတွင် စနစ်တကျ သုံးစွဲကြရန်နှင့် အားလုံး ပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ အစာအာဟာရသိပ္ပံနှင့် နည်းပညာအသင်း၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာစားသုံးသူများသမဂ္ဂတို့မှ တာဝန်ရှိသူများ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စီးပွားရေးဖွံ့ဖြိုးမှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ စက်မှုဇုန်အတွင်းရှိစီးပွားရေးလုပ်ငန်းရှင်နှင့်ဝန်ထမ်းများ စုစုပေါင်း ၄၇ ဦး တက်ရောက်ခဲ့ပါသည်။ **လဲ့လဲ့ဌေး(စားသုံးသူ)ရန်ကုန်**

## ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ တောင်ငူမြို့အတွင်းရှိ မုန့်ဟင်းခါးဖိုနှင့်ဈေးများအား ကွင်းဆင်းစစ်ဆေး

တောင်ငူခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏(၄/၂၀၁၈)အစည်းအဝေးဆုံးဖြတ်ချက်အရ ဇူလိုင် ၁၂ ရက်က ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များသည် တောင်ငူမြို့အတွင်းရှိ မုန့်ဟင်းခါးဖို ၉ ဖိုမှ ထုတ်လုပ်ရောင်းချသော မုန့်ဟင်းခါးဖတ်များတွင် ဖော်မလင်ပါဝင်မှု ရှိ/မရှိကို ကွင်းဆင်း စစ်ဆေးခဲ့ပါသည်။ ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မုန့်ဖတ်များအား Test Kit ဖြင့် စမ်းသပ်စစ်ဆေးရာတွင် ဖော်မလင်ပါဝင်မှု မရှိကြောင်း တွေ့ရှိရပါသည်။

ထို့အတူ စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၁၇ ရက်က တောင်ငူမြို့ မြို့မဈေးနှင့် ညောင်ပင်ဈေးတို့တွင် ရောင်းချနေသော ကြက်သားဆိုင်များ၌ အေးခဲကြက်သားများ ရောင်းချခြင်းရှိ/မရှိကို စစ်ဆေးရာ အေးခဲကြက်သားများ ရောင်းချမှုမရှိကြောင်းနှင့် ကြက်သားဆိုင်များတွင် ရေထိုးရောင်းချခြင်းမပြုရန် အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရပါသည်။

**စိန်ကြိုင်(တောင်ငူ)**

စာမျက်နှာ (၈) အရည်အသွေးမီ စံချိန်စံညွှန်းညီ ...... မှအဆက်

ထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့လက်ဖက်ခြောက်ကုန်သွယ်မှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံရှိခဲ့ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် လက်ဖက်ခြောက်တင်ပို့မှုမှ ဝင်ငွေတိုးတက်နေကြောင်း၊ အာရှနိုင်ငံများ၏ လက်ဖက်ခြောက် တင်ပို့မှုသည် ပို့ကုန်စုစုပေါင်း၏ ၆၀ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိခဲ့ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်မှစ၍ ဂျပန်နိုင်ငံသည် လက်ဖက်ခြောက်တင်ပို့မှု ၈၆ ဒသမ ၇ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံသည် ၃၉ ဒသမ ၉ ရာခိုင်နှုန်း တိုးလာကြောင်းကိုလည်းသိရသည်။

လက်ဖက်စိုက်ပျိုးတင်ပို့မှုများစွာဆောင်ရွက်နေသည့် နိုင်ငံကြီးများအကြားရှိ မိမိတို့ မြန်မာနိုင်ငံသားများ၏ လက်ဖက်ခြောက်သောက်သုံးမှုမှာကျေးလက်မြို့ရွာမကျန် များပြားလှပါသည်။ လက်ဖက်ခြောက်သောက်သုံးမှုအပြင် မည်သည့်နိုင်ငံတွင်မှ မရှိသည့် လက်ဖက်ကို အမျိုးမျိုးအစုံစုံ သုတ်စားတတ်ပြီး နိုင်ငံ၏ ရိုးရာဓလေ့အစားအစာအဖြစ်သတ်မှတ်ကာ နိုင်ငံတကာမှ လာရောက် လည်ပတ်သူများကပါ မြည်းစမ်း စားသောက်၍လူမှုကွန်ရက်များတွင်ပါ လက်ဆင့်ကမ်းခံနေပါသည်။ မြန်မာနိုင်ငံသည်လည်း လက်ဖက်စိုက်ပျိုးထုတ်လုပ် တင်ပို့နေသော်လည်း ဈေးကွက်ဝေစုနည်းပါးနေဆဲဟု ဆိုနိုင်ပါသည်။ လက်ဖက်ကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ယခင်က ဆိုးဆေး အသုံးပြုမှုများအတွက် နာမည်ထိခိုက်ခဲ့ရသော လက်ဖက်လုပ်ငန်းများဟာလည်း နည်းစနစ်များပြောင်းလဲမြှင့်တင်ခြင်း၊ အော်ဂဲနစ်နည်းလမ်းများဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ စိုက်ပျိုးမှု၊ ခူးဆွတ်မှု၊ ထုတ်လုပ်မှုနည်းလမ်းများနှင့် ထုပ်ပိုးမှုတို့ကို နည်းပညာသစ်များဖြင့် ဆောင်ရွက်ကာ စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ပြောင်းလဲမှုများကြောင့် ဈေးကွက်ပြန်လည်ရရှိလာပြီး တင်ပို့မှုများ တိုးတက်လာကာ ဈေးကွက်သစ်များသို့ ထိုးဖောက်လာနိုင်ခဲ့ကြောင်းတို့ကိုလည်း စိုက်ပျိုးသူတောင်သူများနှင့် ကုန်သည်အသိုင်းအဝိုင်းများထံမှ ဝမ်းသာဖွယ်ရာကြားသိလာရပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏လက်ဖက်တင်ပို့မှုကို လေ့လာကြည့်ရာ လက်ဖက်ခြောက်အစိမ်း၊ လက်ဖက်ခြောက်အမည်း၊ အော်ဂဲနစ်လက်ဖက်ခြောက် စသည့် လက်ဖက်ခြောက်အမျိုးမျိုး၊ စားသုံးရန်အသင့်ပြင်ဆင်ပြီး လက်ဖက်၊ အဆင်သင့်သုတ်စားရန်အတွက် လက်ဖက်နှင့် ပဲကြော်ထုတ်ပိုးပြီးပုံစံ စသည်ဖြင့် ပုံစံအမျိုးမျိုးတို့အား ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ ပါကစ္စတန်၊ အိန္ဒိယ၊ မလေးရှား၊သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်ဝမ်၊ ဂျာမနီ၊ အမေရိကန်၊ ကနေဒါ၊ဆော်ဒီအာရေဗျ၊ ဩစတြေးလျနှင့် တရုတ်နိုင်ငံများသို့ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၈၅၇၆၄ တန်ဖိုးရှိ လက်ဖက်တန်ချိန် ၆၆၀ ဒသမ ၀၃၉ တင်ပို့ခဲ့သည်ကို တွေ့ရပါသည်။ ဆက်လက်၍ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၁၅ ရက်အထိ တင်ပို့မှုကို လေ့လာရာ အမေရိကန်ဒေါ်လာ ၄၅၆၉၄၃ ဒသမ ၃ တန်ဖိုးရှိ လက်ဖက်တန်ချိန် ၁၉၂ ဒသမ ၉၈၄ တင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ကာလတူဖြစ်သော ၂၀၁၇ခုနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၁၅ ရက်အထိ တင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၂၂၁၆၃၁ ဒသမ ၁ တန်ဖိုးရှိလက်ဖက်တန်ချိန် ၁၅၇ ဒသမ ၅၂၉ ဖြစ်ရာ ကာလတူနှင့် နှိုင်းယှဉ်ကြည့်ပါက ၃၅ ဒသမ ၄၅၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၃၅၃၁၂ ဒသမ ၂ ပိုမိုရရှိခဲ့သည်ကို တွေ့ရပါသည်။ အဆိုပါ တင်ပို့မှုများထဲတွင် အော်ဂဲနစ်လက်ဖက်ခြောက်တင်ပို့မှုများလည်း ပါဝင်ခဲ့သဖြင့် မြန်မာနိုင်ငံ၏လက်ဖက်အမျိုးမျိုးတင်ပို့မှု ဈေးကွက်အလားအလာမှာ ကောင်းမွန်ရန် အခြေအနေကောင်းများစွာရှိနေပြီး လက်ဖက်လုပ်ငန်းသည် ပြည်တွင်းပြည်ပဝယ်လိုအား အလားအလာမှာလည်း ထွန်းလင်းနေကြောင်း သုံးသပ်နိုင်ပါသည်။

ထိုသို့ ကမ္ဘာ့ဒုတိယသောက်သုံးမှုအများဆုံး လက်ဖက်ခြောက်သည် ပြည်တွင်းပြည်ပဈေးကွက် ကြီးမားစွာရှိနေသည့်အပြင် အလားအလာကောင်းများတိုးပွားလျက်ရှိနေသည်မှာ ထင်ရှားလျက်ရှိပြီး အချို့နိုင်ငံများသည် ပြည်တွင်းဈေးကွက်ကြောင့် ကြီးထွားနေသကဲ့သို့ အချို့နိုင်ငံများသည် ပြည်တွင်းထက်ပြည်ပတင်ပို့မှုကို ပိုမိုအားထားနေသည်မှာလည်း သိရှိခဲ့ပြီး ဖြစ်ပါသည်။ မိမိတို့နိုင်ငံမှာမူ ပြည်တွင်းဈေးကွက်မှာ နိုင်ငံအနှံ့ရရှိနေပြီး ဖြစ်ကာ ပြည်ပဈေးကွက်အလယ်သို့ စံချိန်စံညွှန်းနှင့်အညီ ထိုးဖောက်နိုင်ရေး အလေးထားကြိုးစားရမည့် အချိန်အခါလည်းဖြစ်နေပြီဖြစ်ပါသည်။ ထိုကြိုးပမ်းမှု၏နောက်ကွယ်တွင် စိုက်ပျိုးထုတ်လုပ်သူများ၊ သယ်ယူ ပို့ဆောင်ပေးသူများ၊ ပြုပြင်ရောင်းချသူများ၊ လုပ်ငန်းရှင်များ စသည့် စိုက်ပျိုးထုတ်လုပ်တင်ပို့သည့် ကွင်းဆက်တစ်လျှောက်ရှိ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ မိသားစုများနှင့် ဝင်ငွေများစွာမှီခိုလျက် ရှိသည့်အပြင် နိုင်ငံတော်အတွက် ပို့ကုန်ကဏ္ဍတိုးတက်မှုမှတစ်ဆင့် ဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်ပါသည်။ အရည်အသွေးထိန်းချုပ်နိုင်မှု၊ မိမိလုပ်ငန်းအပေါ် ရိုးသားမှုရှိခြင်းတို့သည် စားသောက်ကုန်လုပ်ငန်းများအတွက် အရေးပါသော အချက်များဖြစ်ပြီး ရိုးသားမှုဂုဏ်သတင်းမွှေးပျံ့သော စားသောက်ကုန်များအား ကမ္ဘာ့ဈေးကွက်က ဈေးမမေးဘဲ လက်ကမ်းကြိုမည်လည်းဖြစ်ရာ ရိုးသားမှန်ကန်စွာဖြင့် အော်ဂဲနစ်ဈေးကွက်ကို ထိုးဖောက်သင့်ကြောင်းနှင့် အော်ဂဲနစ်ဈေးကွက်၏ အရေးပါပုံများကိုလည်း တင်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ နှမ်းတစ်လုံးနှင့် ဆီမဖြစ်သော်လည်း နှမ်းလုံးလေးများစွာသည် ဆီပမာဏများစွာကို ရရှိစေမည်ဖြစ်ရာ နိုင်ငံတော်၏ ဝင်ငွေတိုးတက်စေနိုင်မည့် ကဏ္ဍတိုင်းကို တိုးတက်ထွန်းကားရေးအားပေးရမည်ဖြစ်ပါသည်။ ကြိုးစားကြသည့်အခါတွင်လည်း ကဏ္ဍစုံမှ ဟန်ချက်ညီညီ ကူညီပံ့ပိုးအားပေးရန်းကန်ပြီး ရုန်းထရန် ကြိုးပမ်းကြလျှင်ဖြင့် မြန်မာ့လက်ဖက်သည်လည်း ကမ္ဘာ့ဈေးကွက်အလယ်တွင် ထင်ရှားစွာထွန်းလင်းလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရိုးသားစွာကြိုးစားကြရင်း ကမ္ဘာ့ဖျော်ရည်သောက်သုံးမှုတွင် ဒုတိယဈေးကွက်အကြီးဆုံးဖြစ်ကာ အလားအလာများပြားစွာရှိနေသည့် လက်ဖက်ဈေးကွက်သို့မြန်မာ့လက်ဖက်တင်ပို့မှု တိုးတက်ရေးကို ယုံကြည်စွာဖြင့် လက်တွဲညီညီ ပြိုင်တူကြိုးပမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

## ဖျာပုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၂၀)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး စားသုံးသူပြည်သူများအသိပေးကြေညာသည့် ဆိုင်းဘုတ်စိုက်ထူ

ဖျာပုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၂၀)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုဇူလိုင်လ ၁၃ရက်က ခရိုင်စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပပြုလုပ်ခဲ့ပါသည်။အဆိုပါအစည်းအဝေး သို့ အဖွဲ့ဝင်များ မိတ်ဖက်ဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့် စားသုံးသူရေးရာကိုယ်စားလှယ်များစုစုပေါင်း ၂၇ ဦးတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးဦးမြင့်အောင်က ဧရာဝတီတိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏လမ်းညွှန်ချက်အရစားသုံးရန် မသင့်သောမုန့်များ၊ အချိုရည်များ စသည့်အမျိုးအမည် ၄၀ ပါရှိသည့်ဗီနိုင်းပိုစတာအား ခရိုင်အတွင်းရှိစာသင်ကျောင်းမုန့်ဈေးတန်းများတွင် ချိတ်ဆွဲသွားရန်၊ ဖျာပုံမြို့နယ် စာသင်ကျောင်း ၆၄ ကျောင်း၊ ဘိုကလေး ၅၅ ကျောင်း၊ ကျိုက်လတ်မြို့တွင်ကျောင်းပေါင်း ၁၂၀ နှင့် ဒေးဒရဲမြို့နယ်တွင် ၄၇ ကျောင်း စုစုပေါင်း ၂၈၆ ကျောင်း၌ ချိတ်ဆွဲသွားရန်ဖြန့်ဝေပြီးဖြစ်ကြောင်း၊ ယခုအစည်းအဝေးပြီးလျှင် လူစည်ကားသောနေရာဖြစ်သည့်မြို့မဈေးကြီးတွင် စားသုံးသူပြည်သူများ အသိပေးကြေညာသည့် ဆိုင်းဘုတ်အား အဖွဲ့ဖြင့်သွားရောက်စိုက်ထူမှာဖြစ်ကြောင်း၊ ဈေးရုံ၊ ဈေးတန်းရှိအစားအသောက်များ၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ တိုင်းရင်းဆေးဝါးများ၊ အလှကုန်ပစ္စည်း၊ ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များအား လစဉ်ပုံမှန် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အား စစ်ဆေးနေသကဲ့သို့ မြို့နယ်အလိုက်သက်ဆိုင် ရာဌာနများက ဦးဆောင်၍ စစ်ဆေးသွားရန်လိုကြောင်း၊ လစဉ်လက်ဖက်ရည်ဆိုင်များနှင့်စားသောက်ဆိုင်များကိုလည်း စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရှောင်တခင်ဝင်ရောက်စစ်ဆေးလျက်ရှိကြောင်းဆွေးနွေးပြောကြားပါသည်။

ထို့နောက် မြို့မဈေးကြီးတွင် စားသုံးသူများ ဆုံးရှုံးနစ်နာမှုအတွက် တိုင်ကြားနိုင်သည့်ပြည်သူများအသိပေးကြေညာသည့်ဆိုင်းဘုတ်အား ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ဈေးစားသုံး သူရေးရာအဖွဲ့နှင့် ရပ်ကွက်စားသုံးသူရေးရာအဖွဲ့များဖြင့် စိုက်ထူခဲ့ကြကြောင်းသတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**



## ပြည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းအား စစ်ဆေး

ပြည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန် ခံဦးအေးသိန်းနှင့် ပြည်ခရိုင်ရုံးဝန်ထမ်းများသည် မိတ်ဖက်ပူးပေါင်းဌာနအဖွဲ့အစည်းများနှင့်အတူ စားသုံးသူအခွင့်အရေး နှင့်အကျိုးစီးပွားကာကွယ်ရေးဆောင်ရွက်ရန် ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးစတဲ့ ရည်ရွယ်ချက်များဖြင့် ရပ်ကွက်၊ ကျေးရွာ၊ စာသင်ကျောင်း၊ စည်ပင်ဈေးများ၊ တပ်ရင်းတပ်ဖွဲ့များသို့ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်အတွင်း အ. လ. က(အောင်ဆန်း)ကျောင်းတွင်လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် အ. လ. က(၃)၊ ကျောင်းကြီးအိုးတန်းကျောင်း နှင့်မူလွန်(ဆင်စု) ကျောင်းသို့လည်းကောင်း၊ ဇူလိုင် ၁၃ ရက်တွင် အ. လ. က(၁)ဆင်စု၊ ကန်ပေါ်ရိပ်သာကျောင်းနှင့် အ. ထ. က(၂)ကျောင်းသို့လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် အ. ထ. က(၁)နှင့် အ. ထ. က(၃)ကျောင်းတို့သို့လည်းကောင်း၊ ဇူလိုင် ၁၇ ရက်တွင် အ. ထ. က(၄) ကျောင်းသို့ သွားရောက်ကာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ စားသုံးသူများရရှိမည့် အခွင့်အရေးနှင့်လိုက်နာရမည့်တာဝန်များအကြောင်း၊ အစားအသောက်နှင့်ကုန်စည် များဝယ်ယူရာတွင် သတိထားကြည့်ရှုဝယ်ယူရမည့်အချက်များ၊ ဓာတုဆိုးဆေးများအန္တရာယ်နှင့် ရက်လွန်အစားအစာများအကြောင်း၊ ကုန်စည်ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး တစ်စုံ တစ်ရာဆုံးရှုံးနစ်နာမှုရှိပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း စသည်ဖြင့်ဟောပြောဆွေးနွေးခဲ့ပါ တယ်။ အဆိုပါဟောပြောပွဲများသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် ကျောင်းမုန့်ဈေးသည်များ အပါအဝင်စုစုပေါင်း ၅၁၀၇ ဦး တက်ရောက်ခဲ့ပြီး ပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေကာ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကျောင်းမုန့်ဈေးတန်းများကိုလည်း ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

## ဟင်္သာတ အကျဉ်းထောင်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ဟင်္သာတ အကျဉ်းထောင်တွင် ဇူလိုင် ၂၅ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဟောပြောပွဲတွင် ဟင်္သာတ အကျဉ်းထောင်မှ ဒုတိယကြီးကြပ်ရေးမှူး ဦးတင့်ဆွေဝင်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန ဟင်္သာတခရိုင်ဦးစီးမှူး ဦးကြည်ဟန်မှ စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများနှင့် စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေခေါင်းစဉ်ဖြင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူတို့၏ အခွင့်အရေးများ၊ စားသုံးသူတို့ သတိပြုရှောင်ရှားသင့်သည်များ၊ စားသုံးသူနစ်နာမှုများ ဖြစ်ပေါ်ပါက တိုင်ကြားနိုင်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာညီညီလွင်မှ ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်ခြင်း ခေါင်းစဉ်ဖြင့် အဟာရမျှတစွာ စားသောက်နိုင်ရေး၊ ချို့တဲ့တတ်သော ဗီတာမင်ဘီဝမ်းအကြောင်း၊ သန့်ရှင်းစွာ စားသောက်နေထိုင်ခြင်းအကြောင်းကို ရှင်းလင်းဟောပြော ဆွေးနွေးခဲ့သည်။ ဟောပြောပွဲသို့ ဟင်္သာတ အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူနှင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**

## ရေကြည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့မစည်ပင်သာယာဈေးအတွင်း စားသုံးရန်မသင့်သော အသား၊ ငါးများရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

ရေကြည်မြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးအေးသိမ်းနှင့် ဝန်ထမ်းများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စည်ပင်ဈေးစားသုံးသူရေးရာအဖွဲ့များနှင့်ပူးပေါင်း၍ ဇူလိုင် ၁၆ ရက်က ရေကြည်မြို့၊ မြို့မဈေးကြီးအတွင်း အသား၊ ငါးရောင်းချလျက်ရှိသောဆိုင်များသို့သွားရောက်၍ ကွင်းဆင်းစိစစ်အသိပညာပေးခဲ့ပါသည်။

အသား၊ ငါးရောင်းချနေသော ဆိုင်များတွင်ဝက်နားရွက်ပြာရောဂါ၊ နာသေအသားများ၊ ကြက်နာအသားများ၊ အေးခဲအသားများ၊ သန့်ရှင်းလတ်ဆတ်မှုမရှိသော အသား၊ ငါးများရောင်းချခြင်းမပြုရန် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များရောင်းချရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အသိပညာပေး၍ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံဦးအေးသိမ်းက စားသုံးရန်မသင့်သော စားသောက်ကုန်များရောင်းချခြင်းမပြုရန်၊ ကျန်းမာဖွံ့ဖြိုးရန်အတွက် ဘေးကင်းလုံခြုံသော အစားအသောက်များစားသုံးရန် စားသုံးသူများအခွင့်အရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ် အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

**အေးသိမ်း၊ မင်းမင်းဦး(ပုသိမ်)**

## မအူပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မအူပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၀)ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဇူလိုင် ၂၅ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများစုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကား ပြောကြားပါသည်။

ထို့နောက် မအူပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးဇော်မင်းက (၁၉)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများနှင့် အထက်ဌာနများ၏ လမ်းညွှန်ချက်များကို တင်ပြပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက (၁၉)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုများ၏ လုပ်ငန်းအခြေအနေကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး စာသင်ကျောင်းများ၊ ကျေးရွာလုပ်သားပြည်သူများ၊ ဈေး/ဈေးတန်းများကို အသိပညာပေးမှု အခြေအနေများကို အသေးစိတ် တင်ပြခဲ့ပါသည်။

မအူပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အကြိမ်(၂၀) မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က ရှေ့လုပ်ငန်းစဉ်များကို ပြောကြားခဲ့ပြီး အစည်းအဝေးကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရှိရသည်။

**Consumer-MT**

## ပဲခူးတိုင်းဒေသကြီးမှ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိ ပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲတာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သိုက်နှင့် ဒုတိယဦးစီးမှူး ဦးကျော်ဆန်းဝင်းတို့သည် ရွှေကျင်မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ ပြန်/ဆက်ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ပူးပေါင်း၍ ဇူလိုင် ၁၃ ရက်က ရွှေကျင်မြို့နယ်(အ. ထ. က)ကျောင်းသို့သွားရောက်၍ ကျောင်းခန်းမ၌ ကျောင်းသား/သူ၊ ဆရာ/ဆရာမများ၊ ကျောင်းမုန့်ဈေးတန်းရောင်းချသူများအား လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်သိုက်က ဌာန၏ မျှော်မှန်းချက်၊ ရည် မှန်းချက်၊ စားသုံးသူအကာအကွယ်ပေးရေး စတင်ပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူများ ကုန်စည် (သို့) ဝန်ဆောင်မှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုရှိပါက CICC သို့ တိုင်ကြားနိုင်ကြောင်းနှင့် စားသုံးရန်မသင့်သော ဓာတုဆိုးဆေးများ၏ အန္တရာယ်ရှိပုံ အကြောင်းများကို အကျယ်တဝင့် ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပါသည်။


ဆက်လက်၍ ၎င်းအဖွဲ့သည် ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရန်အတွက် ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်စစ်ဆေးခဲ့ရာ စားသုံးရန်မသင့်သော သက်တမ်းလွန်နေသော ပူတင်းပေါင်မုန့်နှင့် ယိုစုံထုတ်များ စုစုပေါင်း ၂၅ ခုအားတွေ့ရှိရ၍ အဖွဲ့မှသိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဆန်းဝင်း(ပဲခူး)**

စာမျက်နှာ (၁၃) ပဲတို့၏မာယာ(သို့မဟုတ်) ...... မှအဆက်

မြန်မာမတ်ပဲပြည်တွင်း လက်ကျန် တန်ချိန်(၄)သိန်းလောက် ကျန်တယ်လို့ ပြောနေကြပါတယ်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလလောက် ကစပြီး မတ်ပဲကို မစိုက်သင့်တော့ကြောင်း ပုံစံအမျိုးမျိုးဖြင့် အသိပေး ဆွေးနွေးပြောကြားခဲ့ပေမယ့်လည်း အခြားအစားထိုးသီးနှံ စိုက်ဖို့ အသင့်မဖြစ်တာရယ်၊ စိုက်ပျိုးရာသီအစမှာ တချို့သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက မိမိတို့အကျိုးစီးပွားအတွက် မတ်ပဲစိုက်ချင်လာအောင် မတ်လုံးပေးဆွဲဆောင်ကြတာရယ်၊ မတ်ပဲကို မြန်မာနိုင်ငံက မပို့ရင် တခြားများများရောင်းနိုင်တဲ့ နိုင်ငံမရှိဘူးဆိုတဲ့ မှားယွင်းတဲ့ အတွေးအခေါ်တွေကြောင့် တကယ်စိုက်ပျိုးခဲ့ကြရာမှာတော့ ယခင်နှစ်တွေက တန်ချိန်(၅)သိန်းလောက်ထိ မထွက်ပေမယ့် ယခုနှစ်မှာ တန်ချိန် ၃ ဒသမ ၅ သိန်းကျော်ခန့် ထွက်ခဲ့မယ်လို့ ခန့်မှန်းကြပြီး ယခင်နှစ် ပဲအဟောင်းနဲ့ပေါင်းရင် ဒီထက်မကကျန်ရှိနေမယ်လို့လည်း ခန့်မှန်းကြပါတယ်။ ဒါကြောင့် အိန္ဒိယအဝယ်ဖွင့်ချိန်မှာ ပဲလက်ဝယ်ကိုင်ထားတဲ့သူတွေက အလုအယက်ရောင်းကြရာက ဝယ်သူအကြိုက်ဖြစ်ပြီး စိတ်ကြိုက်ဈေးနှိမ် ဝယ်ယူခွင့်ရသွားတယ်လို့ သုံးသပ်ရရှိပါတယ်။ ဖြစ်ပေါ်နေတဲ့ ဈေးကွက်အခြေအနေကို သုံးသပ်ကြည့်ရင် ဇွန်လဆန်း အိန္ဒိယသွင်းကုန်လိုင်စင် စပေးချိန်မှာ မြန်မာ FOB ဈေးနှုန်းနဲ့ အိန္ဒိယ ဈေးကွက် ပေါက်ဈေးဟာ တစ်တန်ကို မတ်ပဲမှာ အမေရိကန်ဒေါ်လာ ၁၂၀၊ ပဲစင်းငုံ ၁၃၀ ဒေါ်လာကျော်လောက်သာ ကွာပေမယ့် နောက်ပိုင်း ရောင်းအားတွေများလာတဲ့အခါ ဒေါ်လာနဲ့ ကျပ်ငွေ လဲလှယ်နှုန်း မြင့်တက်ပြီး မြန်မာငွေတန်ဖိုးကျနေတာတောင် ပြည်တွင်းဈေးနှုန်းတွေရော FOB ဈေးနှုန်းတွေပါ တဖြည်းဖြည်း ကျဆင်းလာတာကို တွေ့ရပါတယ်။ နမူနာအနေနဲ့ ဒီနှစ် ဇူလိုင်လ ၁၂ ရက်နေ့မှာတော့ မတ်ပဲတစ်တန်ကို အိန္ဒိယဈေးကွက်မှာ ဒေါ်လာ ၅၃၀ ပေါက်နေချိန် မှာ FOB ရန်ကုန်ဈေးက ဒေါ်လာ ၂၉၀ သာရှိလို့ ကြားကဝယ်သွင်းတဲ့ နိုင်ငံခြားကုမ္ပဏီတွေ သယ်ယူဝန်ဆောင်စရိတ် USD 30 နုတ်ရင်တောင် မတ်ပဲ တစ်တန်ကို ဒေါ်လာ ၂၁၀ ကျော် အမြတ်ရအောင် မာယာမျိုးစုံတွေနဲ့ လုပ်စားသွားကြတယ်လို့ တင်ပြလိုပါတယ်။ ဒီက တောင်သူတွေ ကုန်သည်တွေကတော့ တစ်ဖက်က လုပ်သမျှခံနေရတဲ့ ပုံစံမျိုးဖြစ်နေလို့ ပေဖြစ်တုန်းတော့ ခံကြရဦးမယ်လို့ပဲ တွေးမိပါတယ်။ ၂၀၁၅-၂၀၁၆ နဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်တွေတုန်းကလည်း ကိုယ်က တူဖြစ်နေတော့ ထုခဲ့ကြသေးတာကိုလည်း မမေ့ကြဖို့ လိုပါတယ်။

အိန္ဒိယနိုင်ငံမှ ပဲလိုင်စင်ခွင့်ပြုချိန်မှစ၍
မတ်ပဲ အိန္ဒိယဈေးကွက်ပေါက်ဈေးနှင့် မြန်မာဈေးကွက်ပေါက်ဈေး ကွာခြားချက်ကို ဖော်ပြသောဇယား



ပဲစင်းငုံကတော့ မနှစ်ကစိုက်ပြီးချိန်မှ Quota သတ်မှတ်ပေမယ့် သိတဲ့အချိန်ကစပြီး တောင်သူများက ဒီပဲအတွက် ငွေထပ်အကုန်မခံတော့တာရယ်၊ ရာသီဥတုက ပန်းပွင့်ချိန်၊ သီးချိန်မှာ မိုးရွာခဲ့တာတွေကြောင့် အထွက်လည်း ကျဆင်းသွားပြီး ယခုပေးထားတဲ့ Quota ၂ သိန်းတောင် အပြည့်ပို့ချင်မှ ပို့နိုင်မယ်လို့ ခန့်မှန်းကြပါတယ်။

ဒီအခြေအနေတွေကြောင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှာ ပညာရှင်တွေ၊ ကုန်သည် လုပ်ငန်းရှင်တွေ၊ ပဲစိုက်တောင်သူတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေပါဝင်တဲ့ ပဲကဏ္ဍ အထူးလုပ်ငန်းအဖွဲ့ ရဲ့ အစည်းအဝေးကို ကျင်းပခဲ့ရာ ရှေ့ဆက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် ၆ ရပ်ကို ညှိနှိုင်းရရှိခဲ့ကြပါတယ်။ ဒီအချက်တွေထဲမှာ အရေးကြီးအချက်အချို့ကို ကောက်နုတ်အကျဉ်းချုပ်တင်ပြရရင်-

(က) မတ်ပဲစိုက်ပျိုးခြင်းသည် လက်ရှိဈေးကွက်အခြေအနေအရ တောင်သူများအတွက် အရှုံးပေါ်နိုင်သောကြောင့် လာမယ့် စိုက်ပျိုးရာသီတွင် မတ်ပဲ မစိုက်တော့ဘဲ အခြားတွက်ခြေကိုက်မည့် သီးနှံများအစားထိုး စိုက်ပျိုးနိုင်ရေး ယခုကပင်ကြိုတင်အသိပေး စီစဉ်ရန်။ (ပဲစင်းငုံကတော့ မစိုက်ခင်ကပင် စိတ်ပျက်သွား၍ စီးပွားရေးအလို့ငှာ မစိုက်တော့ဘဲ အခြားရည်ရွယ်ချက်နဲ့သာ စိုက်ကြပါသည်။)


(ခ) မတ်ပဲ လက်ကျန်များနေခြင်းကြောင့် စိုးရိမ်စိတ်ဖြင့် ဈေးလျှော့ရောင်းခြင်းမျိုး မဖြစ်စေရေး ကုန်သည်လုပ်ငန်းရှင်အချင်းချင်း ဝိုင်းဝန်းထိန်းကျောင်း ဆောင်ရွက်ကြရန်။

(ဂ) မတ်ပဲ အစားထိုးသီးနှံအဖြစ် ပဲတီစိမ်း၊ ကုလားပဲ၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံနှင့် အခြားတွက်ခြေကိုက်မည့် သီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ခန့်မှန်းအကျိုးအမြတ်စာရင်းများကို ဒေသအလိုက် ပြုစုပြီး တောင်သူများသို့ အသိပေးရန်။

(ဃ) ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း ပဲ Forum တစ်ရပ်ကို ရန်ကုန်မြို့တွင် ကျင်းပသွားရန်။

လက်ရှိဖြစ်ပေါ်နေတဲ့ မတ်ပဲနဲ့ ပဲစင်းငုံအခြေအနေကို စကားကြွယ်ပြီး ခပ်ကြမ်းကြမ်းပြောတတ်တဲ့ လှတောသား ပဲကုန်သည်တစ်ယောက်က ကျွန်တော်တို့ဆီက မတ်ပဲနဲ့ ပဲစင်းငုံရဲ့ ဒီနေ့အခြေအနေဟာ ဘာနဲ့တူသလဲဆိုတော့ နိုင်ငံခြားဝယ်လက်တွေက အလိုရှိမှသာ ဆက် သွယ်ကြပြီး မလိုတဲ့အချိန် အရေးမလုပ်တဲ့ တိတ်တိတ်ပုန်း(----) ပုံစံနဲ့တူနေပြီလို့နမူနာခိုင်းနှိုင်း ပြောတာကြားမိတော့ မာမာအေးသီချင်းထဲကလို သူပြောတာလည်း ဟုတ်မှာပဲထင်လို့ပဲ ပြောချင်ပါတယ်။

အိန္ဒိယနိုင်ငံမှ ပဲလိုင်စင်ခွင့်ပြုချိန်မှစ၍
ပဲစင်းငုံ အိန္ဒိယဈေးကွက်ပေါက်ဈေးနှင့် မြန်မာဈေးကွက်ပေါက်ဈေး ကွာခြားချက်ကို ဖော်ပြသောဇယား



ပဲလောကသားတွေ ဒီတစ်ကြိမ်တော့ တော်တော်လေး သတိရှိကြသလို အချင်းချင်းလည်း သတင်းများ မျှဝေမှုကောင်းပြီး Social Media ကနေလည်း သတင်းတွေရနိုင်ခဲ့ပါတယ်။ အဓိကအချက်ကတော့ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ အရောင်းအဝယ်လုပ်လျှင် သတ်မှတ်ထားတဲ့စပေါ်ငွေ (Deposit) ကို သွင်းပြီးမှသာ အရောင်းအဝယ်လုပ်ခွင့်ပြုတဲ့ ကောင်းမွန်တဲ့စနစ်ကြောင့် ကြီးမားတဲ့အရှုပ်အရှင်း မရှိခဲ့တာလို့ သုံးသပ်ရရှိပါတယ်။ ပြင်ပ ပဲလောကမှာတော့ ပြဿနာအချို့ရှိနေမှာပါ။ ၂၀၀၈-၂၀၀၉ ခုနှစ်တွေတုန်းက အိန္ဒိယနိုင်ငံမှာ ပဲဈေးနှုန်းတွေ နည်းနည်း ပြောင်းသွားတာနဲ့ မြန်မာပဲလောကမှာ အကြီးအကျယ် ဂယက်ရိုက်ခဲ့ပြီး တန်ဖိုးကျပ် ၁၅၀ ဘီလီယံကျော် ပါဝင်ပတ်သက်သူဦးရေ ၄၀၀ ကျော်ရှိတဲ့ ပဲအရှုပ်အရှင်း (ပဲ Crisis)ကြီး ဖြစ်ခဲ့ဖူးတာကိုလည်း အားလုံးသတိပြုမိကြဖို့ လိုပါတယ်။ ဒီအချိန်မှာ လေရောင်းလေဝယ်၊ စာရွက်(DO)ရောင်း စာရွက်(DO)ဝယ် မလုပ်မိကြဖို့ အထူးသတိပေးလိုပါတယ်။ ပဲအပါအဝင် လယ်ယာထွက်ကုန်တွေကို ကြိုရောင်းကြိုဝယ် Online က လုပ်နိုင်တဲ့ အိန္ဒိယနိုင်ငံက NCDEX (National Commodity & Derivatives Exchange) လို အဖွဲ့အစည်းတွေ Center ကြီးတွေ ပေါ်ပေါက်လာရင်တော့ မြန်မာ့သီးနှံရောင်းဝယ်ရေးလောက ပိုမိုတည်ငြိမ်လာနိုင်မယ်လို့ ထင်ပါတယ်။

သီးနှံအမျိုးအစားအလိုက် တစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် အကျိုးအမြတ် ဖော်ပြသောဇယား

ရေတွက်ပုံ -ကျပ်

| စဉ် | အမျိုးအစား | တစ်ဧက ထုတ်လုပ်မှု ကုန်ကျစရိတ် | တစ်တန် ထုတ်လုပ်မှု ကုန်ကျစရိတ် | နယ်ကုန်စည်ဒိုင် ဈေးနှုန်း (တစ်တန်) | တစ်ဧက အကျိုးအမြတ် | မှတ်ချက် |
| --- | --- | --- | --- | --- | --- | --- |
| ၁ | မတ်ပဲ | ၂၃၇၅၅၀ | ၄၁၅၇၆၃ | ၃၉၃၇၇၄ | -၂၁၀၃၀ | 1-USD= 1448 kyats |
| ၂ | ပဲတီစိမ်း | ၂၄၃၀၀၀ | ၄၁၃၇၁၀ | ၉၉၀၂၆၃ | ၃၂၉၈၄၃ | |
| ၃ | ကုလားပဲ | ၂၁၁၅၀၀ | ၃၆၆၇၆၁ | ၇၂၃၀၃၁ | ၁၉၉၀၂၇ | |
| ၄ | ပဲပုပ် | ၂၁၁၅၀၀ | ၃၃၇၉၀၄ | ၇၀၁၇၀၀ | ၂၁၈၃၁၇ | |
| ၅ | အစေ့ထုတ်ပြောင်း | ၂၅၅၅၀၀ | ၁၈၆၁၅၆ | ၃၆၉၂၀၀ | ၂၃၀၆၄၁ | |
| ၆ | နှမ်းနက် | ၂၀၈၇၅၀ | ၈၅၂၀၀၉ | ၁၉၄၃၂၀၀ | ၂၆၃၆၇၄ | |
| ၇ | မြေပဲ | ၃၀၇၀၀၀ | ၅၄၁၄၂၅ | ၁၆၂၂၈၀၀ | ၁၉၃၀၀၀ | |

နိဂုံးချုပ်အနေနဲ့တင်ပြရရင် တိရစ္ဆာန်စာအဖြစ်သုံးတဲ့ ပြောင်းဖူးစေ့ ဈေးနှုန်းလောက် တောင်ဈေးမရတော့တဲ့၊ တောင်သူတွက်ခြေမကိုက်တော့တဲ့ မတ်ပဲကဲ့သို့ ပဲမျိုးကိုအရှုံးခံပြီး ဖက်တွယ်နေမယ့်အစား အခြားတွက်ခြေကိုက်မယ့် သီးနှံတွေကို အစားထိုး စိုက်ပျိုးနိုင်ရေး သက်ဆိုင်တဲ့ ကဏ္ဍအလိုက် ကိုယ်စီတာဝန်ယူပြီး တွက်ချက်စီစဉ်ဆောင်ရွက်သွားဖို့ အချိန်တန်ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ (ပြောလိုက် တင်ပြလိုက်ရတာကတော့ လွယ်ပါတယ်ခင်ဗျာ. . . . )

## ကျိုးပေါက်သော လာအိုရေကာတာအောက်ပိုင်းရှိ ကမ္ဘောဒီးယားနိုင်ငံသား နှစ်သောင်းခွဲကို နေရာရွှေ့ပြောင်း

အိမ်နီးချင်း လာအိုနိုင်ငံမှ ထုထည်ကြီးမားသော ရေအားလျှပ်စစ်ရေကာတာ ကျိုးပေါက်မှုကြောင့် ရေကာတာ အောက်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှု ကျယ်ပြန့်လာပြီးနောက်ပိုင်း ကမ္ဘောဒီးယားမြောက် ပိုင်းပြည်နယ်မှ ခန့်မှန်းခြေ လူ၂၅၀၀၀ ကိုရေဘေးလွတ်ရာသို့ရွှေ့ပြောင်းကယ်တင်ခဲ့ရကြောင်း စီအင်န်အင်န်သတင်းတွင် ဖော်ပြသည်။

စတန်းထရန်း ပြည်နယ်မှ အာဏာပိုင်တို့သည် ရေကာတာ အောက်ပိုင်းရှိမြို့များနှင့် ကျေးရွာများမှ လူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ အဆိုပါဒေသများတွင် ရေမျက်နှာပြင် အမြင့်သည် ၁၂ မီတာ (၃၉ ပေ) အထိမြင့်တက်ခဲ့ကြောင်း ကမ္ဘောဒီးယား နိုင်ငံတော်သတင်းအေဂျင်စီ က ပြောသည်။

ဇူလိုင် ၂၆ ရက် နေ့လယ်ပိုင်းအထိ ရေများကျဆင်းမည့် လက္ခဏာမတွေ့ရသေးကြောင်း ကမ္ဘောဒီးယား ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကား၍ အေဂျင်စီ၏သတင်းတွင် ဖော်ပြသည်။ ရေအားလျှပ်စစ် ထုတ်လုပ်ရေးတာတမံ ကျိုးပေါက်မှုကြောင့် လာအိုနိုင်ငံတောင်ပိုင်းတွင် လူနှစ်ဦးသေဆုံးပြီး လူပေါင်းခြောက်ထောင် အိုးမဲ့အိမ်မဲ့ ဖြစ်ပွားခဲ့ရသည်။ ယခုရေကာတာ ကျိုးပေါက်မှုသည် လာအိုနိုင်ငံ၌



ဆယ်စုနှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး ကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ် တစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ် ထောင်လွန်းဆီဆိုလ်လစ်က ပြောသည်။

"ကျိုးပေါက်သွားတဲ့ ရေကာတာက ရေတွေက လူနေဒေသတွေကို ရုတ်တရက် အလုံးအရင်းနဲ့ စီးဝင်လာပါတယ်။ အိမ်တွေနဲ့ ကျေးရွာတွေလည်း ရေစီးနောက် မျောပါသွားလို့ လူအများစုက ရေလွတ်ရာ ကုန်းမြင့်ပိုင်းကို မသွားနိုင်ခဲ့ပါဘူး"ဟု ဆီဆိုလ်လစ်က ရေဘေးဒဏ်ခံရသည့် ဒေသများသို့ သွားရောက်ပြီးနောက် ဇူလိုင် ၂၅ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ **စံမီအောင်**

## အိန္ဒိယမြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်များရေလျှံပြီး လူများဒုက္ခတွေ့

အိန္ဒိယမြောက်ပိုင်းဒေသအများစုတွင် ဇူလိုင် ၂၅ ရက်က မိုးများသည်းထန်စွာ ရွာသွန်းသဖြင့် မြစ်အများအပြား စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ရေကြီးရေလျှံကာ နေထိုင်သူများကို ဒုက္ခရောက်စေခဲ့ကြောင်း ဘိဇနက်စတန်းဒတ် သတင်းတွင် ဖော်ပြသည်။

ဒေလီမြို့တော်ဒေသကြီးမှအပ ဟီမာချာပရာဒက်ရှ် ဥတ္တရာခန်း၊ အူတာ ပရာဒက်ရှ် အချို့ အစိတ်အပိုင်းများ၊ ဂျမူးနှင့် ကက်ရှ်မီးယား၊ ဟာယာနာ၊ ချန်ဒီဂတ်၊ ပန်ဂျပ်နှင့် ရာဂျက်စသန်ပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းသည်ကို တွေ့ရသည်။

အဆိုပါ ဒေသများတွင် ဇူလိုင် ၂၈ ရက်အထိ မိုးပိုမိုလာမည်ဟု မိုးလေဝသရုံးက ခန့်မှန်းထားသည်။ ဟီမာချာ ပရာ ဒက်ရှ်နှင့် ဥတ္တရခန်း ဒေသတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယမုံနာ နာဂါခရိုင်အတွင်းရှိ ဟေသနီခွန်းဆည်တွင် ရေမျက်နှာပြင်သည် အဆမတန် မြင့်တက်လာမှုကြောင့် အာဏာပိုင်တို့က သတိပေးချက်များ ထုတ်ပြန်ခဲ့ရသည်။ ယမုံနာမြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် နေထိုင်သူများအား မြစ်အနီးသို့မသွားရန် သို့မဟုတ် ကျွဲ၊ နွား တိရစ္ဆာန်များ ထိုနေရာ များသို့ မသွားစေရန် အကြံပေးထားကြောင်း ချန်ဒီဂတ်ရှိ အစိုးရအရာရှိတစ်ဦးက သတင်းထောက်ကို ပြောသည်။

ဟီမာချာပရာဒက်ရှ် ဂျမူးနှင့် ကက်ရှ်မီးယားဒေသအချို့ အစိတ်အပိုင်းများတွင် မြေပြိုမှုကြောင့် လမ်းများပိတ်ဆို့နေသည်။ ဟီမာချာပရာဒက်ရှ်တွင် အဓိကမြစ်ကြီးများ အားလုံးနှင့်ယင်းတို့၏ မြစ်ဆုံဒေသများတွင် ရေလျှံမှုများဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ ဒေလီမြို့တွင်လည်း မိုးရွာသွန်းမှုကြောင့် ဆိုးရွားစွာ ထိခိုက်မှုရှိကြောင်း သိရသည်။ **စံမီအောင်**

# လီဗာပူးအသင်း ပရီးမီးယားလိဂ်ဖလား ရနိုင်ကြောင်း မော်ရင်ဟိုပြောကြား

လီဗာပူးအသင်းအနေဖြင့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် ချန်ပီယံဆုဖလားကို ရနိုင်ကြောင်း မန်ယူနည်းပြ မော်ရင်ဟိုက ထုတ်ဖော်ပြောကြားလိုက်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ်တွင် အဆင့်-၄ ရရှိခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့သည်။ သို့သော် လာမည့်ရာသီတွင် လီဗာပူးအသင်းသည် လုံလောက်သည့် ကစားသမားခေါ်ယူမှု ပြုလုပ်ထားနိုင်ခြင်းကြောင့် ပရီးမီးယားလိဂ်တွင်ချန်ပီယံဖြစ်နိုင်ကြောင်း မော်ရင်ဟိုက ပြောကြားလိုက်ခြင်းပင်ဖြစ်သည်။



မော်ရင်ဟိုက 'ကျွန်တော်ပြောရဲပါတယ်၊ခင်ဗျားမှာ ငွေအလုံအလောက်ရှိမယ်ဆိုရင် ခင်ဗျား ကောင်းကောင်း ရင်းနှီးမြှုပ်နှံနိုင်မယ်။ အဲဒီလို ရင်နှီးမြှုပ်နှံနိုင်ရင် ခင်ဗျားအောင်မြင်မှုရရှိမှာပဲ။ ဒီလိုပါပဲ၊ လီဗာပူးအသင်းဟာလည်း သူ့အသင်းအတွက် ဒီနှစ်မှာ ကောင်းကောင်း ရင်းနှီးမြှုပ်နှံထားတယ်။ ဒါကြောင့် ဒီနှစ်ပရီးမီးယားလိဂ်မှာ အောင်မြင်မယ့်အသင်းက လီဗာပူးအသင်းပဲလို့ ကျွန်တော်ပြောတာပါ'ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

အခြားတစ်ဖက်တွင် လီဗာပူးအသင်းနည်းပြ ဂျာဂင်ကလော့က အသင်းအပေါ် ဝေဖန်နေမှုများနှင့်ပတ်သက်၍ ဂရုစိုက်နေမည်မဟုတ်ဘဲ ကိုယ့်အလုပ်ကိုယ် လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ လက်ရှိလီဗာပူးအသင်းသည် အလစ်ဆင်၊ နာဘီကီတာ၊ ဖာဘင်ဟို၊ ရှာကွီရီစသည့် ကစားသမားလေးဦး ခေါ်ယူမှုအတွက် ယူရိုသန်း ၂၀၀ နီးပါး အသုံးပြုထားပြီးဖြစ်သည်။ ယင်းအပေါ် ဝေဖန်မှုတချို့ပေါ်ထွက်နေခြင်းကို နည်းပြ ဂျာဂင်ကလော့က ပြန်လည်တုံ့ပြန်လာခြင်းဖြစ်သည်။ ယခုနှစ်တွင် လီဗာပူးအသင်း အောင်မြင်မှုရရှိမည်ဟု မန်ယူနည်းပြ မော်ရင်ဟိုက ပြောဆိုထားသလို ဂျာဂင်ကလော့ကလည်း မိမိတို့အသင်းအောင်မြင်မှုရရှိရန် အချိန်တန်နေပြီဖြစ်ကြောင်း ကြွေးကြော်ထားသည်။

# မက်ကွိုင်ရီကို ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူပေးရန် မော်ရင်ဟို တိုက်တွန်း

မန်ယူနည်းပြ မော်ရင်ဟိုက လက်စတာအသင်းမှ အင်္ဂလန်လက်ရွေးစင် နောက်ခံကစားသမား မက်ကွိုင်ရီကို ပေါင်သန်း ၆၀ ပေး၍ ခေါ်ယူပေးရန် အသင်းဒုဥက္ကဋ္ဌဖြစ်သူ အက်ဒ်ဝုဝတ်ဒ်ကို တိုက်တွန်းပြောကြားလိုက်သည်။

မက်ကွိုင်ရီသည် ပြီးခဲ့သည့် ဘောလုံးရာသီက လက်စတာအသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့သလို ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အင်္ဂလန်အသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ၎င်းကစားသမားကို ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် ကြိုးပမ်းလာကြခြင်းဖြစ်သည်။

ယခုအချိန်တွင် မက်ကွိုင်ရီကို မန်ယူအသင်းနှင့်အပြိုင် စပါး၊ မန်စီးတီး၊ လီဗာပူးနှင့် ချယ်လ်ဆီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ ထိုကဲ့သို့ အခြေအနေများတွင် မန်ယူအသင်းအနေဖြင့် မက်ကွိုင်ရီကို ပေါင်သန်း ၅၀ ဖြင့် ကနဦးကမ်းလှမ်းမှုပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုမရှိခြင်းကြောင့် ၎င်းကစားသမားအတွက် ပေါင်သန်း ၆၀ ပေး၍ ခေါ်ယူပေးရန် နည်းပြ မော်ရင်ဟိုက အသင်းတာဝန်ရှိသူကို တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

တခြားထွက်ပေါ်နေသည့် သတင်းတစ်ရပ်တွင် လက်စတာ နောက်ခံကစားသမား မက်ကွိုင်ရီသည် ပေါင် ၆၅ သန်းဖြင့် မန်ယူအသင်းသို့ပြောင်းရွှေ့ရန် အလွတ်သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်းနှင့် ၎င်းကစားသမားသည် မန်ယူအသင်းတွင် တစ်ပတ်လုပ်ခလစာ ပေါင် တစ်သိန်း ရရှိမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

လက်စတာ အသင်းကသာ မက်ကွိုင်ရီကို လက်လွှတ်သွားမည်ဆိုပါက ၎င်းကစားသမားသည် မန်ယူအသင်းသို့သာ ရောက်ရှိရန် နီးစပ်နေကြောင်း သတင်းများတွင် ထပ်မံဖော်ပြထားသည်။



ဟန်နေသစ် စုစည်းသည်

## ဘောလုံးလောက သတင်းတိုများ

- ချယ်လ်ဆီးအသင်းသည် ၎င်းတို့၏ တိုက်စစ်မှူး မိုရာတာကို ပေါင် ၆၂ သန်းဖြင့် အရောင်းဈေးကွက်ဖွင့်လိုက်ပြီး အဆိုပါကစားသမားကို အီတလီစီးရီးအေကလပ် အေစီမီလန်က ခေါ်ယူသွားရန် နီးစပ်နေကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းမှ ထွက်ခွာသွားသော စီရိုနယ်ဒို၏ နေရာတွင် အစားထိုးနိုင်ရန် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး ကာဗာနီကို ကမ်းလှမ်းမှုပြုလုပ်သွားတော့မည်ဖြစ်ကြောင်း အေအက်စ် သတင်းစာတွင် ဖော်ပြထားသည်။

# ပီအက်စ်ဂျီအသင်းတွင် တိုက်စစ်မှူး အမ်ဘတ်ပီ ကျောနံပါတ်(၇) ဝတ်ဆင်မည်



ပီအက်စ်ဂျီအသင်းမှ လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီသည် ယခုနှစ်ရာသီတွင် ကျောနံပါတ်(၇) ဂျာစီကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း အသင်းဝက်ဘ်ဆိုက်က ကြေညာလိုက်သည်။

အမ်ဘတ်ပီသည် ပြီးခဲ့သည့် ဘောလုံးရာသီက မိုနာကိုအသင်းမှ ပီအက်စ်ဂျီအသင်းသို့ အငှားလာရောက်ကစားနေရာမှ ပီအက်စ်ဂျီအသင်းက ၎င်းကစားသမားကို ပေါင် ၁၆၈ သန်းဖြင့် အပြီးခေါ်ယူလိုက်ခြင်း ဖြစ်သည်။




အမ်ဘတ်ပီသည် ပြီးခဲ့သည့်ရာသီက ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ် (၂၉)ကို ဝတ်ဆင်ကစားခဲ့ခြင်းဖြစ်သည်။ အသက်(၁၉)နှစ်သာရှိသေးသည့် အမ်ဘတ်ပီကို ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း ပီအက်စ်ဂျီအသင်းက ပြတ်ပြတ်သားသားငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်းဆုံး လူငယ်ကစားသမားဆု ရရှိထားသည့် အမ်ဘတ်ပီသည် ရာသီသစ်တွင် ပီအက်စ်ဂျီအသင်း၌ တိုက်စစ်မှူး ကာဗာနီ၊ နေမာတို့နှင့် တွဲဖက်၍ ကစားရမည်ဖြစ်သည်။ အမ်ဘတ်ပီက 'ပီအက်စ်ဂျီလို အသင်းမျိုးမှာ နံပါတ်(၇) ဝတ်ဆင်ကစားခွင့်ရတာကို ကျွန်တော် များစွာဂုဏ်ယူမိပါတယ်။ အသင်းအတွက် အကောင်းဆုံးပေးဆပ်ကစားရင်းနဲ့ အောင်မြင်မှုပန်းတိုင်သစ်ကို စိုက်ထူသွားနိုင်ဖို့ ရည်မှန်းထားပါတယ်'ဟု ပြောကြားခဲ့သည်။



# ဘရာဇီးအသင်းနည်းပြ တိုင်တီ အသင်းနှင့် လေးနှစ်သက်တမ်းတိုး စာချုပ် ချုပ်ဆို

ဘရာဇီးအသင်းနည်းပြ တိုင်တီသည် အသင်းနှင့် လေးနှစ်သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုစာချုပ်သစ်အရ နည်းပြ တိုင်တီသည် ဘရာဇီးအသင်းတွင် ၂၀၂၂ ခုနှစ်အထိ ရှိနေတော့မည်ဖြစ်သည်။

ဘရာဇီးအသင်းသည် ပြီးခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဖြစ်ရန် ရေပန်းအစားဆုံးဖြစ်ခဲ့သော်လည်း ကွာတားဖိုင်နယ်တွင် ဘယ်လ်ဂျီယံအသင်းကို ၂-၁ ဂိုးဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ သို့သော် နည်းပြတိုင်တီအပေါ် ယုံကြည်မှုရှိစွာဖြင့် ဆက်လက်ပြီးလက်တွဲသွားရန် ဆုံးဖြတ်ကာ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

နည်းပြတိုင်တီက 'စာချုပ်သစ်က ကျွန်တော့်အတွက် စိန်ခေါ်မှုအသစ်တစ်ခုပါ။ ဘရာဇီးအသင်းနဲ့ စာချုပ်သက်တမ်းတိုးနိုင်ခဲ့လို့ ကျွန်တော် များစွာပျော်ရွှင်ရပါတယ်။ လာမယ့်ပြိုင်ပွဲတွေအတွက်လည်း အကောင်းဆုံးပြင်ဆင်ပြီး အောင်မြင်မှုရရှိအောင် ကျွန်တော် ကြိုးစားသွားမှာပါ' ဟုပြောကြားခဲ့သည်။

အသက်(၅၇)နှစ်ရှိနည်းပြတိုင်တီသည် အသင်းအပြောင်းအလဲ အများဆုံးနည်းပြတစ်ဦးဖြစ်ပြီး ၎င်းသည် ဘရာဇီးအသင်းကို ၂၀၁၆ ခုနှစ်က စတင်ကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။ ယခုစာချုပ်သစ်ကြောင့် တိုင်တီသည် ၂၀၂၂ ခုနှစ် ကာတာနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းကို ဆက်လက်ကိုင်တွယ်ခွင့် ရရှိဦးမည်ဖြစ်သည်။

# မြန်မာ့ပေါ်ဆန်း၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာ မျှော်မှန်းချက်

**ယခင်တစ်ပတ်မှအဆက်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုမြို့နယ်တွင် ရွှေဘိုပေါ်ဆန်းမွှေးစပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်း(ဗဟို) နှင့် ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်နှင့် ဒီပဲယင်းမြို့နယ်များတွင် မြို့နယ်အသင်းကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်တွင် ပေါ်ဆန်းဘေးကြား စိုက်ပျိုးထုတ်လုပ်သူအစုအဖွဲ့နှင့် ငပုတောမြို့နယ် ဧရာဝတီပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်သူအစုအဖွဲ့များကို ဖွဲ့စည်းထားတာကို တွေ့ရပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၅ ခုနှစ်မှစ၍ ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်သူများအသင်း အဆင့်ဆင့်ဖွဲ့စည်းနိုင်မှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရမှာဖြစ်ပါတယ်-

**ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းထားရှိမှု (၂၀၁၅ ခုနှစ်)**

| စဉ် | မြို့နယ် | ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အလုပ်အမှုဆောင် ဦးရေ | အစုအဖွဲ့ ဦးရေ | အသင်းသား ဦးရေ | အသင်း ဖွဲ့စည်းသည့်နေ့ | |
| ၁ | ရွှေဘို | ၂၁ | ၅၅ | ၅၆၃ | ၂၁ ၊ ၂ ၊ ၂၀၁၅ | |
| ၂ | ဝက်လက် | ၂၁ | ၃၁ | ၃၁၁ | ၁၁ ၊ ၂ ၊ ၂၀၁၅ | |
| ၃ | ခင်ဦး | ၁၅ | ၅၈ | ၅၅၂ | ၁၇ ၊ ၂ ၊ ၂၀၁၅ | |
| ၄ | ရေဦး | ၁၇ | ၁၉ | ၂၅၆ | ၅ ၊ ၂ ၊ ၂၀၁၅ | |
| ၅ | တန့်ဆည် | ၁၅ | ၁၂ | ၁၂၀ | ၇ ၊ ၂ ၊ ၂၀၁၅ | |
| ၆ | ဒီပဲယင်း | ၁၅ | ၁၂ | ၁၁၅ | ၂၃ ၊ ၄ ၊ ၂၀၁၅ | |

**ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်သူများအသင်း ပြင်ဆင်ဖွဲ့စည်းထားရှိမှု (၂၀၁၇ ခုနှစ်)**

| စဉ် | မြို့နယ် | ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အလုပ်အမှုဆောင်ဦးရေ | အသင်းသား ဦးရေ | အသင်းဖွဲ့စည်း သည့်နေ့ | |
| ၁ | ရွှေဘို | ၂၁ | - | ၂၇ ၊ ၁၁ ၊ ၂၀၁၇ | ခရိုင်အသင်း |
| ၂ | ရွှေဘို | ၂၁ | ၂၁ | ၁ ၊ ၉ ၊ ၂၀၁၇ | မြို့နယ်အသင်း |
| ၃ | ဝက်လက် | ၂၁ | ၅၄ | ၂၄ ၊ ၁၁ ၊ ၂၀၁၇ | မြို့နယ်အသင်း |
| ၄ | ခင်ဦး | ၅ | ၅ | ၂၁ ၊ ၇ ၊ ၂၀၁၇ | မြို့နယ်အသင်း |
| ၅ | ရေဦး | ၁၇ | ၁၇ | ၁၄ ၊ ၆ ၊ ၂၀၁၇ | မြို့နယ်အသင်း |
| ၆ | တန့်ဆည် | ၁၃ | ၁၃ | ၁၉ ၊ ၆ ၊ ၂၀၁၇ | မြို့နယ်အသင်း |
| ၇ | ဒီပဲယင်း | ၅ | ၅ | ၂၀ ၊ ၇ ၊ ၂၀၁၇ | မြို့နယ်အသင်း |

၂၀၁၈ခုနှစ်၊ ဇွန်လ(၅)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံး၌ ရွှေဘိုပေါ်ဆန်းစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ ရွှေဘိုပေါ်ဆန်းရရှိရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပြီး ဗဟိုအလုပ် အမှုဆောင်အဖွဲ့ကိုလည်း အောက်ဖော်ပြပါအတိုင်း ရွေးချယ်ခဲ့ကြပါတယ် -

**ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ဗဟို) အလုပ်အမှုဆောင်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းထားရှိမှု (၂၀၁၈ ခုနှစ်)**

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးကျော်သူသောင်းစိန် | စိန်ငါးပွင့်ဆန်စက် (ဝက်လက်) | ဥက္ကဌ | ၀၉-၇၈၆၁၀၀၁၀၀ |
| ၂ | ဦးစိုးတင့် | တောင်သူ(ရွှေဘို) | ဒု-ဥက္ကဌ(၁) | ၀၉-၅၂၇၅၆၈၅ |
| ၃ | ဦးဘသင်း | ဆန်စက်(ရွှေဘို) | ဒု-ဥက္ကဌ(၂) | ၀၉-၅၁၃၇၀၅၁ |
| ၄ | ဦးကျော်နိုင် | သီဂီဆန်စက်(ရွှေဘို) | အတွင်းရေးမှူး | ၀၉-၅၁၁၁၀၃၉ |
| ၅ | ဦးကျော်လင်းခိုင် | ဆန်စက်ပိုင်(ဝက်လက်) | တွဲအတွင်းရေးမှူး | ၀၉-၂၀၃၅၃၅၁ |
| ၆ | ဦးကျော်စွာထက် | ဆန်စက်ပိုင်(ဝက်လက်) | ဘဏ္ဍာရေးမှူး(၁) | ၀၉-၇၉၀၄၂၀၇၇၄ |
| ၇ | ဦးဖြိုးသူရ | မွန်မွန်ဆန်စက်(ရွှေဘို) | ဘဏ္ဍာရေးမှူး(၂) | ၀၉-၄၀၀၄၆၀၆၇၄ |
| ၈ | ဦးလှမြင့် | ဆန်ကုန်သည်(ရေဦး) | စာရင်းစစ်(၁) | ၀၉-၂၅၆၃၀၅၆၂၂ |
| ၉ | ဦးရွှေမောင် | တောင်သူ(ရွှေဘို) | စာရင်းစစ်(၂) | ၀၉-၆၄၆၁၀၉၈ |
| ၁၀ | ဦးပေါက်လဲဝင်း | ဆန်စက်ပိုင်(ခင်ဦး) | စာရင်းစစ်(၃) | ၀၉-၂၀၁၆၁၀၀ |
| ၁၁ | ဦးစိုးလွင် | ပွင့်လန်းဆန်ပွဲရုံ(ရွှေဘို) | အဖွဲ့ဝင် | ၀၉-၂၁၀၀၁၉၇ |
| ၁၂ | ဦးဝင်းရွှေ | ယုဇနဆန်စက်(ရွှေဘို) | အဖွဲ့ဝင် | ၀၉-၆၄၆၀၃၉၉ |
| ၁၃ | ဦးတင့်လွင်ဦး | ခင်ဦး | အဖွဲ့ဝင် | ၀၉-၇၉၄၀၀၃၇၇၉ |
| ၁၄ | ဦးမြင့်နိုင် | ဆန်စက်ပိုင်ရှင်(ဝက်လက်) | အဖွဲ့ဝင် | ၀၉-၅၀၀၇၇၁၀ |
| ၁၅ | ဦးညွန့်ဝင်း | ဆန်စက်ပိုင်ရှင်(ဝက်လက်) | အဖွဲ့ဝင် | ၀၉-၇၉၄၀၂၄၅၄၆ |
| ၁၆ | ဦးဇော်မျိုးနိုင် | ရေဦး | အဖွဲ့ဝင် | ၀၉-၇၉၂၉၉၉၆၄၄ |
| ၁၇ | ဦးကျော်လွင် | ဆန်စက်ပိုင်ရှင်(တန့်ဆည်) | အဖွဲ့ဝင် | ၀၉-၇၉၄၀၂၃၄၄၅ |
| ၁၈ | ဦးရန်နိုင်ထွန်း | တန့်ဆည် | အဖွဲ့ဝင် | ၀၉-၇၉၂၃၉၄၅၁၅ |
| ၁၉ | ဦးလှညွန့် | ဒီပဲယင်း | အဖွဲ့ဝင် | ၀၉-၂၅၆၀၄၇၉၁၂ |
| ၂၀ | ဦးချစ်ဝင်း | ဒီပဲယင်း | အဖွဲ့ဝင် | ၀၉-၂၅၆၁၉၈၈၂၂ |
| ၂၁ | ဦးဘိုမြင့်မိုရ်စိုး | ကန့်ဘလူ(ဇီးကုန်း) | အဖွဲ့ဝင် | ၀၉-၄၀၀၄၂၈၄၀၁ |
| ၂၂ | ဦးမင်းမင်းဇော် | ကန့်ဘလူ | အဖွဲ့ဝင် | ၀၉-၄၄၀၀၀၀၁၈၈ |
| ၂၃ | ဦးလှသောင်း | ကန့်ဘလူ | အဖွဲ့ဝင် | |

## DOCA(Domestic)

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲတွင် အသင်း(ဗဟို)ဥက္ကဌ ဦးကျော်သူသောင်းစိန်က အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သွားပါက စံချိန်စံညွှန်းပြည့်ဝသည့် ရွှေဘိုပေါ်ဆန်းအရည်အသွေးကို ဆက်လက်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ပါတယ်-

(က) တောင်သူများအနေဖြင့် ရွှေဘိုဒေသနှင့် ကိုက်ညီသည့်ပေါ်ဆန်းမျိုးကောင်းမျိုးသန့်များကိုသာ စိုက်ပျိုးရန်။

(ခ) တောင်သူများအနေဖြင့် မျိုးသန့်ခြံများမှ မျိုးစေ့များကိုသာ ရွေးချယ်စိုက်ပျိုးရန်။

(ဂ) တောင်သူများအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းအတိုင်း စိုက်ပျိုးရန်။

(ဃ) ထုတ်လုပ်ရောင်းချသူများအနေဖြင့်လည်း GI စံချိန်စံညွှန်းအတိုင်း ထုတ်လုပ်ရန်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်ကတည်းက ပြင်သစ်နိုင်ငံနှင့် ပူးပေါင်း၍ ဒေသဆိုင်ရာ အညွှန်းအကာအကွယ်ပေးရေး အထောက်အပံ့များရရှိစေရေး ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။GI ရရှိရေးအတွက် ပရောဂျက်စတင်လုပ်ဆောင်ခဲ့ပြီး ရရှိလာသော Result ထဲမှ မြန်မာနိုင်ငံတွင် ရွှေဘိုပေါ်ဆန်းကို GI ရရှိရန် ရွေးချယ်ဆုံးဖြတ်ခဲ့ကြပါတယ်။ ပြင်သစ်ပညာရှင်(၂)ဦးမှာ အရှေ့တောင်အာရှတွင် GI ရရှိရေးအတွက် အနှစ်(၂၀)ခန့် ကြိုးစားလာခဲ့သည့် အတွေ့အကြုံများရှိသဖြင့် ရွှေဘိုပေါ်ဆန်း GI ရရှိရေးတွင် ပူးပေါင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ **ဆက်လက်ဖော်ပြပါမည်။**

---

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

■ ရွှေစင်ဦး ■

**(ယခင်တစ်ပတ်မှအဆက်)**

၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁ ရက်မှစတင်၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁ ရက် နောက်ဆုံးထားပြီး ကော်မရှင်သည် အကျိုး ခံစားရသည့်နိုင်ငံများက တင်ပို့သူများအား မှတ်ပုံတင်သည့်စနစ် ကျင့်သုံးရန် ပြင်ဆင်ထားမှုအခြေအနေကို စစ်ဆေးမည်ဖြစ်သည်။ ကော်မရှင်သည် လိုအပ်သည့် ကိုက်ညီမှုများကို အဆိုပြုပေးမည်ဖြစ်သည်။ ဤစနစ်ကို ၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော်နိုင်မည်မဟုတ်သည့် အကျိုးခံစားရသည့် နိုင်ငံများသည် အီးယူကော်မရှင်အား ၂၀၁၆ ခုနှစ်၊ ဇူလိုင် နောက်ဆုံးထား၍ အသိပေးအကြောင်းကြားရမည်ဖြစ်ပြီး နောက်ဆုံးသတ်မှတ်ရက်ကို တိုးပေးရန် မေတ္တာရပ်ခံနိုင်သည်။ အီးယူ၏ စည်းမျဉ်းစည်းကမ်းက ရက်တိုးပေးမှုကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်ထိခွင့်ပြုထားသည်။

တစ်ဖက်တွင် ဤစနစ်သည် အကောင်အထည်ဖော်ရသည့် အာဏာပိုင်များအတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်လာမည်ဖြစ်ပြီး အခြားတစ်ဖက်တွင်မူ မှတ်ပုံတင်ပြီးသည့် တင်ပို့သူများအတွက် လွယ်ကူချောမွေ့မှုရှိလာမည်ဖြစ်သည်။ အရေးကြီးသည်မှာ ဤစနစ်ကျင့်သုံးလိုက်သည့်အတွက် သက်ဆိုင်ရာ တင်ပို့သောနိုင်ငံမှ အာဏာပိုင်များအနေဖြင့် ပင်ရင်းသက်သေ ခံလက်မှတ်များကို ထုတ်ပေးခြင်းမှ သက်သာစေမည်ဖြစ်သည်။ သို့သော် အာဏာပိုင်များအနေဖြင့် စုံစမ်းစစ်ဆေးရမည့်ကိစ္စရပ်နှင့် ပတ်သက်၍ အထောက်အကူပေးရန် အီးယူအာဏာပိုင်များမှ ပန်ကြားတောင်းဆိုခြင်းမျိုး ရှိလာနိုင်သည်။ ဥပမာ- မြန်မာပို့ကုန်တင်ပို့သူတစ်ဦးက ပြုလုပ်ထားသည့် ပင်ရင်းဒေသဖော်ပြချက်တစ်ခု၏ တိကျမှုအပေါ် အီးယူ အာဏာပိုင်များက သံသယရှိသည့်အခါမျိုးဖြစ်သည်။ အရည်အချင်းပြည့်ဝသောအာဏာပိုင်များသည် ထုတ်ကုန်များ၏ ပင်ရင်း ပင်ရင်းအခြေအနေကို သက်သေပြနိုင်ရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စတင်ကာ ပို့ကုန်တင်ပို့သူများကို ပုံမှန်ထိန်းချုပ်ခြင်းမျိုးလည်း ဆောင်ရွက်နိုင်သည်။

အကောင်အထည်ဖော်သည်ဖြစ်စေ မဖော်သည်ဖြစ်စေ REX စနစ်သည် ကုန်ပို့လွှာများ သို့မဟုတ် အခြားသော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စာရွက်စာတမ်းပေါ်တွင် ပင်ရင်းထုတ်ကုန်ဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်ကြေညာသည့် ယခင်နည်းလမ်းဟောင်း နေရာ၌ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ စတင်ကာ အစားထိုးဆောင်ရွက်သွားမည် ဖြစ်သည်။သို့သော် မှတ်ပုံတင်ထားခြင်းမရှိသေးပါက ယခင်က ကုန်ပို့လွှာ ကြေညာချက်တွင် ရှိခဲ့သည့်အတိုင်း ပင်ရင်းထုတ် ကုန်ဖော်ပြချက်တွင် တူညီသည့် ကုန်တန်ဖိုး ကန့်သတ်ချက်ရှိမည်ဖြစ်သည်။ (ဆိုလိုသည်မှာ စီးပွားဖြစ် တင်ပို့သူများအတွက် ယူရိုငွေ ၆၀၀၀)

**၄၊၃။ ဥရောပရှိ GSP RoO အရ ပူးပေါင်းဆောင်ရွက်ခြင်း**

ဥရောပသမဂ္ဂ၊ ဆွစ်ဇာလန်၊ နော်ဝေနှင့် နောက်ပိုင်းတွင် တူရကီနိုင်ငံတို့သည် အောက်ပါတို့ကို သဘောတူထားသည်-

- ♦ သက်ဆိုင်ရာ GSPs အတွက် တူညီသော ပင်ရင်းနိုင်ငံစည်းမျဉ်းများကို အသုံးချရန်နှင့်
- ♦ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကောက်ခွန်ဌာနတစ်ခုစီက သတ်မှတ်ထားသည့် ပင်ရင်းသက်သေများကို အသိအမှတ်ပြုရန် (ပုံစံ A အားအစားထိုးခြင်းဟု ခေါ်ဆိုနိုင်သည်)

အကျိုးဆက်အနေဖြင့် မြန်မာပို့ကုန်တင်ပို့သူများသည် အောက်ပါတိုးတက်မှုများမှ အကျိုးကျေးဇူးရရှိနိုင်သည်-

- ♦ အီးယူတွင် ပင်ရင်းအခြေအနေအား အသိအမှတ်ပြုခြင်းသည် နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံတို့၌လည်း တရားဝင်တည်မြဲသည်။
- ♦ ယခင်ဖော်ပြခဲ့သည့်အတိုင်း အီးယူ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံတို့မှ ပစ္စည်းများဖြင့် တိုးတက်ကောင်းမွန်သော ပေါင်းစပ်တွက်ချက်မှုများ ပြုနိုင်ဖွယ်ရှိလာစေသည်။

(ကိုးကား။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံ ဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်) **ဆက်လက်ဖော်ပြပါမည်။**

# ,efjynf ,fukdyjiriforpfopDkdyfsK;d&;vkyfief;zGHcJ/wkvuf&;pDeuf

**(ယခင်တစ်ပတ်မှအဆက်)**

စပျစ်သီးကို မီလဲ့မြို့နှင့် တယ်ချင်းမြို့တွင် အဓိကထား၍ လက်ရှိ အခြေခံမှ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ခြင်း၊ ကုန်ချောလုပ်ငန်း တိုးချဲ့ခြင်း၊ လက်ရှိကုန်ချောလုပ်ငန်း၏ စက်ရုံနှင့် နည်းပညာကို တိုးချဲ့မြှင့်တင်ခြင်း၊ လုပ်ငန်း၏ စွမ်းဆောင်မှုများ တိုးချဲ့သွားမည် ဖြစ်သည်။ သစ်သီး ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းအမျိုးအစား များပြားအောင် ကုန်ထုတ်လုပ်ရေးကို အားပေးတိုက်တွန်းခြင်းဖြင့် သစ်သီးလုပ်ငန်း ကြာရှည်ခြင်း၊ ထုတ်ကုန်တန်ဖိုး တိုးမြှင့်ခြင်း စသည့် ကောင်းကျိုးများ ပေါ်ပေါက်လာမည် ဖြစ်ပါသည်။

**အဓိကလုပ်ဆောင်ချက်**

**မျိုးကောင်းမျိုးသန့် ဌာနတည်ဆောက်ခြင်း-** မျိုးကောင်းမျိုးသန့် ဌာနကို လျှင်မြန်စွာ တည်ဆောက်ပြီး လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်မည်။ ဈေးကွက်ရှိသော မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးရန် တိုက်တွန်း၍ သစ်သီးစိုက်ခင်း၏ မျိုးကောင်းမျိုးသန့်နှုန်းကို မြှင့်တင်သွားမည် ဖြစ်ပါသည်။

**စံချိန်ညီသော ထုတ်ကုန်ဌာန တည်ဆောက်ခြင်း-** အခြေခံ ထုတ်လုပ်ရေး စက်ကိရိယာများ ပြည့်စုံရန်၊ သိပ္ပံနည်းဖြင့် သုတေသနများနှင့် အကျိုးဖြစ်ထွန်းမှုများကို ပိုမိုကောင်းလာနိုင်ရန်၊ စံချိန်ညီသော ထုတ်လုပ်မှုနည်းပညာမြင့်မားအောင် တိုက်တွန်းရန်။

**အရည်အသွေး စစ်ဆေးကြီးကြပ်ရေးစနစ် တည်ဆောက်ခြင်း-** ဒေသအစိုးရကြီး ကြပ်ရေး မူဝါဒအရ ချမှတ်သော တာဝန်၊ ဌာနဆိုင်ရာ ကြီးကြပ်မှုနှင့် ထုတ်လုပ်ရေးဆိုင်ရာ တာဝန်များကို

**| ပြည့်ဖြိုးအောင် |**

သေချာစွာ ပြီးမြောက်နိုင်ရေး၊ ဒေသခံအစိုးရ အသီးသီးက သစ်သီး ထုတ်ကုန်၏ ကျန်းမာရေးနှင့် ညီညွတ်မှုတာဝန်ကို ယူမည်ဟု ပြတ်သားစွာ သိရသည်။ သစ်သီးထုတ်ကုန်များ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/မရှိကြီးကြပ်မှုကို နေ့စဉ် အရေးကြီးလုပ်ငန်းတွင် ထည့်သွင်းလုပ်ဆောင်မည်။ ဥပဒေအရ လယ်ယာထွက်ကုန် အမျိုးအစားကို စာရင်းသွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်းတို့ကို အစပိုင်းကတည်းက တင်းကြပ်စွာလုပ်ဆောင်သွားမည်။ လယ်ယာထွက်ကုန်များ စနစ်တကျ ရောင်းဝယ်နိုင်ရန် လုပ်ဆောင်မည်။ သစ်သီးထုတ်ကုန်များ တရားဝင်ရောင်းဝယ်နိုင်ရန် လုပ်ဆောင်မည်။ လတ်ဆတ်သော သစ်သီးနှင့် ကုန်ချောများ၏ စစ်ဆေးကြီးကြပ်မှုကို မြှင့်တင်သွားမည်။ သစ်သီးများ ထုတ်လုပ်သည့်နေရာ၊ သိုလှောင်သည့် နေရာ၊ သယ်ယူပို့ဆောင်ရေးအပိုင်းတို့ကို တိုးချဲ့ တည်ဆောက်မည်။ ပြည်နယ်တစ်ခုလုံး၏ သစ်သီးထုတ်လုပ်ရေး၊ ဝယ်ယူရေး၊ သိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေး စသည့်အပိုင်းများတွင် ပြဿနာရှိပါက အရင်းအမြစ်မှစ၍ ရှာဖွေ ဖော်ထုတ်သွားမည်။ သစ်သီး ထုတ်လုပ်ရေး၊ သစ်သီးကုန်ချော ထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးတို့တွင် ဥပဒေချိုးဖောက်မှုရှိပါက တိုင်ကြားသူကို ဆုချ စနစ်ပေးဆောင်သွားမည်ဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ ထုတ်လုပ်သူများသည် ဥပဒေနှင့်ညီညွတ်သော၊ ကျန်းမာရေးနှင့် ညီညွတ်သော ထုတ်ကုန်များထုတ်ရန် စသည့် အသိများ ရှိရမည်။

**ထုတ်လုပ်ရောင်းဝယ်ရေးစနစ်သစ်ဖန်တီးခြင်း**

လုပ်ငန်းနှင့်ပတ်သက်သော ဝန်ဆောင်မှုများ ပြန့်ပွားစေရန်၊ သင့်တော်သော ပမာဏရောင်းဝယ်ရေး တည်ဆောက်မှုရှိရန်၊ make-to-order စနစ် တိုးချဲ့ရန်။

**ကုန်ချောထုတ်လုပ်မှု နည်းပညာတိုးမြှင့်ခြင်း-** သစ်သီးများ ခူးယူပြီး ကုန်ချောထုတ်လုပ်မည်။ အရည်အသွေးကောင်းသော သစ်သီးများဖြင့် ဈေးနှုန်းများမြှင့်တင်မည်။ သိုလှောင်ရေးနှင့် ပတ်သက်သည့် စက်ပစ္စည်းများ အစုံအလင် ရှိရမည်။ လတ်ဆတ်အောင် သိုလှောင်နိုင်သော နည်းပညာကို တိုးမြှင့်ရမည်။ ထုတ်ကုန်ပစ္စည်းအဖြစ် ထုတ်လုပ်မှုတိုးမြှင့်ရမည်။ ပြည်နယ်အတွင်းရှိ သစ်သီးအမျိုးအစား ကုန်ချောထုတ်လုပ်မှု နည်းပညာကို အသုံးပြု၍ ထုတ်ကုန် တန်ဖိုးများ တိုးမြှင့်အောင် ဆောင်ရွက်ရမည်။

(က) စပျစ်ဝိုင် လုပ်ငန်းတိုးချဲ့လုပ်ကိုင်မည်။

(ခ) ပန်းသီး ရှာလကာရည်နှင့် ပန်းသီးဖျော်ရည် လုပ်ငန်း ကြီးမားအောင် လုပ်ဆောင်မည်။

(ဂ) အမျိုးအစားများပြားသော သစ်သီးများကို ကုန်ချော ထုတ်လုပ်မည်။

(ဃ) အရင်းအနှီးများသော၊ နည်းပညာမြင့်မားသော၊ ဖြန့်ချိရေး အားကောင်းသော လုပ်ငန်းကြီးများကို အားပေးပျိုးထောင်ကာ စပျစ်ဝိုင်၊ စပျစ်သီးဖျော်ရည်၊ ပန်းသီးဖျော်ရည်နှင့် ပန်းသီးရှာလကာဖျော်ရည် စသည့် ထုတ်ကုန်များ ထုတ်လုပ်ရေး လုပ်ငန်းတွင် ပါဝင်အောင်တိုက်တွန်းရမည်၊ သက်ဆိုင်ရာဌာန၊ တောင်သူ၊ စိုက်ပျိုးရေးဌာနများနှင့် ပူးပေါင်းကာကုန်ချော ထုတ်လုပ်မှုအပိုင်း တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဈေးကွက်ပို့ဆောင်ရေးစနစ်တည်ဆောက်ခြင်း**

ကုန်ထွက်ရာ ဒေသတွင် လက်ကားဈေးကွက်များ ဆောင်ရွက်ခြင်း၊ အအေးခံ ပို့ဆောင်ရေးစနစ် တည်ဆောက်ခြင်း၊ သစ်သီး အမျိုးအစားနှင့် ပတ်သက်၍ ကိုယ်စားလှယ်ပျိုးထောင်ခြင်း၊ ရောင်းဝယ်ရေး စနစ်သစ် ဖန်တီးခြင်း၊ ပြည်ပသို့ တင်ပို့သောစနစ် တည်ဆောက်ခြင်းတို့ဖြစ်သည်။

**ဒေသကိုယ်စားပြုအမှတ်တံဆိပ်ဖော်ဆောင်ခြင်း**

အစိမ်းရောင်၊ အော်ဂဲနစ်နှင့်ဒေသထွက်ကုန်သက်သေခံလက်မှတ် ထုတ်ပေးခြင်းကို တွင်ကျယ်အောင် ဆောင်ရွက်ခြင်း၊ သစ်သီး အမျိုးအစားများကို ခင်းကျင်းပြသခြင်း၊ ရောင်းချခြင်း၊ ပြပွဲများပြုလုပ်ခြင်း၊ ဒေသတံဆိပ်နှင့် လုပ်ငန်းတံဆိပ်ဟူ၍ တံဆိပ်နှစ်မျိုးကို အားပေးလုပ်ဆောင်စေခြင်းတို့ဖြစ်သည်။

**အစိမ်းရောင်သစ်သီးခြံများတည်ဆောက်ခြင်း**

သစ်သီး အမျိုးအစား စုံလင်စွာစိုက်ပျိုးခြင်း၊ အကျိုးအမြတ်များ ရရှိအောင် တိုးမြှင့်ပေးခြင်း၊ တောင်သူများ ဝင်ငွေတိုးစွာ ရရှိအောင် လုပ်ဆောင်ခြင်းတို့ဖြစ်သည်။ ပထမတစ်ချက်မှာ A stereoscopic cultivation model ကို သုသေတနပြုခြင်း၊ ဒုတိယတစ်ချက်မှာ Development model of breeding and recycling အသုံးပြုခြင်း၊ တတိယတစ်ချက်မှာ Agro Tourism ကို တိုးတက်အောင် ဆောင်ရွက်ခြင်းများ ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ကုန်သွယ်ရေးစစ်ပွဲနှင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းတို့ကြောင့် ရူပီးငွေတန်ဖိုးစံချိန်တင်နီးပါးသို့ ရောက်ရှိ၍ ကျဆင်းနိုင်ဖွယ်ရှိ

ပြီးခဲ့သည့်အပတ်က အမေရိကန်ဒေါ်လာနှင့်လဲလှယ်ရာ၌ အိန္ဒိယရူပီးငွေတန်ဖိုးမှာ စံချိန်တင်နီးပါးထိကျဆင်းခဲ့ရာ ကမ္ဘာ့ကုန်သွယ်ရေးစစ်ပွဲပြင်းထန်လာခြင်းနှင့် ရေနံစိမ်းဈေးနှုန်းများမြင့်တက်လာခြင်းတို့ကြောင့် ရူပီးငွေတန်ဖိုးမှာ လာမည့်နှစ်အထိ အားနည်းနိုင်သည်ဟု ပညာရှင်အချို့ကခန့်မှန်းထားကြောင်း သိရှိရသည်။

ယခုနှစ်တွင် အိန္ဒိယနိုင်ငံသည် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်မြင့်တက်လာပြီး အလျင်မြန်ဆုံးတိုးတက်နေသည့် စီးပွားရေးရှိသည့်နိုင်ငံတစ်ခုအဖြစ် ၎င်း၏နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ချိန်တွင် ရူပီးငွေဈေးနှုန်းမှာ ပြီးခဲ့သည့်အပတ်က တစ်ဒေါ်လာလျှင် ၆၉ ဒသမ ၀၉ အထိ စံချိန်တင်ကျဆင်းခဲ့ရာ ယခုနှစ်အတွင်း အာရှတွင် အခြေအနေအဆိုးရွားဆုံးငွေကြေးဖြစ်လာခဲ့ကြောင်း၊ လက်ရှိနှစ်အတွင်း၌ပင် ရူပီးငွေတန်ဖိုးမှာ ခုနစ်ရာခိုင်နှုန်းကျော်ထိ ကျဆင်းခဲ့ပြီးဖြစ်ကာ နေ့စဉ်နှင့်အမျှ မြင့်တက်လာနေသည့် ကုန်သွယ်ရေးစစ်ပွဲ အားပြိုင်မှုများနှင့်ရေနံစိမ်းဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် နိုင်ငံခြားငွေလိုငွေပိုမိုများပြားလာခြင်းအပေါ် စိုးရိမ်ပူပန်မှုများကြောင့် ရူပီးငွေကြေးအပေါ် ဖိအားများသက်ရောက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင်လ ၂ ရက်မှ ၅ ရက်အတွင်း ပညာရှင် ၄၅ ယောက်ထံ ကောက်ယူခဲ့သည့် စစ်တမ်းအရ ၂၅ ရာခိုင်နှုန်းခန့်က လာမည့် ၂၀၁၉ ခုနှစ် ဇွန်လတွင် ရူပီးငွေတန်ဖိုးမှာ တစ်ဒေါ်လာလျှင် ၆၈ ဒသမ ၉၀ ထိကျဆင်းနိုင်သည်ဟု အချို့ကခန့်မှန်းထားခဲ့ပြီး ဇူလိုင် ၄ ရက်တွင်ရှိခဲ့သည့် ၆၈ ဒသမ ၆၉ နှုန်းထက်ပင် အနည်းငယ်ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ စစ်တမ်းတွင်ပါဝင်ခဲ့သည့်ပညာရှင်များ၏ ၄၀ ရာခိုင်နှုန်းကျော်ကမူ ရူပီးငွေတန်ဖိုးမှာ ပြန်လည်အားကောင်းလာမည်ဟု ခန့်မှန်းထားပြီး ကျန်အချို့ကမူ ရူပီးငွေကြေးမှာ လက်ရှိနှုန်းထားဝန်းကျင်တွင် သာ ဆက်လက်ရှိနေမည်ဟု ခန့်မှန်းကြောင်း သိရှိရပါသည်။

ရူပီးငွေတန်ဖိုး ကျဆင်းခြင်းကြောင့် Khariff သီးနှံများအတွက် ဈေးနှုန်းတိုးမြှင့်ပေးမည့် အိန္ဒိယ၏ဘဏ္ဍာငွေ အရင်းအမြစ်ကိုလည်း ရိုက်ခတ်မှု ရှိနိုင်ကြောင်း သိရသည်။ သို့ရာတွင် အိန္ဒိယ ဗဟိုဘဏ်၏ တင်းကျပ်သည့်ငွေကြေးမူဝါဒသည် ရူပီးငွေတန်ဖိုးကို အထောက်အကူဖြစ်စေနိုင်ကြောင်း၊ ယခုနှစ်အတွင်း ဗဟိုဘဏ်သည် ၎င်း၏ အတိုးနှုန်းကို နှစ်ကြိမ်ထက်မကထပ် တိုးနိုင်ဖွယ်ရှိပြီး ရူပီးငွေတန်ဖိုးအား ကောင်းလာအောင် ထိန်းညှိဆောင်ရွက်ဖွယ်ရှိကြောင်း၊ ထိုမျှသာမက ယခုနှစ် ကျန်ရှိနေသည့်ကာလအတွင်း ရေနံစိမ်းဈေးနှုန်း ပြန်လည်ကျဆင်းရန် မျှော်မှန်းထားရာ လက်တွေ့ဖြစ်လာပါကလည်း ရူပီးငွေတန်ဖိုးပြန်လည် အားကောင်းလာနိုင်ဖွယ်ရှိသည်ဟု Capital Economics ၏ ဝါရင့် အိန္ဒိယ စီးပွားရေးပညာရှင် Shilan Shah က သုံးသပ်ထားကြောင်း သိရှိရပါသည်။ **ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့**

---

# ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်သွားရန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း (၆)ခု၏ ခေါင်းဆောင်များနှင့် ဂျာမန် အဓိပတိ Angela Merkel တို့မှ တိုက်တွန်းနှိုးဆော်

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ကုန်သွယ်မှုတို့အတွက် အထူးအရေးပါသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO)၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ (OECD)၊ ကမ္ဘာ့ဘဏ် (World Bank)၊ အာဖရိကဖွံ့ဖြိုးရေးဘဏ် (African Development Bank)တို့မှ ခေါင်းဆောင်များနှင့် ဂျာမန်အဓိပတိ Angela Merkel တို့သည် ဇွန်လ ၁၁ ရက်နေ့တွင် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

၎င်းတို့အနေဖြင့် လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများကို ဖြေရှင်းနိုင်ရန်နှင့်ရေရှည်တွင် တည်ငြိမ်မှုရှိသော ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်နိုင်ရေးအတွက် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြောင်း၊ လက်ရှိအချိန်တွင် အမေရိကန် ပြည်ထောင်စု၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး မူဝါဒများမှာ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ စည်းမျဉ်းများနှင့် သွေဖည်လျက်ရှိသည်ဟု ၎င်း၏ကုန်သွယ်ဖက်နိုင်ငံများမှ ယူဆလျက်ရှိပြီး အမေရိကန် ပြည်ထောင်စု၏ သဘောထားများကြောင့် ကမ္ဘာ့ကုန်သွယ်ရေး စစ်ပွဲအသွင်သို့ ကူးပြောင်းရောက်ရှိ နေပြီ ဖြစ်သည်ဟု သုံးသပ်ရပါကြောင်း၊ အခြားတစ်ဖက်မှလည်း အမေရိကန် ပြည်ထောင်စုအနေဖြင့်ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့မှ နုတ်ထွက်မည့် သဘောထားများကို အမေရိကန် သမ္မတမှ ဖွင့်ဟပြောဆိုထားကြောင်း သတင်းများ ကျယ်ပြန့်စွာ ထွက်ပေါ်လျက်ရှိပါကြောင်း၊ လက်ရှိ ဖြစ်ပေါ်နေသောအခြေအနေများကို ထိန်းသိမ်းသွားနိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်သွားရန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၆ ခု၏ခေါင်းဆောင်များနှင့် ဂျာမန် အဓိပတိ Angela Merkel တို့မှ ကမ္ဘာ့နိုင်ငံများနှင့် အဖွဲ့အစည်းများအား တိုက်တွန်းနှိုးဆော်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **ညီညီအောင်**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တောင်ကိုရီးယားအသေးစားစီးပွားရေးလုပ်ငန်းရှင်များက အစိုးရ၏အနိမ့်ဆုံးလစာသတ်မှတ်ချက်ကို ဆန္ဒပြ

တောင်ကိုရီးယားနိုင်ငံရှိ စီးပွားရေးလုပ်ငန်းငယ်များ၏ ပိုင်ရှင်များအနေဖြင့် အစိုးရ၏အနိမ့်ဆုံးလုပ်ခလစာမြှင့်တင်မည့်အစီအစဉ်ကို ဆန့်ကျင်ဆန္ဒပြကြရန် ဆုံးဖြတ်လိုက်ကြသည်။ ကိုရီးယားအနိမ့်ဆုံးလုပ်ခလစာကောင်စီတွင် အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်ရေးနှင့်ပတ်သက်၍ ၎င်းတို့ဆန္ဒသဘောထားကို တောင်းဆိုခဲ့ရာတွင် မဲစနစ်ဖြင့်ဆုံးဖြတ်ရာ၌ တောင်းဆိုချက်အရေးနိမ့်ခဲ့ပြီးနောက် အဆိုပါဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ အစိုးရကိုကိုယ်စားပြုသော ကိုရီးယားအနိမ့်ဆုံး လုပ်ခလစာကောင်စီအနေဖြင့် မဲပေးဆုံးဖြတ်ရာတွင် အလုပ်သမားများဘက်မှ ရပ်တည်မှုကိုပြသခဲ့သည်ဟုလည်း ဝေဖန်မှုများရှိနေသည်။ ကိုရီးယားအလုပ်သမားအသင်းချုပ်၊ ကိုရီးယား စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အပါအဝင် နိုင်ငံ၏အဓိကစီးပွားရေးဆိုင်ရာ အစုအဖွဲ့ခြောက်ခုတို့က လာမည့်နှစ်တွင် စက်ရုံများနှင့်လုပ်ငန်းများ ၏ အရွယ်အစားပေါ် မူတည်၍ မတူညီသည့် အနိမ့်ဆုံး လုပ်ခလစာသတ်မှတ်ခြင်းကို ဆောင်ရွက်သင့်ကြောင်းအခိုင်အမာ တိုက်တွန်းနှိုးဆော်ခဲ့သည်။



နိုင်ငံ၏ အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်ခြင်းနှင့်ပတ်သက်၍ တရားဝင်ဆိုင်းငံ့ထားသင့်ကြောင်း၊ အစိုးရကိုကိုယ်စားပြုသည့် အနိမ့်ဆုံးလုပ်ခလစာကောင်စီအနေဖြင့် နောက်ဆုံးဆုံးဖြတ်မဲပေးသည့်စနစ်ဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် အသေးစားလုပ်ငန်းငယ်များကို လျစ်လျူရှုသည့် သဘောဆောင်ခဲ့ကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်၍ အစိုးရမှဘက်လိုက်မှု ကင်းသည့်သဘောထားမျိုးရှိရန် နောက်ဆုံးအချိန်ထိ မျှော်လင့်နေမည်ဖြစ်ကြောင်း၊ ယခုအခါတွင် ကောင်စီနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများတွင် ၎င်းတို့အနေဖြင့် ပါဝင်တော့မည်မဟုတ်ကြောင်း၊ လာမည့်နှစ်တွင် အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်ချက်ကို အဆမတန်တိုးမြှင့်မည်ဆိုပါက အသေးစားစီးပွားရေးလုပ်ငန်းငယ်များစွာ ပိတ်သိမ်းရနိုင်ကြောင်း၊ သို့ဖြစ်ရာ လုပ်ငန်းအမျိုးအစားပမာဏပေါ် မူတည်၍ အနိမ့်ဆုံးလုပ်ခလစာကို ခွဲခြားသတ်မှတ်သင့်ကြောင်း၊ အထူးသဖြင့် အလုပ်သမားငါးဦးထက် နည်းသည့်လုပ်ငန်းငယ်များအတွက် တစ်မျိုးတစ်ဖုံခွဲခြားသတ်မှတ်သင့်ကြောင်း ကိုရီးယား အသေးစားလုပ်ငန်းများအသင်းချုပ်ကလည်း ၎င်းတို့၏ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်ကိုရီးယားအစိုးရအနေဖြင့် လာမည့် ၂၀၁၉ ခုနှစ်တွင် အနိမ့်ဆုံးလုပ်ခလစာကို တစ်နာရီလျှင် ဝမ် ၁၀၀၇၉ နှုန်းသတ်မှတ်ကာ ယခုနှစ်အနိမ့်ဆုံးလုပ်ခလစာနှုန်းထားထက် ၄၃ ရာခိုင်နှုန်းထပ်မံတိုးမြှင့်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခု ၂၀၁၈ ခုနှစ်တွင် အနိမ့်ဆုံးလုပ်ခလစာ တစ်နာရီလျှင် ဝမ် ၇၅၃၀ နှုန်းဖြစ်ပြီး ယမန်နှစ်တွင် တစ်နာရီလုပ်ခလစာနှုန်း ဝမ် ၆၄၇၀ မှ ၁၆ ဒသမ ၄ ရာခိုင်နှုန်း တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းသို့တိုးမြှင့်ပေးမှုအရှိန်အဟုန်သည် မြန်လွန်းပြီး အကျိုးဆက်အဖြစ် ဝင်ငွေနည်းပါးသည့် စီးပွားရေးလုပ်ငန်းငယ်လေးများကို အများဆုံးထိခိုက်စေကြောင်းလည်း ဝေဖန်မှုများရှိနေသည်။ အနိမ့်ဆုံးလုပ်ခလစာတိုးမြှင့်ပေးခြင်းသည် ပြည်သူလူထု၏အခြေခံဝင်ငွေတိုးတက်ရေးကို အထောက်အကူပြုသည်ဟု အစိုးရကဆိုသော်လည်း အလုပ်ရှင်များဘက်တွင်မူ အဆိုပါအချက်ကို အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ၂၀၁၈ ခုနှစ်ပထမသုံးလပတ်အတွင်း ထိုင်းနိုင်ငံ၏အလုပ်အကိုင်ရရှိမှုအခြေအနေ

ထိုင်းနိုင်ငံ၏စီးပွားရေး သည် ၂၀၁၈ ခုနှစ်ပထမသုံးလပတ်တွင် တိုးတက်မှုရရှိခဲ့သော်လည်း အလုပ်အကိုင်ရရှိမှုသည်သုံးလပတ်သုံးခုမြောက်အဖြစ်ဆက်လက်ကျဆင်းခဲ့သည်။ နည်းပညာတိုးတက်လာခြင်းသည် အလုပ်အကိုင်ကျဆင်းခြင်း၏ အဓိကအကြောင်းအရင်းဖြစ်ကြောင်းတွေ့ရှိရသည်။

ထိုင်းနိုင်ငံ၏ပြည်တွင်းအလုပ်အကိုင်ရရှိမှုသည် ၂၀၁၈ ခုနှစ် ပထမသုံးလပတ်အတွင်းတစ်နှစ်ထက်တစ်နှစ် သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ရာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးမဟုတ်သောကဏ္ဍများ၏ အလုပ်အကိုင်ရရှိမှုသည် ၂ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းလာ၍ ဖြစ်သည်။ ၂၀၁၈ခုနှစ်ပထမသုံးလပတ်အတွင်း စိုက်ပျိုး ရေးကဏ္ဍ၏ အလုပ်အကိုင်ရရှိမှုသည်မိုးလေဝသကောင်းမွန်၍ စိုက်ပျိုးရေလုံလောက်စွာ ရရှိခဲ့သဖြင့် ယမန်နှစ်ပထမသုံးလပတ်ထက် ခြောက်ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ကမ္ဘာ့စီးပွားရေးနှင့် ထိုင်းနိုင်ငံ၏စီးပွားရေးအခြေအနေသည်တိုးတက်မည့်အလားအလာကောင်းများရှိသော်လည်း ပြည်တွင်းအလုပ်အကိုင်ရရှိမှုအပေါ် ထင်ဟပ်စေမည်မဟုတ်ဘဲ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများ၏ အလုပ်အကိုင်ရရှိမှုသည် ဆက်လက်ကျဆင်းနေမည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏အလုပ်အကိုင်ရရှိမှုနှုန်းသည် ၂၀၁၇ ခုနှစ်၏ပထမသုံးလပတ်တွင် သုည ဒသမ ၆ ရာခိုင်နှုန်းနှင့်ဒုတိယသုံးလပတ်တွင် သုည ဒသမ ၄ရာခိုင်နှုန်းတိုးတက်ခဲ့သော်လည်းတတိယသုံးလပတ်တွင် ၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် စတုတ္ထသုံးလပတ်တွင် သုည ဒသမ ၆ ရာခိုင်နှုန်းဖြင့် တိုးတက်မှုနှုန်းနိမ့်ကျလာသည်။ အလုပ်အကိုင်ရရှိသူအရေအတွက်သည်၂၀၁၆ ခုနှစ်တွင် ၃၇ ဒသမ ၆၉ သန်းရှိရာမှ၂၀၁၇ ခုနှစ်တွင် ၃၇ ဒသမ ၄၅ သန်းသို့ သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ စုစုပေါင်းလုပ်သားအင်အားအခြေအနေမှာ ၂၀၁၇ ခုနှစ်တွင် ၃၈ ဒသမ ၁ သန်းရှိရာ ၂၀၁၆ ခုနှစ်၏လုပ်သားဦးရေထက် ၄၀၀၀၀၀ လျော့နည်းခဲ့ကြောင်းတွေ့ရှိရသည်။

၂၀၁၈ ခုနှစ် ပထမသုံးလပတ်တွင် စုစုပေါင်းလုပ်သားအင်အား ၃၈ ဒသမ ၁၄ သန်းရှိသည့် အနက် အမှန်တကယ်အလုပ်ရရှိသူဦးရေ ၃၇ ဒသမ ၃၆ သန်းရှိသည်။ ယခုနှစ် ပထမသုံးလပတ်တွင် တိုင်းပြည်စီးပွားရေးသည် ၄ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့သော်လည်းအလုပ်အကိုင်ရရှိမှုသည် ယခင်သုံးလပတ်များကဲ့သို့ နိမ့်ကျနေဆဲဖြစ်သည်။ အထူးသဖြင့် စိုက်ပျိုးရေးမဟုတ်သောကဏ္ဍများ၌ နည်းပညာတိုးတက်လာ၍အလုပ်အကိုင်ရရှိမှုကျဆင်းခြင်းဖြစ်ပြီး ပြည်တွင်းစွန့်ဦးတီထွင်လုပ်ငန်းများသည် ၎င်းတို့၏ကုန်ထုတ်လုပ်ငန်းများအတွက်နည်းပညာကိုပိုမိုအသုံးပြုလာကြပါသည်။ ၂၀၁၈ ပထမသုံးလပတ်အတွင်းအလုပ်အကိုင်ရရှိမှုသည် ဆောက်လုပ်ရေးကဏ္ဍ၌ ၁၁ ဒသမ ၈ ရာခိုင်နှုန်း၊ လက်လီလက်ကားကဏ္ဍ၌ ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်ကဏ္ဍ၌ ၁ ဒသမ ၃ ရာခိုင်နှုန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၌ ၃ ဒသမ ၂ ရာခိုင်နှုန်းအသီးသီးကျဆင်းခဲ့သည်။

ထိုင်းနိုင်ငံ၏အလုပ်လက်မဲ့ဦးရေသည်၂၀၁၆ ခုနှစ်တွင် ၃၇၈၀၀၀ ဦးရှိရာမှ၂၀၁၇ ခုနှစ်တွင် ၄၅၁၀၀၀ ဦးနှင့် ၂၀၁၈ ခုနှစ်ပထမသုံးလပတ် တွင် ၄၇၀၀၀၀ ဦးသို့ မြင့်တက်လာသည်။ ထိုင်းနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၁၈ ခုနှစ်ပထမသုံးလပတ်တွင် ၁ ဒသမ ၂၄ ရာခိုင်နှုန်းရှိသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေးအား ကာဇက်စတန်နိုင်ငံမှ လက်ခံကျင်းပရန် အဆိုပြု

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံ အစည်းအဝေးအား ကာဇက်စတန်နိုင်ငံမှ လက်ခံကျင်းပရန် အဆိုပြုလာကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အထွေထွေ ကောင်စီ၏ဥက္ကဋ္ဌမှအဖွဲ့ဝင်နိုင်ငံများသို့ မေ ၃၀ ရက်တွင် အသိပေးလာခဲ့ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အထွေထွေ ကောင်စီ၏ ဥက္ကဋ္ဌအနေဖြင့် ကာဇက်စတန် နိုင်ငံ၏ အဆိုပြုချက်နှင့်ပတ်သက်၍အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်လက် ဆွေးနွေးညှိနှိုင်းရန်ပြင်ဆင်လျက်ရှိကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ (၉) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံ အစည်းအဝေးအားအင်ဒိုနီးရှားနိုင်ငံမှ လည်းကောင်း၊ (၁၀) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံ အစည်းအဝေးအား ကင်ညာနိုင်ငံမှလည်းကောင်း၊ (၁၁) ကြိမ်မြောက်ဝန်ကြီးအဆင့် ညီလာခံ အစည်း အဝေးအား အာဂျင်တီးနားနိုင်ငံမှ လည်းကောင်း လက်ခံကျင်းပခဲ့ကြောင်း၊ (၁၂) ကြိမ် မြောက်ဝန်ကြီးအဆင့်ညီလာခံအစည်းအဝေးအား လက်ခံ ကျင်းပရန် လက်ရှိအချိန်အထိ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများအနက်အခြားနိုင်ငံများက အဆိုပြုထားခြင်း မရှိသေးဘဲ ကာဇက်စတန်နိုင်ငံမှ ဦးစွာ အဆိုပြုလာခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**ညီညီအောင်**

## ငွေကြေးဖောင်းပွမှုကို ထိန်းညှိရန်အတွက် အိန္ဒိယဗဟိုဘဏ် (RBI) က အတိုးနှုန်းထပ်တိုးဖွယ်ရှိ




အိန္ဒိယနိုင်ငံတွင် ငွေကြေးဖောင်းပွမှုကို ထိန်းညှိနိုင်ရန်အတွက် ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းကို ထပ်မံတိုး မြှင့်ဖွယ်ရှိသည်ဟု HSBC ၏ အစီရင်ခံ စာတစ်စောင်တွင် ဖော်ပြထားကြောင်း၊ အိန္ဒိယဗဟိုဘဏ်သည် ယခုလအစောပိုင်းတွင် လက်လီဈေးနှုန်းဖောင်းပွမှုနှုန်း ခန့်မှန်းချက်အား သုည ဒသမ ၃၀ ရာ ခိုင်နှုန်းခန့်တိုးမြှင့်ခဲ့ပြီး ၎င်း၏မူဝါဒနှုန်း ထား (Policy rate) ကိုမူမပြောင်းလဲဘဲ Key rate ကိုသာ သုည ဒသမ ၂၅ ရာခိုင်နှုန်းတိုးမြှင့်ကာ ၆ ဒသမ ၂၅ ရာခိုင်နှုန်းသို့ ပြောင်းလဲခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယဗဟိုဘဏ်အနေဖြင့် ၎င်း ၏အတိုးနှုန်းကို ထပ်မံတိုးမြှင့်နိုင်ဖွယ်ရှိသည်ဟု ကမ္ဘာ့ဘဏ္ဍာရေးဝန်ဆောင်မှု ကုမ္ပဏီကြီးများကလည်း ခန့်မှန်းထား ကြပြီး ရေနံဈေးနှုန်းကြီးမြင့်မှုသည် ကုန်သွယ်မှုညီမျှချက်အား ပိုမိုထိခိုက် စေပြီး ဈေးနှုန်းများအပေါ် ဖိအားသက် ရောက်မှုပြင်းထန်နေကြောင်း သုံးသပ်ထားပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# WHITE UNICORN Trading.,Ltd.

## White Unicorn Services



လူကြီးမင်းတို့၏ သွင်းကုန်နှင့်ထုတ်ကုန် ပစ္စည်းများကို
ရိုးရှင်း လျင်မြန်စွာဖြင့် အကောက်ခွန်အပိုင်း၊ ဆိပ်ကမ်းအပိုင်း
ထုတ်ယူဆောင်ရွက်ပေးပြီး လူကြီးမင်းတို့၏ စိတ်တိုင်းကျ
ဝန်ဆောင်မှု ပေးနေပါသည်။

လက်ရှိလုပ်ကိုင်နေသော လူကြီးမင်း၏ သွင်းကုန်၊ ထုတ်ကုန်
လုပ်ငန်းစဉ်များတွင် စိတ်တိုင်းကျမှု မရှိခဲ့ပါလျှင်
ကျွန်တော်တို့ White Unicorn Service
လုပ်ငန်းမှ လျင်မြန်သွက်လက်ပြီး အတွေ့အကြုံရှိသော
ဝန်ထမ်းများဖြင့် ကူညီဖြေရှင်းပေးပါရစေ။

No.106, 2nd floor, 39th Street, Lower Block, Kyauktada Township, Yangon, Myanmar
Hp : 09 49592083, 0973206575, 01370936, Email : wucorn.agent@gmail.com

Perfect Way

# Perfect Way Trading Co., Ltd.




Address : No.(50), First Floor, 39th , Kyauktada Township, Yangon, Myanmar.
Phone : 01-245445,09 421025126, 09 43074688,
Email : perfectwayny@gmail.com



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
MYAWADDY BANK LIMITED
စိတ်ချရသော
မြဝတီဘဏ်
လုံခြုံလျှို့ဝှက်
ဆောင်ရွက်မြန်မှန်
မြဝတီဘဏ်
လိုငွေ ကူညီ
မြဝတီ
Website : www.mwdbank.com.mm
MPU
JCB
UnionPay




JPM
CAR SALE CENTER
Email- jpmautocenter@gmail.com
Web: www.jpmmotors.com
FIFA WORLD CUP
RUSSIA 2018
အရည်အသွေး ကောင်းမွန်သော ကားအမျိုးအစားစုံ စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်ဖို့ ...
VEZEL
YARIS
အမှတ်(၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ (ဆွေထိုင်းစားသောက်ဆိုင်ရှေ့ ) Ph: 01 860 3921 ~ 22
HOT LINE
09 253008800

COMMERCE
INTERNATIONAL

## စင်ကာပူ၏ ဇွန်လကုန်ထုတ်လုပ်မှုတိုးတက်နှုန်း ၇ ဒသမ ၄ ရာခိုင်နှုန်းသို့ ရောက်ရှိ

စင်ကာပူနိုင်ငံ၏ ကုန်ထုတ်လုပ်မှုမှာ ဇွန်လက မြင့်တက်ခဲ့ရာ မူလခန့်မှန်းချက်ထက်ပိုခဲ့ပြီး လက်ရှိဖြစ်ပေါ်နေသော ကုန်သွယ်မှု စစ်ပွဲကို အံတုကျော်လွှားနိုင်ခဲ့ကြောင်း ဘစ်ဇနက်တိုင်းမ်သတင်းတွင် ဖော်ပြသည်။

စက်မှုလုပ်ငန်းထုတ်လုပ်မှုသည် ယခင်နှစ်ကထက် ၇ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ယခုတိုးတက်မှုမှာ လုပ်ငန်းအုပ်စုများအားလုံးတွင် တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း ဇူလိုင် ၂၆ ရက်က ထုတ်ပြန်သော စီးပွားရေးဖွံ့ဖြိုးမှု ဘုတ်အဖွဲ့၏ ကိန်းဂဏန်းအချက် အလက်များအရ သိရသည်။ ကုန်ချောထုတ်လုပ်မှု တိုးတက်မှုနှုန်းသည် အမြင့်ဆုံးရောက်ရှိခဲ့သည့် မေလတိုးတက်နှုန်း ၁၂ ဒသမ ၉ ရာခိုင်နှုန်းအောက် ရောက်ရှိခဲ့သော်လည်း စီးပွားရေးပညာရှင်များ တစ်ညီတစ်ညွတ်တည်း ခန့်မှန်းထားသော ၃ ဒသမ ၃ ရာခိုင်နှုန်းထက် ပိုမိုခဲ့သည်။

ရာသီအလိုက် အတက်အကျ မတည်ငြိမ်သော ဇီဝဆေးဝါးထုတ်လုပ်မှုကို ထည့်သွင်းတွက်ချက်ခြင်း မပြုပါက ဇွန်လကုန်ထုတ်လုပ်မှု တိုးတက်နှုန်းသည် နှစ်အလိုက် နှိုင်းယှဉ်ပါက ၅ ဒသမ ၉ ရာ ခိုင်နှုန်း တိုးတက်ခဲ့သည်။ ဇီဝဆေးဝါးကုန်ထုတ်လုပ်မှုလုပ်ငန်း၏ တိုးတက်မှုမှာ ၁၃ ဒသမ ၈ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။

သို့ရာတွင် အီလက်ထရွန်းနစ် လုပ်ငန်းအစုအဖွဲ့၏ အလားအလာမှာ မှေးမှိန်နေဆဲဖြစ်သည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ အခြား အီလက်ထရွန်းနစ် မော်လ်ဂျူးများနှင့် အစိတ်အပိုင်းများ၊ သတင်းအချက်အလက် ဆက်သွယ်ရေးနှင့် အီလက်ထရွန်းနစ် လူသုံးကုန်များ၏ ထုတ်လုပ်မှု တိုးတက်ခဲ့သဖြင့် ယခင်လက ထုတ်လုပ်မှု ဖွံ့ဖြိုးမှုနှုန်းမှာ ၁၈ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုလ ထုတ်လုပ်မှုမှာ ၇ ဒသမ ၁ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့သည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၏ ထုတ်လုပ်မှုမှာ ၁၀ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ယခင်လက ရှိခဲ့သော ၂၉ ရာခိုင်နှုန်းအောက်သို့ ကျဆင်းခဲ့ကြောင်း သိရသည်။



## အနိမ့်ဆုံးလုပ်ခအတွက် သမ္မတမွန်ဂျေးအင်း နိုင်ငံသားများနှင့် တွေ့ဆုံ

အစိုးရက ပြင်ဆင်ရန် သတ်မှတ်ထားသော အနိမ့်ဆုံးလစာ မြင့်တက်မှုကြောင့် ဂယက်ရိုက်ခံရသော စီးပွားရေး အခြေအနေများအတွက် တောင်ကိုရီးယား ပြည်သူများမှာ စိုးရိမ်ပူပန်မှု ဖြစ်ပေါ်ခဲ့ရသည်။ ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို နားထောင်ရန်အတွက် သမ္မတမွန်ဂျေးအင်းသည် ဇူလိုင် ၂၆ ရက်က အများပြည်သူနှင့် တွေ့ဆုံပွဲတစ်ရပ်ကို ကျင်းပခဲ့ကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

အထူးတွေ့ဆုံပွဲကို ဂွမ်ဟွာမွန်နယ်မြေ စားသောက်ဆိုင်တစ်ခုတွင် ညနေ ၇ နာရီတွင် စတင်ကျင်းပခဲ့သည်။ တွေ့ဆုံပွဲသို့ အလုပ်အကိုင် ရှာဖွေနေသူများနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းပိုင်ရှင်များ တက်ရောက်ခဲ့ကြောင်း သမ္မတရုံးမှ ချောင်ဝါဒေးက ပြောသည်။

"မကြာသေးမီက အနိမ့်ဆုံးလစာနဲ့ အလုပ်အကိုင်ရရှိရေးက ကြီးမားတဲ့ ပြဿနာတစ်ရပ်ဖြစ်လာပါတယ်။ ဒါကြောင့် ဒီကနေ့မှာ ကြိုတင်အကြောင်းကြားမှု မရှိဘဲ ကျွန်တော်ရဲ့ အလုပ်သမားတွေရဲ့ စကားသံကို နားထောင်ဖို့ ကျွန်တော် ရောက်လာတာဖြစ်ပါတယ်" ဟု သမ္မတကပြောကြောင်း ချောင်ဝါဒေးက ပြောသည်။

တက်ရောက်မည့်သူများကို ကြိုတင်ရွေးချယ်ထားခြင်း ဖြစ်သော်လည်း သမ္မတနှင့်တွေ့ဆုံရလိမ့်မည်ဟု နောက်ဆုံးအချိန်အထိ အသိမပေးဘဲ ထားကာ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ အဆိုပြုထားသော လုပ်ခတိုးမြှင့်မှု ကိစ္စကို အစိုးရဌာနဝန်ကြီးတစ်ဦးနှင့် တွေ့ဆုံဆွေးနွေးမည့် ကိစ္စအဖြစ် သူတို့ကို အသိပေးထားကြောင်း ချောင်ဝါဒေးက ပြောသည်။

လာမည့်နှစ်ဦးမှစ၍ လက်ရှိ အနိမ့်ဆုံးလုပ်ခ တစ်နာရီ ၇၅၃၀ ဝမ်ကို ၁၀ ဒသမ ၉ ရာခိုင်နှုန်း တိုးမြှင့်ကာ ဝမ် ၈၃၅၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၅) အထိ တိုးမြှင့်ပေးရန် အနိမ့်ဆုံးလုပ်ခကော်မရှင်က ဆုံးဖြတ်ပြီးနောက် ယခုတွေ့ဆုံပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

လုပ်ခတိုးမြှင့်ရန် အဆိုပြုချက်ကြောင့် အလုပ်သမားများအတွက် ကုန်ကျသော အသုံးစရိတ် မြင့်တက်လာမည်ကို အထူးသဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အပါအဝင် ပြည်တွင်း စီးပွားရေးလုပ်ငန်းများက များစွာ စိုးရိမ်ပူပန်လျက်ရှိသည်။ ယခုလစာတိုးမြှင့်မှုမှာ ယခုနှစ် နှစ်ဆန်းပိုင်းက လုပ်ခကို စံချိန်တင်နှုန်းဖြစ်သော ၁၆ ဒသမ ၄ ရာခိုင်နှုန်း မြှင့်တင်ပေးပြီးနောက် ထပ်မံတိုးရန်စီစဉ်ခြင်းဖြစ်သည်။

လုပ်ခမြင့်တက်မှုကြောင့် အသေးစား ကုမ္ပဏီများ အကြီးအကျယ် ထိခိုက်မည်ဖြစ်ရာ အထူးသဖြင့် အသေးစား ဈေးဆိုင်ရှင်များ ပါဝင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးကို ထိခိုက်နိုင်ကြောင်း ကျွမ်းကျင်သူအများစုက ပြောကြသည်။

လုပ်ခမြင့်တက်မှုသည် မူလခန့်မှန်းချက်ထက် နည်းနေသော်လည်း ထိုသို့ဆောင်ရွက်မှုအတွက် မွန်းက တောင်းပန်စကား ပြောကြားသည်။ ၂၀၁၉ ခုနှစ်အတွက် မြှင့်တင်ပေးရန် အဆိုပြုချက်သည် ၂၀၂၀ ပြည့်နှစ်တွင် တစ်နာရီ လုပ်ခလစာကိုဝမ် ၁၀၀၀၀ အထိပေးရန် သူပေးထားသော ကတိကို အကောင်အထည်ဖော်၍ ရနိုင်ဦးမည်မဟုတ်ကြောင်း သမ္မတက ပြောသည်။ အနိမ့်ဆုံး လုပ်ခတိုးမြှင့်ရေးသည် ဝင်ငွေက ဦးဆောင်သော စီးပွားရေးဖွံ့ဖြိုးမှုကို ရည်ရွယ်၍ မွန်းချမှတ်သော စီးပွားရေးမူဝါဒနှင့် ဆက်နွယ်ကြောင်း သိရသည်။

**စံမီအောင် စုစည်းသည်**

## ဖေ့စ်ဘုတ်စတော့ကျဆင်းမှုကြောင့် ဇူကာဘတ်အတွက် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံဆုံးရှုံး

ယခုနှစ်အတွင်း အကျိုးအမြတ်ကျဆင်းလိမ့်မည်ဟု ကုမ္ပဏီအမှုဆောင်တို့က ခန့်မှန်းထားပြီး နောက်တစ်နေ့ဖြစ်သော ဇူလိုင် ၂၉ ရက်တွင် ဖေ့စ်ဘုတ် အမှုဆောင်ချုပ် ဇူကာဘတ်၏ ငွေကြေးမှာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံကျော် ဆုံးရှုံးခဲ့ကြောင်းနှင့် ယခုကဲ့သို့ တစ်နေ့အတွင်း ကျဆင်းမှုမှာ အမေရိကန်ပြည်ထောင်စု စတော့ဈေးကွက်သမိုင်းတွင် အမြင့်မားဆုံးဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိ ဒေးဗစ်ပီနာသည် စတော့ဒိုင် လေ့လာဆန်းစစ်ရေးမှူးများနှင့် ပုံမှန်တွေ့ဆုံပွဲကျင်းပစဉ်က ကုမ္ပဏီ၏ အကျိုးအမြတ် ကျဆင်းမည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားပြီးနောက် စတော့ဒိုင်ပွဲစားလုပ်ငန်း ၁၆ ခုက ဖေ့စ်ဘုတ်အတွက် ဈေးနှုန်းရည်မှန်းချက်ကို လျှော့ချခဲ့သည်။

ဖေ့စ်ဘုတ်ကုမ္ပဏီသည် ပုဂ္ဂလိက လုံခြုံရေးနှင့် ကမ္ဘာ့သတင်းစီးဆင်းမှုတွင် ကုမ္ပဏီ၏ အခန်းကဏ္ဍအတွက် တစ်နှစ်ခန့် ကြိုးစားရုန်းကန်ကာ အခက်အခဲများကို ရင်ဆိုင်ခဲ့ရသည်။ ထိုသို့ ရင်ဆိုင်ခဲ့ရပြီးနောက်ပိုင်းတွင် ဖေ့စ်ဘုတ်သည် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရသည့် ယခုအဖြစ်အပျက်က ဝေါစထရီ ဈေးကွက်တွင် စိုးရိမ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။

ရှယ်ယာဈေးမှာ ၁၉ ရာခိုင်နှုန်း ကျဆင်းပြီးနောက် ရှယ်ယာတစ်စုလျှင် အမေရိကန်ဒေါ်လာ ၁၇၆ ဒသမ ၂၆ ရှိခဲ့သည့်အတွက် ကုမ္ပဏီ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ဘီလီယံ၁၂၀ ဆုံးရှုံးခဲ့သည်။ တစ်နည်းအားဖြင့် တွစ်တာ၏ ဈေးကွက်မတည်ငွေရင်း၏လေးဆနီးပါး ရှိခဲ့သည်။



ဖေ့စ်ဘုတ်၏ ဝင်ငွေကျဆင်းမှုကြောင့် ဇူလိုင် ၂၅ ရက်က ရှယ်ယာဈေးနှုန်းမှာ ကနဦးတွင် ကိုးရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သို့ရာတွင် ကုမ္ပဏီအမြတ်အစွန်း အလားအလာ ကျဆင်းမှုကို ကြေညာပြီး နောက်ပိုင်းတွင် ကုမ္ပဏီ၏ ရှယ်ယာတန်ဖိုးမှာ တစ်ဟုန်ထိုး ကျဆင်းခဲ့သည်။

ပုဂ္ဂိုလ်ရေး လုံခြုံမှုကို ကုမ္ပဏီက ကာကွယ်ပေးနေကြောင်း သုံးစွဲသူများ၏ ယုံကြည်မှုရှိလာစေရန်အတွက် လုံခြုံရေး အစီအစဉ်များအတွက် ငွေကြေးကို ပုံအောသုံးစွဲခဲ့ရသဖြင့် လွန်ခဲ့သည့်နှစ်က ဝင်ငွေ ၄၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည့် အပြင်ယခုနှစ် ဒုတိယသုံးလပတ်တွင်လည်း ၄၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

**Trash is not Garbage**
**အသုံးပြု၍မရသော အရာတိုင်းသည် အမှိုက်မဟုတ်ပါ။**